# ကြေးမုံ

The Mirror Daily

၁၉၅၇ ခုနှစ် ဇူလိုင် ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957


**ကပ်ငြိတွယ်တာမှုမရှိ**

လာကြကုန်လော့(ရတနာခုနစ်ပါးဖြင့်) ဆန်းကြယ်သော မင်းစီးရထားလျှင် ဥပမာရှိသော (အဝတ်တန်ဆာတို့ဖြင့်) ဆန်းကြယ်သော ဤခန္ဓာငါးပါးတည်းဟူသော လောကကို ရှုကြကုန်လော့။ ယင်းလောက၌ မိုက်သူတို့သည် ခန္ဓာငါးပါး၌ နစ်မြုပ်ကုန်၏။ ပညာရှိတို့အား ခန္ဓာငါးပါး ကပ်ငြိတွယ်တာမှု သည်မရှိ။

လောကဝဂ်(ဓမ္မပဒ-၁၇၁)


၁၃၈၂ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁၂ ရက်၊ ကြာသပတေးနေ့။ Thursday, 16 July 2020 ၁၀၀၇၅




# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က

## Covid နိုင်ပွဲ ပန်းတိုင်မရောက်မချင်း တက် မထောင်ကြပါစို့နဲ့ ဟု ရေးသားဖော်ပြ

နေပြည်တော် ဇူလိုင် ၁၅

**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က Covid နိုင်ပွဲ ပန်းတိုင်မရောက်မချင်း တက် မထောင်ကြပါစို့နဲ့ ဟု ၎င်း၏ ဖေ့စ်ဘွတ်စာမျက်နှာမှ ယနေ့တွင် ရေးသားဖော်ပြထားသည်။**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က မြန်မာနိုင်ငံရဲ့ မြို့ကြီး သုံးမြို့ကတော့ နေပြည်တော်၊ ရန်ကုန်နဲ့ မန္တလေးတို့ဖြစ်ပြီး မန္တလေးနဲ့ ရန်ကုန်က သူ့သမိုင်းနဲ့သူ၊ သူ့ဝိသေသတွေနဲ့သူဖြစ်ကြောင်း၊ နေပြည်တော်ကတော့ နောက်ရောက်အသစ်ကလေး (အသစ်ကြီးလို့လည်း) ပြောနိုင်ပါကြောင်း။

ယခု Covid ကာလမှာ သတိအထူးထားပြီး စီစဉ်ရတာကတော့ ရန်ကုန်အတွက် ဖြစ်ပါကြောင်း၊ လူဦးရေကလည်း အများဆုံး၊ ပြည်တွင်းရောဂါပြန့်ပွားမှုကလည်း အမြင့်မားဆုံးနေရာဖြစ်နေပါကြောင်း၊ ရောဂါအခြေအနေကြည့်ပြီး ဖြေလျှော့ပေးနိုင်တာတွေကို ဖြေလျှော့ပေးပါကြောင်း။

မန္တလေးအခြေအနေက ရန်ကုန်လောက် စိုးရိမ်စရာမရှိပေမဲ့ တိုင်းအစိုးရက စည်းမျဉ်းစည်းကမ်းများ ဂရုစိုက်ပြီး သတ်မှတ်ပါကြောင်း။

နေပြည်တော်က လူနေမှု မထူထပ်၊ လူဦးရေကလည်း မများတော့ ရန်ကုန်၊ မန္တလေးတို့လောက် ရောဂါအန္တရာယ်မများဘူးလို့ ပြောနိုင်ပေမဲ့ ပြည်ထောင်စုအစိုးရရုံးစိုက်ရာမြို့ဖြစ်လို့ အထူးသတိထားရပါကြောင်း၊ နိုင်ငံခြားမှ သံတမန်၊ ဧည့်သည်များ အသွားအလာတွေကလည်း ရှိသေးသည့်အတွက် အစိုးရစက်ယန္တရားကြီးလည်ပတ်မှု မထိခိုက်ရအောင် စည်းမျဉ်းစည်းကမ်းတွေ ချမှတ်ရပါကြောင်း။

အစပိုင်းမှာ မြို့ကြီးသုံးမြို့စလုံး ရောဂါအန္တရာယ်ကိုကြောက်ပြီး စည်းကမ်းလိုက်နာကြပါကြောင်း၊ နောက်တော့ တဖြည်းဖြည်း ပေါ့လာကြကြောင်း၊ သုံးမြို့ထဲမှာ နေပြည်တော်ကတော့ ပေါ့ဆမှုအနည်းဆုံးလို့ပြောရင် မျက်နှာလိုက်ရာများ ရောက်မလား။

ကောင်းတဲ့ ပြိုင်ဆိုင်မှုစိတ်ဓာတ်နဲ့ ကိုယ့်မြို့က စည်းကမ်းလိုက်နာတဲ့နေရာမှာ အတော်ဆုံးဆိုတာ ပြနိုင်အောင် ကြိုးစားကြပါ၊ Covid နိုင်ပွဲ ပန်းတိုင်မရောက်မချင်း တက် မထောင်ကြပါစို့နဲ့ ဟု ရေးသားထားသည်။

❖ **ကောင်းတဲ့ပြိုင်ဆိုင်မှုစိတ်ဓာတ်နဲ့ ကိုယ့်မြို့က စည်းကမ်းလိုက်နာတဲ့နေရာမှာ အတော်ဆုံးဆိုတာ ပြနိုင်အောင် ကြိုးစားကြ**


ကြေးမုံ ယနေ့ ဖတ်စရာ

**လူမှုအကျိုးပြုလုပ်ငန်းများ ဆောင်ရွက်စေရန် ရင်းနှီးမြုပ်နှံသူများအား ဆော်ဩမှုပြုခြင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်း၍ ကြီးကြပ်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိ**

ပြည်သူ့လွှတ်တော် စာမျက်နှာ » ၄

**တိုက်ပွဲရှောင်စခန်းများတွင် ကိုဗစ် -၁၉ ကာလ လိုအပ်ချက်များကို သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့များ၊ ဝန်ကြီးဌာနများ၊ အခြားဆက်စပ်ဌာန အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိ**

အမျိုးသားလွှတ်တော် စာမျက်နှာ » ၅

**အာဇာနည်ခေါင်းဆောင်ကြီး ဦးရာဇတ်**

ဆောင်းပါး စာမျက်နှာ » ၆


# ချင်းရွှေဟော်မြို့မှ နေရပ်ပြန်ပြည်သူ ၃၁ ဦးအား သက်ဆိုင်ရာဒေသများသို့ ထပ်မံလွှဲပြောင်းပို့ဆောင်

**ချင်းရွှေဟော် ဇူလိုင် ၁၅**

ချင်းရွှေဟော် မြန်မာ-တရုတ်နှစ်နိုင်ငံနယ်စပ်ဂိတ်မှ ဝင်ရောက်လာသော တရုတ်နိုင်ငံမှပြန်လာသည့် မြန်မာနိုင်ငံသား နေရပ်ပြန်ပြည်သူများကို ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့နယ် ချင်းရွှေဟော်မြို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းကော်မတီမှ ၎င်းတို့၏ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်များသို့ ပြန်လည်ရောက်ရှိနိုင်ရေးအတွက် စနစ်တကျ စီစဉ်လွှဲပြောင်းပို့ဆောင်ပေးလျက်ရှိရာ ယမန်နေ့ ညနေ ၆ နာရီတွင် နေရပ်ပြန်ပြည်သူ ၂၈ ဦးနှင့် ယနေ့ မွန်းလွဲ ၃ နာရီတွင် သုံးဦး စုစုပေါင်း ၃၁ ဦးတို့အား လားရှိုးမြို့သို့ ထပ်မံလွှဲပြောင်းပို့ဆောင်ပေးခဲ့သည်။

အဆိုပါ လွှဲပြောင်းပို့ဆောင်ပေးခဲ့သည့် နေရပ်ပြန်ပြည်သူ ၃၁ ဦးတွင် အမျိုးသား ၁၄ ဦး၊

**စာမျက်နှာ ၂၂ ကော်လံ ၅ သို့ ❐**




KBZ BANK

BEST BANK IN MYANMAR

Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

## ပြည်ထောင်စုအတွက် ငြိမ်းချမ်းရေးခရီး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ အရေးကြီးသောလုပ်ငန်းစဉ်တစ်ခုသည် ငြိမ်းချမ်းရေးဖြစ်သည်။ ငြိမ်းချမ်းရေးသည် ပြည်သူအားလုံး၏ မျှော်လင့်တောင့်တချက်ဖြစ်၍ ငြိမ်းချမ်းရေးခရီးပန်းတိုင်သို့ ချောမွေ့ဖြောင့်တန်းစွာတက်လှမ်းနိုင်ရန် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့် အဖြေရှာကြသည်။ အဖြေရှာရန်အတွက် ဘုမိနက်သန်နေရာမှန်သည် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁) ရာစုပင်လုံ ဖြစ်သည်။

ပြည်သူ့အစိုးရသည် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးကို နိုင်ငံတော်၏ ဦးစားပေးရည်မှန်းချက်ပန်းတိုင်အဖြစ် အကောင်အထည်ဖော်လျက်ရှိသည်။ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ -(၂၁) ရာစုပင်လုံ အစည်းအဝေးကို သုံးကြိမ်တိုင်တိုင် ကျင်းပနိုင်ခဲ့သည်။ တတိယအစည်းအဝေးကို ၂၀၁၈ ခုနှစ် ဇူလိုင်လ ၁၁ ရက်မှ ၁၆ ရက်နေ့အထိ ကျင်းပခဲ့ပြီး ဖက်ဒရယ်ပြည်ထောင်စုအတွက် အခြေခံမူများပင် ချမှတ်နိုင်ခဲ့သည်။ ထို့နောက် အကြောင်းအမျိုးမျိုးကြောင့် ပြည်ထောင်စုငြိမ်းချမ်းရေးဆိုင်ရာ တရားဝင်အစည်းအဝေးများ ရပ်ဆိုင်းသွားခဲ့ရသည်။

၂၀၁၉ ခုနှစ်နှင့် ၂၀၂၀ ပြည့်နှစ် နှစ်နှစ်တာကာလအတွင်း ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ -(၂၁) ရာစုပင်လုံ အစည်းအဝေး ပြန်လည်ကျင်းပနိုင်ရေးအတွက် အစိုးရအစုအဖွဲ့နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ အစုအဖွဲ့များအကြား တရားဝင်အစည်းအဝေးများနှင့် အလွတ်သဘော တွေ့ဆုံမှုပေါင်းများစွာကို အရှိန်အဟုန်မြင့်ကာ ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။ ၂၀၁၉ ခုနှစ် ဇန်နဝါရီလ ၈ ရက်နေ့က ပြုလုပ်သည့် JICM အစည်းအဝေးဆုံးဖြတ်ချက်အရ (၂၁)ရာစုပင်လုံ စတုတ္ထအစည်းအဝေးကို ၂၀၂၀ ပြည့်နှစ် ဧပြီလဆန်းပိုင်း၌ နောက်ဆုံးထားကျင်းပရန် ကြိုးပမ်းဆောင်ရွက်ခဲ့သည်။

သို့သော်လည်း ၂၀၂၀ ပြည့်နှစ် မတ်လအတွင်း၌ မမျှော်လင့်ဘဲ ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါ ကိုဗစ်-၁၉ သည် နိုင်ငံများသို့ ကူးစက်ပျံ့နှံ့လာခဲ့သည်။ လူစုလူဝေးရှောင်ရှားရေး ကျန်းမာရေးဆိုင်ရာ ကန့်သတ်ချက်အရ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကျင်းပရန်အတွက် အရှိန်အဟုန်ကောင်းစွာ ရရှိနေပြီဖြစ်သော ငြိမ်းချမ်းရေးဆွေးနွေးပွဲများလည်း အရှိန်အဟုန်လျော့ကျခဲ့ရသည်။ အရှိန်အဟုန်လျော့ကျသည်ဆိုသော်လည်း ငြိမ်းချမ်းရေးခရီးမှာ ရပ်တန့်မသွားပါ။ ကိုဗစ်-၁၉ ကာလမှာပင် နှစ်ဖက်အလုပ်အဖွဲ့များ အခက်အခဲများကြားမှ ကြိုးပမ်းအားထုတ်ခဲ့ကြသည်။ ဇူလိုင်လဆန်းက ကျင်းပခဲ့သည့် နိုင်ငံတော်အစိုးရနှင့် NCA လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ အစည်းအဝေးတွင် (၂၁) ရာစုပင်လုံ စတုတ္ထအစည်းအဝေးကို ဩဂုတ်လ ဒုတိယပတ် ၁၂၊ ၁၃၊ ၁၄ ရက်နေ့တို့တွင် ကျင်းပရန်လျာထားခဲ့သည်။

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁)ရာစုပင်လုံအစည်းအဝေးသည် ငြိမ်းချမ်းရေးညီလာခံ သက်သက်မဟုတ်ဘဲ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဆွေးနွေးညှိနှိုင်း အဖြေရှာနိုင်သည်ကို လက်တွေ့မှတ်ကျောက်တင် သက်သေပြမည့် နိုင်ငံရေးဆွေးနွေးပွဲဖြစ်သည်။ ငြိမ်းချမ်းရေး၏ အနှစ်သာရကို နှစ်ဖက်လက်နက်ကိုင်တပ်ဖွဲ့ဝင်များနှင့် ထိုလက်နက်ကိုင်နှစ်ဖွဲ့ကြားမှ ဒေသခံပြည်သူများ လိုလားကြသည်မှာ ယုံမှားသံသယဖြစ်ဖွယ်ရာမရှိပါ။ တစ်နည်းဆိုလျှင် ငြိမ်းချမ်းရေးကို အလိုချင်ဆုံးသည် လက်တွေ့ကြုံတွေ့နေရသော ပဋိပက္ခနယ်ပယ်အတွင်းမှ ပြည်သူအားလုံးပင်ဖြစ်သည်။

မြန်မြန်ငြိမ်းချမ်းလျှင် မြန်မြန်အေးချမ်းရ၊ မြန်မြန်ဖွံ့ဖြိုးရမည်ဖြစ်၍ အခက်အခဲများ၊ စိန်ခေါ်မှုများ၊ အကန့်အသတ်များ ရှိသော်ငြားလည်း ငြိမ်းချမ်းရေးဆွေးနွေးမှုများကို မဖြစ်မနေကျင်းပနိုင်အောင် ကြိုးပမ်းအားထုတ်မှုများကို ကြိုးဆိုရမည်ဖြစ်သလို ဝိုင်းဝန်းပါဝင် ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်သည်။ မည်သည့်အချိန်ကာလတွင် ပြီးဆုံးမည်မှန်းမသိသည့် ကိုဗစ်-၁၉ အကန့်အသတ်ကို စောင့်စားမနေဘဲ သတ်မှတ်ထားသည့် ကျန်းမာရေး လမ်းညွှန်ချက်နှင့်အညီ မဖြစ်မနေကြိုးပမ်းဆောင်ရွက်ခြင်းဖြင့် ငြိမ်းချမ်းရေးခရီး အလှမ်းနီးလာမည်ဖြစ်သည်။


ငြိမ်းချမ်းရေးကို ကိုဗစ်-၁၉ ကြောင့်ဖြစ်စေ၊ အခြားမည်သည့် အခက်အခဲ စိန်ခေါ်မှုကြောင့်ဖြစ်စေ ကြုံတွေ့သမျှ အကန့်အသတ် အဟန့်အတားများအား ကျော်လွှားသွားရန်လိုအပ်ပါသည်။ အကန့်အသတ်ကြောင့် နောက်ကျဆောင်ရွက်သည်နှင့်အမျှ လက်နက်ကိုင်ပဋိပက္ခကြားတွင် ထိခိုက်ခံစားရမှုများ ပိုများလာနိုင်ပြီး ပဋိပက္ခနယ်မြေအတွင်းမှ ဒုက္ခဆင်းရဲများခံစားနေရသည့် တိုင်းရင်းသားပြည်သူများ၏ မျှော်လင့်ချက်များလည်း ဝေးကွာသွားစေပါသည်။

သို့ဖြစ်ရာ မငြိမ်းချမ်းသည့်ဆိုးမွေကို ခံစားနေကြရသော တိုင်းရင်းသားပြည်သူများအဖို့ ငြိမ်းချမ်းရေးညီလာခံသည် ကြီးမားသည့်မျှော်လင့်ချက်ဖြစ်သည်၊ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးအတွက် (၂၁)ရာစုပင်လုံသည် အရေးကြီးသည့်အစည်းအဝေး ဖြစ်သည်ဟု အားလုံးသိမြင်ကြပြီး ငြိမ်းချမ်းရေးခရီးကို အမြန်ဆုံးလျှောက်လှမ်းနိုင်မည်ဟု ယုံကြည်ပါသည်။ ။

# ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း ကမ္ဘာ့စီးပွားရေးဖိုရမ်အဖွဲ့က ကြီးမှူးကျင်းပသည့် ဆွေးနွေးပွဲသို့ ပါဝင်တက်ရောက်

**နေပြည်တော် ဇူလိုင် ၁၅**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းသည် ကမ္ဘာ့စီးပွားရေးဖိုရမ် (WEF) က ကြီးမှူး၍ Video Conference ဖြင့် ကျင်းပသည့် Strengthening ASEAN's Digital Economy for an Inclusive and Sustainable Recovery အစည်းအဝေးသို့ ယနေ့ မွန်းလွဲပိုင်းက ပါဝင်တက်ရောက်သည်။



အစည်းအဝေးတွင် ASEAN Youth Survey 2020 ၏ အဓိကသုံးသပ်ချက်များကို လည်းကောင်း၊ ဒေသအတွင်း စီးပွားရေး ပြန်လည်ရှင်သန်လာစေရေးအတွက် ဆောင်ရွက်မည့်လုပ်ငန်းအစီအစဉ်များကို လည်းကောင်း၊ ဒစ်ဂျစ်တယ် စီးပွားရေးနှင့် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းပါဝင် ဆောင်ရွက်မှုအခြေအနေများကို လည်းကောင်း ဆွေးနွေးခဲ့ကြသည်။

ကိုဗစ်-၁၉ ကာလအတွင်း မိမိတို့နိုင်ငံက မျိုးဆက်သစ်လူငယ်များ အနေဖြင့် နည်းပညာ တီထွင်ဖန်တီးမှုများ ပိုမိုဆောင်ရွက်ခဲ့ပါကြောင်း၊ Digital Payment စနစ် အသုံးပြုမှု လျင်မြန်စွာ တိုးတက်လာသည်ကိုလည်း တွေ့မြင်ရပါကြောင်း ဆွေးနွေးပြောကြားသည်။ **သတင်းစဉ်**

# ဓမ္မာစရိယစာမေးပွဲ သတ္တမနေ့နှင့် ပါဠိပထမပြန်စာမေးပွဲ ပထမနေ့ ကျင်းပ

**နေပြည်တော် ဇူလိုင် ၁၅**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူး၍ နှစ်စဉ်ကျင်းပသော ၂၀၂၀ ပြည့်နှစ် ဓမ္မာစရိယစာမေးပွဲကို ယနေ့မွန်းတည့် ၁၂ နာရီမှစ၍ ညနေ ၄နာရီအထိ နိုင်ငံတစ်ဝန်းလုံးရှိ စာဖြေဌာန ၅၇ ဌာနတို့၌ သတ္တမနေ့ အဖြစ်လည်းကောင်း၊ ပါဠိပထမပြန်စာမေးပွဲကို ယနေ့မွန်းတည့် ၁၂နာရီမှစ၍ မွန်းလွဲ ၃နာရီအထိ နိုင်ငံတစ်ဝန်းလုံးရှိ စာဖြေဌာန ၂၄၁ ဌာနတို့၌ ပထမနေ့ အဖြစ်လည်းကောင်း ဖြေဆိုကြသည်။

ဓမ္မာစရိယစာမေးပွဲ သတ္တမနေ့ စာရင်းသွင်းသံဃာနှင့်သီလရှင် စုစုပေါင်း ၁၀၅၅ ပါးအနက် ၅၇၉ ပါး ဖြေဆိုကြသဖြင့် ၅၄ ဒသမ ၈၈ ရာခိုင်နှုန်း ဖြေဆိုကြပြီး ပါဠိပထမပြန်စာမေးပွဲ(ပထမကြီး၊ ပထမလတ်၊ ပထမငယ်၊ အခြေပြုမူလတန်း) ပထမနေ့ကို စာရင်းသွင်းသံဃာနှင့် သီလရှင် စုစုပေါင်း ၅၅၁၃၆ ပါးအနက် ၃၉၅၃၃ ပါး ဖြေဆိုကြပြီး ၇၁ ဒသမ ၇ ရာခိုင်နှုန်းဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

**သတင်းစဉ်**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၁၅-၇-၂၀၂၀)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၀,၅၀၀ | ၁၀,၅၀၀ | ၁,၉၉၀ | ၁၉, ၉၈၉,၅၀၀ |
| MTSH | ၃,၈၀၀ | ၃,၈၀၀ | ၇,၀၁၄ | ၂၆,၆၄၈,၂၀၀ |
| MCB | ၈,၀၀၀ | ၈,၀၀၀ | ၁၉ | ၁၅၂,၀၀၀ |
| FPB | ၂၂,၀၀၀ | ၂၂,၀၀၀ | ၁၁၄ | ၂,၅၀၈,၀၀၀ |
| TMH | ၂,၇၅၀ | ၂,၇၅၀ | ၄,၁၀၀ | ၁၁,၂၇၅,၀၀၀ |
| EFR | ၂,၇၀၀ | ၂,၇၀၀ | ၁,၁၇၆ | ၃,၁၇၅,၂၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဇူလိုင် ၁၅

ရန်ကုန်(ရွှေဈေး) ၁၂၃၇၀၀၀ မန္တလေး(ရွှေဈေး) ၁၂၃၇၀၀၀

| စက်သုံးဆီအမျိုးအစား | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၅၄၀/၅၇၅ ကျပ် | ၅၇၅/၅၉၅ ကျပ် |
| (ခ) ဒီဇယ် | တစ်လီတာ | ၅၃၀/၅၆၀ ကျပ် | ၅၆၀/၅၈၀ ကျပ် |
| (ဂ) အောက်တိန်း ၉၅ | တစ်လီတာ | ၆၁၀/၆၂၅ ကျပ် | ၆၇၀/၆၉၀ ကျပ် |
| (ဃ) အောက်တိန်း ၉၂ | တစ်လီတာ | ၄၈၀/၅၁၀ ကျပ် | ၅၅၀/၅၆၀ ကျပ် |

ရန်ကုန် လက်ကားဈေး

| | | |
|---|---|---|
| ဒီဇယ် | တစ်လီတာ | ၄၆၀/၄၈၀ ကျပ် |
| အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၄၇၀/၄၉၀ ကျပ် |
| အောက်တိန်း ၉၂ | တစ်လီတာ | ၄၁၀/၄၂၅ ကျပ် |

(မြန်မာနိုင်ငံ စက်သုံးဆီအသင်း)

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၇၈.၁ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၅၇၅.၉ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၁၉၇.၁၈ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၃.၇၆၃ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၂၃.၂၇ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၈.၃၄၁ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၉၆၄.၇၀ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၉၉၂.၄၀ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၂၈၉.၁ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၄.၇၄ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ခေတ္တ စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး
သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်း - ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ၊
သတင်းထောက်များ ဒေါ်နေဇာဇာထွန်း
အငယ်တန်း - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊
သတင်းထောက်များ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်နှင်းယု၊ ဦးဝေမင်းသူနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးခိုင်ဝင်း၊ ဦးကျော်သူရနှင့် အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦး၊ ဦးဒီပါထွန်းနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်သူသာလျှင် အဓိက

❂ ဒုတိယသမ္မတမှ

ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ ဦးစီးကော်မတီဝင်များ ဖြစ်ကြသည့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဗိုလ်ချုပ်စိုးတင့်နိုင်၊ ဦးမောင်မောင်ဝင်း၊ ဦးကြည်မင်း၊ ဦးကျော်မျိုးနှင့် ဦးခင်မောင်ဝင်း၊ နေပြည်တော်ကောင်စီဝင် ဦးအောင်မြင်ထွန်း၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီးစိုးညွန့်၊ လုပ်ငန်းကော်မတီဝင်များ၊ ဆပ်ကော်မတီ ၁၀ ခုမှ ကော်မတီဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ အစည်းအဝေးကို ဖွင့်လှစ်သည်။

## ဆောင်ရွက်လျက်ရှိ

အစည်းအဝေးတွင် ဦးစီးကော်မတီနာယက၊ ဒုတိယသမ္မတက ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် နိုင်ငံတော်သမ္မတရုံး၏ ၂၀၂၀ ပြည့်နှစ် ဇူလိုင်လ ၁၀ ရက် ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၈၇/၂၀၂၀ ဖြင့် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကျင်းပရေး ဦးစီးကော်မတီကို ၁၂ ဦးဖြင့် လည်းကောင်း၊ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကျင်းပရေးလုပ်ငန်းကော်မတီကို ၁၈ ဦးဖြင့်လည်းကောင်း ဖွဲ့စည်းခဲ့ပြီး လုပ်ငန်းတာဝန်(၃)ရပ် ချမှတ်ပေးထားပါကြောင်း၊ ဦးစီးကော်မတီ၏ လမ်းညွှန်ချက်များကို ဌာနများအချင်းချင်း ပေါင်းစပ်ညှိနှိုင်းပြီး အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်နိုင်ရန်အတွက် ဆပ်ကော်မတီ ၁၀ ခုကို လုပ်ငန်းတာဝန်များ သတ်မှတ်ကာဖွဲ့စည်းထားပြီးဖြစ်ပါကြောင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲအခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဦးစီးကော်မတီဥက္ကဋ္ဌ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆောင်၍ ၂၀၂၀ ပြည့်နှစ် ဇူလိုင် ၁၃ ရက်တွင် ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများ၏ ညှိနှိုင်းအစည်းအဝေး ကျင်းပခဲ့ပြီး အစည်းအဝေးဆုံးဖြတ်ချက် ၁၁ ချက် ချမှတ်ကာ လုပ်ငန်းများဆောင်ရွက်လျက်ရှိသည်ကို သိရှိရပါကြောင်း။

ယခုနှစ်တွင် ကျင်းပမည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားသည် နှစ်စဉ်နှစ်တိုင်း ဆောင်ရွက်နေကျဖြစ်သော်လည်း ယနေ့ကာလသည် ကမ္ဘာ့ကပ်ရောဂါ Coronavirus Disease 2019 (COVID–19) ဖြစ်ပွားနေသည့် အချိန်ကာလဖြစ်သည့်အတွက် မိမိတို့နိုင်ငံအနေဖြင့် အဆိုပါကပ်ရောဂါကို စနစ်တကျ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများ ဆောင်ရွက်နေရသည့်ကာလလည်း ဖြစ်ပါကြောင်း၊ ထို့ကြောင့် အခမ်းအနားကျင်းပရာတွင် ယခင်နှစ်က ဆောင်ရွက်ခဲ့သည့် လုပ်ငန်းတာဝန်များအပြင် Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် ပြည်သူသို့ပန်ကြားချက်များ၊ အမိန့်များ၊ အမိန့်ကြော်ငြာစာများ ညွှန်ကြားချက်များကိုပါ အရေးတကြီးကိစ္စရပ်အနေဖြင့် ထည့်သွင်းစဉ်းစားရမည့်အပြင် ဆောင်ရန်/ရှောင်ရန်များကိုလည်း ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ အထူးသဖြင့် အခမ်းအနားကျင်းပမည့် နေရာများအားလုံးတွင် ကြိုတင်၍ ပိုးသတ်ဆေးများ ဖျန်းထားရန်၊ အဆိုပါနေရာများတွင် တာဝန်ထမ်းဆောင်မည့် ဝန်ထမ်းများသည် အခမ်းအနားသို့ တက်ရောက်လာသူများနှင့် ထိတွေ့နိုင်ပါသဖြင့် ၎င်းတို့အား ကျန်းမာရေးစစ်ဆေးမှုများ ကြိုတင်ဆောင်ရွက်ထားရှိရန်နှင့် အခမ်းအနားကျင်းပရာတွင်လည်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက သတ်မှတ်ထားသည့် Social Distancing နှင့်အညီ ဆောင်ရွက်ထားရန် လိုအပ်ပါကြောင်း။

## ခွင့်ပြုပေးတော်မူ

ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းခြင်း စတင်ဖြစ်ပေါ်လာပုံ သမိုင်းကြောင်းမှာ ဗုဒ္ဓဘုရားရှင်လက်ထက် ဗုဒ္ဓသာသနာအစောပိုင်းကာလတွင် မြတ်စွာဘုရားရှင်သည် ရဟန်းသံဃာတော်များကို သုံးထည်သောသင်္ကန်းကိုသာ ဝတ်ရုံသုံးစွဲရန် ခွင့်ပြုတော်မူခဲ့ပါကြောင်း၊ မြတ်စွာဘုရားရှင် သတ်မှတ်ခွင့်ပြုပေးတော်မူခဲ့သော ဝါတွင်းကာလသည် မိုးတွင်းကာလဖြစ်သဖြင့် ခရီးသွားရင်း မိုးမိခဲ့ပါက ရေစိုသင်္ကန်းလဲလှယ်ဝတ်ရုံရန် အပိုသင်္ကန်းမရှိသောကြောင့် ရဟန်းသံဃာတော်များ အဆင်ပြေစေရန်အတွက် သာဝတ္ထိပြည် ပုဗ္ဗာရုံကျောင်းအမကြီး ဝိသာခါက ဘုရားရှင်ထံ “မိုးရေခံသင်္ကန်း” ဆက်ကပ်လှူဒါန်းခွင့် လျှောက်ထားရာမှ မိုးရေခံသင်္ကန်းသုံးစွဲခွင့်ကို ဘုရားရှင်က ဝိနည်းသိက္ခာပုဒ် နှစ်ခုပညတ်၍ သုံးစွဲရမည့်ကာလနှင့် အတိုင်းအတာ အရွယ်အစား ပမာဏတို့ကို ခွင့်ပြုပေးတော်မူခဲ့ပါကြောင်း။

ထိုကဲ့သို့ မိုးရေခံသင်္ကန်း လှူဒါန်းလေ့ရှိခဲ့ကြရာမှ နောင်တွင် ဝါတွင်းသုံးလ ဝါဆိုဝါကပ်တော်မူကြသော ရဟန်းတော်တို့အား လှူဒါန်းကြသည့်အတွက် “ဝါဆိုသင်္ကန်း” ဟူသော အခေါ်အဝေါ်ကို ပြောင်းလဲသုံးစွဲလာကြပါကြောင်း၊ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲသည် ဗုဒ္ဓဘာသာဝင်မြန်မာတို့အတွက် ဝါဆိုပွဲတော်တစ်ခုဖြစ်ပြီး ဝိနည်းတရားတော်နှင့်အညီ လှူဒါန်းခွင့်ရသည့် သင်္ကန်းအလှူဖြစ်သောကြောင့် မွန်မြတ်သည့်အလှူဟု ခေါ်ဆိုရမည်ဖြစ်ပါကြောင်း၊ မြတ်စွာဘုရားရှင် ခွင့်ပြုတော်မူအပ်သော ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး လေးပါးသောပစ္စည်းတို့တွင် သင်္ကန်းလှူဒါန်းကြရသူများသည် “ရွှေရောင်အဆင်း၊ ညစ်ကြေးကင်း၍၊ ပြေပြစ်ခန္ဓာ၊ ရှိန်အဝါနဲ့၊ ကမ္ဗလာစသား၊ ဝတ်ထည်များကို၊ ဆင်မြန်းရခြင်း” စသော အကျိုးထူးများ ခံစားရရှိနိုင်ပြီး "မျက်မှောက်ဘဝ၌ပင် သောတာပန်နှယ် ဂုဏ်ရည်ကြွယ်၍ အပါယ်ဘေးမှ လွတ်ကင်းနိုင်ကြောင်း"ကိုလည်း ကျမ်းဂန်အဆိုအမိန့်များအရ သိရှိရပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့နှင့် ပြည့်စုံတော်မူသော သံဃာ့ဥသျှောင် ဆရာတော်ကြီးများအား နှစ်စဉ်ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းခြင်းသည် မြတ်စွာဘုရားရှင်က မိုးရေခံသင်္ကန်း (ဝါဆိုသင်္ကန်း)ဆက်ကပ်ရန် ဝိနည်းတော်နှင့်အညီ ခွင့်ပြုပေးတော်မူခဲ့သည့်အတွက် ဗုဒ္ဓအလိုကျ ဆောင်ရွက်ခြင်းလည်း ဖြစ်ပါကြောင်း။

ယခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီး ၂၅ ပါး၊ ဥပ္ပါတသန္တိစေတီတော်ဂေါပကအဖွဲ့ ဩဝါဒါစရိယဆရာတော် ၁၁ ပါး စုစုပေါင်း ၃၆ ပါး ပင့်ဆောင်မည်ဖြစ်ပါကြောင်း၊ ဆရာတော်ကြီးများ လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ နေပြည်တော်သို့ ကြွရောက်ရာတွင်လည်းကောင်း၊ နေပြည်တော်မှ ရန်ကုန်သို့ ပြန်လည်ကြွရောက်ရာတွင်လည်းကောင်း အဆင်ပြေချောမွေ့စေရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများအချင်းချင်း ပေါင်းစပ်ညှိနှိုင်းကာ လိုအပ်သည်များကို စီစဉ်ဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း၊ ဆရာတော်ကြီးများ သီတင်းသုံးမည့် နေပြည်တော် ဥပ္ပါတသန္တိစေတီတော် သံဃာရာမကျောင်းဆောင်(၄)ဆောင်တွင်လည်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်များနှင့်အညီ စိတ်နှလုံးချမ်းမြေ့စွာ သီတင်းသုံးနိုင်ရေး စီစဉ်ပေးရန်၊ ပတ်ဝန်းကျင်သန့်ရှင်းသပ်ရပ်တင့်တယ်စေရန်နှင့် ဝေယျာဝစ္စဆောင်ရွက်မည့် ကပ္ပိယကာရကများကိုလည်း ကျန်းမာရေးဆေးစစ်မှုများ ကြိုတင်ဆောင်ရွက်ထားရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားသည် နိုင်ငံတော်အဆင့် အခမ်းအနားဖြစ်သည့်အတွက် လုံခြုံရေးဆပ်ကော်မတီအနေဖြင့် အခမ်းအနားကျင်းပမည့် နေရာများတွင် လုံခြုံရေးတာဝန်ဆောင်ရွက်ရာတွင် ပေးအပ်ထားသည့် လုပ်ငန်းတာဝန် ၁၁ ရပ်ကို လစ်ဟာမှုမရှိအောင် လုံခြုံရေးကို ရာနှုန်းပြည့် အပြည့်အဝ အလေးထားဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။

## ကြိုတင်လေ့ကျင့်

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများအနေဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် ယခင်နှစ်များက ဆောင်ရွက်ခဲ့သည့် အတွေ့အကြုံများအပေါ် မူတည်၍ ယခုနှစ်တွင် ကျန်းမာရေးရှုထောင့်ကိုပါ အလေးထားထည့်သွင်းစဉ်းစား ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ထို့အပြင် လုပ်ငန်းဆောင်ရွက်သည့်အခါ၌ လစ်ဟာမှုမရှိစေရေး အချင်းချင်းပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားရမည်ဖြစ်သကဲ့သို့ ကြိုတင်ဇာတ်တိုက်လေ့ကျင့်မှုများလည်း ပြုလုပ်သွားရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ဦးစီးကော်မတီဥက္ကဋ္ဌ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့် လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးကြည်မင်းတို့က ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနား ကျင်းပရေးအတွက် ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများ ဖွဲ့စည်းထားရှိမှုအခြေအနေ၊ သတ်မှတ်ထားသည့် လုပ်ငန်းတာဝန်များအပေါ် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ သံဃာတော်များ ပင့်ဆောင်ရေးနှင့် သယ်ယူပို့ဆောင်ရေး ဆပ်ကော်မတီနှင့် ဆွမ်းဆက်ကပ်ရေး ဆပ်ကော်မတီ ဆိုင်ရာကိစ္စရပ်များကို သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဦးကလည်းကောင်း၊ အခမ်းအနားကျင်းပရေးနှင့် အခမ်းအနားပြင်ဆင်ရေး ဆပ်ကော်မတီ၊ ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေးဆပ်ကော်မတီနှင့် လှူဖွယ်ပစ္စည်းများပြင်ဆင်ရေးနှင့် ဆက်ကပ်ရေး ဆပ်ကော်မတီ ဆိုင်ရာကိစ္စရပ်များကို သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမိုးဇော်ရွှေကလည်းကောင်း၊ ဧည့်ခံဖျော်ဖြေရေး ဆပ်ကော်မတီ ဆိုင်ရာကိစ္စရပ်များကို အနုပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးလှိုင်ဝင်းမောင်က လည်းကောင်း၊ သတင်းမှတ်တမ်း ထုတ်ပြန်ရေးဆပ်ကော်မတီ ဆိုင်ရာကိစ္စရပ်များကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်အောင်က လည်းကောင်း၊ ကျန်းမာရေးဆပ်ကော်မတီ ဆိုင်ရာကိစ္စရပ်များကို ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဒေါ်သီတာလှက လည်းကောင်း၊ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ပရိဝုဏ် စိမ်းလန်းစိုပြည်ရေးနှင့် သာသနာရေးဆိုင်ရာ အခင်းအကျင်း ပြင်ဆင်ရေးဆပ်ကော်မတီ ဆိုင်ရာကိစ္စရပ်များကို ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့ အလှည့်ကျသဘာပတိ ဦးထွန်းကြည်က လည်းကောင်း၊ လုံခြုံရေး ဆပ်ကော်မတီ ဆိုင်ရာကိစ္စရပ်များကို မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး အောင်ဝင်းဦးကလည်းကောင်း သက်ဆိုင်ရာကဏ္ဍများအလိုက် အသေးစိတ်ရှင်းလင်း တင်ပြကြသည်။

## ဆွေးနွေးတင်ပြ

ထို့နောက် ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့် ဒုတိယဝန်ကြီး ဦးကြည်မင်းတို့က အခမ်းအနားသို့ ကြွရောက်တော်မူမည့် ဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်ရေးနှင့် ဆွမ်းဆက်ကပ်ရေးတို့အတွက် စီစဉ်ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်းက အခမ်းအနား ကျင်းပနေချိန်အတွင်း လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုမရှိစေရေး ဆောင်ရွက်ထားရှိမှုအခြေအနေ၊ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ဆရာတော်ကြီးများအား ကြိုဆိုပို့ဆောင်ရေးဆောင်ရွက်ပေးမည့် ဝန်ထမ်းများအား ကျန်းမာရေးစစ်ဆေးမှု ကြိုတင်ဆောင်ရွက်ထားရှိနိုင်ရေး၊ ဒုတိယဝန်ကြီး ဦးကျော်မျိုးနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဒေါ်သီတာလှတို့က ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် အမိန့်၊ ညွှန်ကြားချက်၊ ပန်ကြားချက်များနှင့် ဆောင်ရန်/ ရှောင်ရန် အချက်များအပေါ် သက်ဆိုင်ရာကဏ္ဍများအလိုက် ကြိုတင်ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ဦးစီးကော်မတီ နာယက ဒုတိယသမ္မတက တင်ပြဆွေးနွေးချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု သုံးကြိမ် ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။ **သတင်းစဉ်**

## ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အောက်တိုဘာလမှ မေလအထိ မြန်မာနိုင်ငံ၏ ပို့ကုန်၊ သွင်းကုန် အခြေအနေ

**နေပြည်တော် ဇူလိုင် ၁၅**

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် မေလအတွက် မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၅၆၆ ဒသမ ၅၅ သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၅၉၁ ဒသမ ၇၆ သန်းနှင့် စုစုပေါင်းပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၁၅၈ ဒသမ ၃၁ သန်းဖြစ်သည်။ ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၃၀၂ ဒသမ ၄၇ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၆၇ ဒသမ ၁၉ သန်းနှင့် စုစုပေါင်းသွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၅၆၉ ဒသမ ၆၆ သန်းဖြစ်သည်။ သို့ဖြစ်ပါ၍ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် မေလအတွက် စုစုပေါင်းကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၂၇၂၇ ဒသမ ၉၇ သန်းဖြစ်ပြီး စုစုပေါင်း ကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ ၄၁၁ ဒသမ ၃၅ သန်း ဖြစ်ပေါ်ခဲ့သည်။

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အောက်တိုဘာလမှ မေလအထိ မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၇၀၁၅ ဒသမ ၇၄ သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၄၈၉၁ ဒသမ ၈၉ သန်းနှင့် စုစုပေါင်းပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၁၉၀၇ ဒသမ ၆၃ သန်းဖြစ်သည်။ ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၁၄၂၈ ဒသမ ၂၉ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၀၅၅ ဒသမ ၇၆ သန်းနှင့် စုစုပေါင်းသွင်းကုန် တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၃၄၈၄ ဒသမ ၀၅ သန်းဖြစ်သည်။ သို့ဖြစ်ပါ၍ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အောက်တိုဘာလမှ မေလအထိ စုစုပေါင်းကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၂၅၃၉၁ ဒသမ ၆၈ သန်းဖြစ်ပြီး စုစုပေါင်းကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ ၁၅၇၆ ဒသမ ၄၂ သန်း ဖြစ်ပေါ်ခဲ့ကြောင်း ဗဟိုစာရင်းအင်းအဖွဲ့မှ လစဉ်တင်ပြသော ပို့ကုန်၊ သွင်းကုန် အခြေအနေအစီရင်ခံစာအရ သိရသည်။

**သတင်းစဉ်**

# လူမှုအကျိုးပြုလုပ်ငန်းများ ဆောင်ရွက်စေရန် ရင်းနှီးမြှုပ်နှံသူများအား ဆော်ဩမှုပြုခြင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်ပူးပေါင်း၍ ကြီးကြပ်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇူလိုင် ၁၅**

ယနေ့ကျင်းပသည့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေးတတိယနေ့တွင် ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းဖြေကြားခြင်း၊ ဥပဒေကြမ်းတစ်ခုတင်သွင်းခြင်း၊ အစီရင်ခံစာတစ်ခု တင်သွင်းခြင်းနှင့် အဆိုတစ်ခုဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် စေတုတ္တရာမဲဆန္ဒနယ်မှ ဦးကျော်အောင်လွင်၏ စေတုတ္တရာမြို့နယ် ကံကျေးရွာမှ ချင်းတိုင်းရင်းသား အိမ်ခြေ(၃၂)အိမ်နှင့် နှစ်ရှည်သီးနှံ စိုက်ခင်းများသည် ကပစ(၂၀)တပ်သိမ်းမြေတွင် ပါဝင်ခဲ့သည့်အတွက် မည်ကဲ့သို့ တာဝန်ယူဆောင်ရွက်ပေးမည်ကို သိလိုခြင်းမေးခွန်းနှင့်စပ်လျဉ်း၍ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်မြင့်နွယ်က အဆိုပါ မြေနေရာသည် သစ်တောရေးရာဝန်ကြီးဌာနမှ ပယ်ဖျက်ပြီး သစ်တောမြေ၊ ကြိုးပြင်ကာကွယ်တောတို့အား မြေသိမ်းအက်ဥပဒေများနှင့်အညီ တရားဝင်လွှဲပြောင်းရယူ သိမ်းဆည်းခဲ့ခြင်း၊ ပြည်ထဲရေးဝန်ကြီးဌာန၏ မြေပေးမိန့်များရရှိပြီး တပ်ပိုင်မြေဖြစ်ခြင်း၊ တပ်မြေသိမ်းဆည်းရာတွင် ပါဝင်သော ဦးပိုင်ပေါက်မြေများအတွက်လည်း လျော်ကြေးငွေများ ပေးလျော်ခဲ့ပြီးဖြစ်ခြင်း၊ ကြယ်ပွင့်ပြမေးခွန်းပါ မြေနေရာသည် ကြိုးပြင်ကာကွယ်တော ဧရိယာအတွင်း ပြည်ထဲရေးဝန်ကြီးဌာန၌ မှတ်တမ်းတင်ထားရှိခြင်းမရှိသော ကံကျေးရွာဟောင်း (ရွာကျူး) နေရာဖြစ်ပြီး တပ်ပိုင်မြေဧရိယာနှင့် လွတ်ကင်းသည့် မြေနေရာသို့ စနစ်တကျ ပြောင်းရွှေ့နေရာချထားပေးခဲ့ပြီးဖြစ်ခြင်းတို့ကြောင့် နစ်နာကြေး၊ လျော်ကြေး၊ အစားထိုးမြေယာများ ဆောင်ရွက်ပေးနိုင်ခြင်း မရှိပါကြောင်းနှင့် သိမ်းဆည်းစဉ်က နှစ်ရှည်သီးနှံစိုက်ခင်းစာရင်းများ တင်ပြခဲ့မှုမရှိခြင်းတို့ကြောင့် နှစ်ရှည်သီးနှံစိုက်ခင်းများအတွက် လျော်ကြေးငွေများအား ထပ်မံပေးလျော်နိုင်ခြင်းမရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဝန်းသိုမဲဆန္ဒနယ်မှ ဦးနေစိုးအောင်၏ ဝန်းသိုမြို့နယ်ရှိ သစ်အရောင်းစက် အမှတ်(၁၂၁)မြေနေရာအား ဝန်းသိုမြို့ပိုင်မြေအဖြစ် စွန့်လွှတ်ပေးရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာရဲမြင့်ဆွေက ဝန်းသိုမြို့တွင်ရှိသည့် သစ်အရောင်းစက် အမှတ်(၁၂၁)မြေနေရာတွင် လက်ရှိလုပ်ငန်းဆောင်ရွက်နေသည့်အတွက် နိုင်ငံပိုင်စက်ရုံ အဆောက်အအုံ၊ ရုံး၊ ဝန်ထမ်းအိမ်ရာများနှင့် စိုက်ခင်းဧရိယာများမှ လွတ်ကင်းသော ပင်မစက်ရုံ၏ အနောက်ဘက်ခြမ်းရှိ ဧရိယာ ၁ ဒသမ ဝ၁ ဧကကို လုပ်ထုံးလုပ်နည်းနှင့်အညီ ပြန်လည်စွန့်လွှတ်ပေးနိုင်မည်ဖြစ်ပါကြောင်းနှင့် အဆိုပါဧရိယာအား ရယူမည်ဆိုပါက သက်ဆိုင်ရာတိုင်းဒေသကြီးအစိုးရအဖွဲ့မှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဆင်ပေါင်ဝဲ မဲဆန္ဒနယ်မှ ဦးနေထက်ဝင်း၏ သစ်တောဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်နေမှုများအား ဌာန၏ တရားဝင်လူမှုကွန်ရက် စာမျက်နှာ (Facebook Page)မှတစ်ဆင့် တစ်မြို့နယ်ချင်းစီ ပွင့်လင်းမြင်သာစွာ အသိပေးဖော်ပြသွားရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာရဲမြင့်ဆွေက သစ်တောဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်ချက်များကို မြို့နယ်တစ်မြို့နယ်ချင်းအလိုက် လူမှုကွန်ရက်စာမျက်နှာ (Facebook Page)များတွင် ပြည်သူလူထုထံသို့ ပွင့်လင်းမြင်သာစွာ အသိပေးသွားနိုင်ရန် နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ်သစ်တောဦးစီးဌာနများကိုလည်း ညွှန်ကြားထားပြီးဖြစ်ပါကြောင်း။

## တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ဖမ်းဆီးရမိမှုများကို သစ်တောဦးစီးဌာန Website နှင့် Facebook Page တို့တွင် အချိန်နှင့်တစ်ပြေးညီ ပြည်သူလူထုသို့ ပွင့်လင်းမြင်သာစွာ အသိပေးဆောင်ရွက်လျက်ရှိ

မိုးရာသီသစ်ပင်စိုက်ပျိုးခြင်းနှင့် ပျိုးပင်ဖြန့်ဝေခြင်းတို့ကိုလည်း သက်ဆိုင်ရာ မြို့နယ်အလိုက် လူမှုကွန်ရက်စာမျက်နှာများတွင် ဖော်ပြပေးလျက်ရှိပါကြောင်း၊ ထို့ပြင် တရားမဝင်သစ်နှင့် တောရိုင်းတိရစ္ဆာန်အစိတ်အပိုင်းများ ခိုးယူထုတ်လုပ်မှု လျော့နည်းပပျောက်ရေးတွင် ဒေသပြည်သူလူထုများ လျှို့ဝှက်သတင်းပေး ပူးပေါင်းဆောင်ရွက်နိုင်ရန်အတွက် ၂၀၁၇ ခုနှစ် စက်တင်ဘာမှစ၍ နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် လူထုအခြေပြု စောင့်ကြည့်သတင်းပို့စနစ်ကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ သက်ဆိုင်ရာ မြို့နယ်အလိုက် ဆက်သွယ်ရမည့် (Hot Line) ဖုန်းနံပါတ်များကို လူမှုကွန်ရက်စာမျက်နှာများ၊ သတင်းမီဒီယာများတွင် ကြေညာထားပြီးဖြစ်ပါကြောင်း၊ ထို့ပြင် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ဖမ်းဆီးရမိမှုများကို သစ်တောဦးစီးဌာန Website နှင့် Facebook Page တို့တွင် ၂၀၁၃ ခုနှစ်မှ စတင်၍ အချိန်နှင့်တစ်ပြေးညီ ပြည်သူလူထုသို့ ပွင့်လင်းမြင်သာစွာ အသိပေးဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ မြဝတီ မဲဆန္ဒနယ်မှ ဦးစိန်ဗိုလ်၏ မြဝတီမြို့နယ်၊ ရွှေကုက္ကိုတွင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်(MIC)က ခွင့်ပြုထားသည့် တရုတ်ရင်းနှီးမြှုပ်နှံမှု အခြေအနေကို သိလိုခြင်း မေးခွန်းနှင့်စပ်လျဉ်း၍ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗရတ်ဆင်းကလည်းကောင်း၊ မိတ္ထီလာမဲဆန္ဒနယ်မှ ဒေါက်တာမောင်သင်း၏ မြန်မာနိုင်ငံအပေါ် အပြည်ပြည်ဆိုင်ရာတရားရုံး၌ ဂမ်ဘီယာနိုင်ငံက တရားလိုပြုလုပ်၍ တရားစွဲဆိုမှုကို ရင်ဆိုင်ဖြေရှင်းရာတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၊ နိုင်ငံရေးရာဦးစီးဌာနမှ လုပ်အားအတွက် ကုန်ကျစရိတ်အဖြစ် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ဖြည့်စွက်ခွင့်ပြုငွေတောင်းခံသည့် လိုငွေကျပ်သန်း ၆၈၀ တောင်းခံရာတွင် ကျွမ်းကျင်ပညာရှင် ရှေ့နေများငှားရမ်းခြင်း၊ သီးသန့်တရားသူကြီး ငှားရမ်းခြင်း၊ ဥပဒေအကြံပေးများ ခန့်အပ်ခြင်းများအား တစ်ဦးချင်းစီအလိုက် မည်မျှကုန်ကျ



ဒုတိယဝန်ကြီး
ဦးဗရတ်ဆင်း



ဒုတိယဝန်ကြီး
ဒေါက်တာရဲမြင့်ဆွေ



ဝန်းသိုမဲဆန္ဒနယ်မှ
ဦးနေစိုးအောင်



ကျောက်တန်းမဲဆန္ဒနယ်မှ
ဒေါ်အေးမြမြမျိုး

သည်ကို အသေးစိတ်ရှင်းလင်းပေးရန် အစီအစဉ် ရှိ၊ မရှိနှင့် ခရီးစရိတ် ကုန်ကျငွေနှင့် လေးလံပစ္စည်းသယ်ယူစရိတ်များအတွက် ငွေကျပ်သန်း ၃၅၁ ဒသမ ၆၀၀ ကိုလည်း စနစ်တကျ အသေးစိတ်စိစစ် ရှင်းလင်းပေးရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်ကလည်းကောင်း၊ တန့်ယန်း မဲဆန္ဒနယ်မှ ဦးစိုင်းမောင်ပွင့်၏ တန့်ယန်းမြို့ နယ်၊ မန်ကတ်ကျေးရွာ အုပ်စုတွင်းရှိ မခီနူရွာ၊ မက်ခံရွာ၊ လွယ်လုံရွာ၊ ဟိုဆော့ရွာ၊ နားဆောင်ကျေးရွာများရှိ တောင်သူများဘိုးဘွားလက်ထက်မှစ၍ ဓားမဦးချစိုက်ပျိုး လုပ်ကိုင်လာသော တောင်ယာစိုက်ခင်းများ သိမ်းဆည်းခံရမှုအား သက်ဆိုင်ရာမှ မည်သို့ဖြေရှင်းဆောင်ရွက်ပေးနိုင်မည်ကို သိလိုခြင်း မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ်မြင့်နွယ်က လည်းကောင်း၊ သပိတ်ကျင်း မဲဆန္ဒနယ်မှ ဒေါက်တာအောင်နိုင်၏ ဒေသခံပြည်သူများအနေဖြင့် ဓာတ်သတ္တုကဏ္ဍ၌ အသေးစားနှင့် လက်လုပ်လက်စား ထုတ်လုပ်ခြင်းအတွက် ခွင့်ပြုမိန့် လျှောက်ထားရာတွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနမှ လွယ်ကူအဆင်ပြေစေရန် မည်သို့စီမံဆောင်ရွက်ပေးမည်ကို သိလိုခြင်း မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာရဲမြင့်ဆွေကလည်းကောင်း ရှင်းလင်းဖြေကြားကြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာကော်မတီ အတွင်းရေးမှူး ဦးအေးနိုင်က မြေအောက်ရေစီမံခန့်ခွဲမှု ဥပဒေကြမ်းကို တင်သွင်းပြီး ဥပဒေကြမ်းကော်မတီဝင် ဦးစိုင်းထွန်းအေးက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က အဆိုပါဥပဒေကြမ်းနှင့် စပ်လျဉ်း၍ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ကျောက်တန်းမဲဆန္ဒနယ်မှ ဒေါ်အေးမြမြမျိုး တင်သွင်းသည့် စီးပွားရေးလုပ်ငန်းများ လူမှုအကျိုးပြုလုပ်ငန်း(CSR) အကောင်အထည်ဖော်ရာတွင် တိကျသည့် မူဝါဒချမှတ်ပြီး ဒေသခံပြည်သူပါဝင်နိုင်သော နည်းလမ်းများဖြင့် ပွင့်လင်းမြင်သာစွာ ဆောင်ရွက်နိုင်ရန်အတွက် စီစဉ်ညွှန်ကြားပေးပါရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်းအဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

မိုင်းရှူး မဲဆန္ဒနယ်မှ ဦးစိုင်းဝင်းအေး(ခ) ဦးစိုင်းထွန်းအေးက CSR ကို ကောင်းမွန်သည့်ပုံစံဖြင့် အကောင်အထည်ဖော်နိုင်မည်ဆိုပါက အစိုးရထမ်းထားရသည့် ဝန်ထုပ်ဝန်ပိုးများကိုလည်း လျော့ကျလာစေမည်ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံတွင် CSR ရန်ပုံငွေနှင့်ပတ်သက်ပြီး သက်ဆိုင်ရာဝန်ကြီးဌာနက ကောက်ခံရရှိသည့် ငွေသည် ဒေါ်လာသန်းပေါင်းများစွာ ရရှိနေပြီဖြစ်ပါကြောင်း၊ သို့သော် ယင်းရန်ပုံငွေများကို မည်သို့အသုံးချစီမံခန့်ခွဲမည်နှင့် ဒေသခံပြည်သူများအတွက် ထိရောက်အောင် မည်သို့ပံ့ပိုးပေးသွားမည်ဆိုသည့် အစီအမံလည်း ရှင်းရှင်းလင်းလင်းမရှိသေးပါကြောင်း၊ ဥပဒေ၊ နည်းဥပဒေများတွင် တိကျရှင်းလင်းစွာ အဓိပ္ပာယ်ဖွင့်ဆိုထားခြင်းလည်း မရှိသေးသောကြောင့် အကျင့်ပျက်ခြစားမှုများကို ဖိတ်ခေါ်နေသကဲ့သို့ဖြစ်နေပါကြောင်း၊ အမှန်တကယ် CSR ရန်ပုံငွေများသည် စီးပွားလာရှာသူများကြောင့် ပျက်စီးဆုံးရှုံးသွားရသည့် လူမှုစီးပွားဘဝများ ပြန်လည်ရှင်သန်လာစေရန် အသုံးပြုရခြင်းဖြစ်ပါကြောင်း။

ထို့ကြောင့် ထိရောက်မှုပမာဏ မည်မျှရှိသည်ကို စောင့်ကြည့်တိုင်းတာနေရန် လိုအပ်ပါကြောင်း၊ ဆင်းရဲနွမ်းပါးသည့် ဒေသခံပြည်သူများ၏ စားဝတ်နေရေး ပြေလည်စေရန်အတွက် နေ့စဉ်လုပ်ကိုင်နေသည့် လုပ်ငန်းများအပေါ် အထောက်အပံ့ဖြစ်စေရေး၊ ဝင်ငွေတိုးတက်ရရှိစေရေး၊ မိရိုးဖလာလုပ်ငန်းများကို စွန့်ခွာပြီး ရေကြည်ရာ မြက်နုရာသို့ ထွက်ခွာမသွားစေရေး၊ မိသားစုဘဝများ မပြိုကွဲစေရေးနှင့် သဘာဝအရင်းအမြစ်များကို ပြန်လည်ပြုစုပျိုးထောင်ပေးရန်အတွက် ဦးစားပေးစဉ်းစားပြီး ရန်ပုံငွေကို ထိရောက်စွာ အသုံးချရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် အဆိုကို အလေးအနက်ထောက်ခံပြီး အစိုးရ အနေဖြင့်လည်း မဖြစ်မနေအကောင်အထည်ဖော်သွားပေးရန် တိုက်တွန်းလိုပါကြောင်း ဆွေးနွေးသည်။

အင်းတော် မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ပြုံးက CSR ကို စီးပွားရေးအချိတ်အဆက်များ ဖော်ဆောင်ခြင်းဖြင့်လည်း ပုံဖော်၍ရပါကြောင်း၊ မြန်မာနိုင်ငံတွင် CSR နှင့်ပတ်သက်ပြီး ရှင်းလင်းသည့် မူဝါဒ၊ လမ်းညွှန်ချက်များမရှိဘဲ မြန်မာ့ရင်းနှီးမြှုပ်နှံမှု ဥပဒေတွင်သာ ရည်ရွယ်ချက်တစ်ခုအနေဖြင့် ထည့်ထားသည်ကို တွေ့ရပါကြောင်း၊ ထို့ကြောင့် စီးပွားရေးလုပ်ငန်းများ၏ အမှတ်တံဆိပ်၊ နာမည်ကောင်းရရှိရေးနှင့် စီးပွားရေးရေရှည်တည်တံ့ခိုင်မြဲရေး၊ လူမှုလိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရေး၊ နှစ်ဦးနှစ်ဖက် ကောင်းစားရေးတို့အတွက် အဓိကကျသည့် CSR လုပ်ငန်းစဉ်ကို ကောင်းမွန်တိကျသော မူဝါဒတစ်ရပ်ချမှတ်ပြီး ပွင့်လင်းမြင်သာစွာ ဆောင်ရွက်သင့်ပါကြောင်း ထောက်ခံဆွေးနွေးသည်။

အလားတူ ဆိပ်ကြီး/ခနောင်တိုမဲဆန္ဒနယ်မှ ဦးတင်ထွန်းနိုင်၊ ထီးချိုင့်မဲဆန္ဒနယ်မှ ဦးမောင်မောင်၊ မင်းဘူးမဲဆန္ဒနယ်မှ ဦးဝင်းဝင်း၊ မုံရွာမဲဆန္ဒနယ်မှ ဦးညွန့်အောင်၊ လှိုင်ကော်မဲဆန္ဒနယ်မှ ဒေါက်တာခင်စည်သူ၊ ရွှေဘိုမဲဆန္ဒနယ်မှ ဒေါက်တာအေဇင်လတ်၊ ဒဂုံမဲဆန္ဒနယ်မှ ဒေါက်တာသက်သက်ခိုင်၊ ဘုတ်ပြင်းမဲဆန္ဒနယ်မှ ဦးနေလင်းထွန်း၊ မြောက်ဦးမဲဆန္ဒနယ်မှ ဦးဦးလှစော၊ ဖားကန့်မဲဆန္ဒနယ်မှ ဦးတင့်စိုးနှင့် ကောလင်းမဲဆန္ဒနယ်မှ ဦးမျိုးဇော်အောင်တို့က ဆွေးနွေးကြသည်။

## လူမှုအကျိုးပြုလုပ်ငန်းသည် နိုင်ငံတော်အစိုးရအနေဖြင့်သာ ကြီးကြပ်ဆောင်ရွက်နိုင်သည့်ကိစ္စရပ်မဟုတ်ဘဲ နိုင်ငံတော်အစိုးရ၊ စီးပွားရေးလုပ်ငန်းများနှင့်ဒေသခံလူထုတို့ ပူးပေါင်းဆောင်ရွက်ရမည့်ကိစ္စဖြစ်

ထို့နောက် အဆိုနှင့်စပ်လျဉ်း၍ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗရတ်ဆင်းက လူမှုအကျိုးပြုလုပ်ငန်း (CSR) သည် နိုင်ငံတော်အစိုးရအနေဖြင့်သာ ကြီးကြပ်ဆောင်ရွက်နိုင်သည့်ကိစ္စရပ်မဟုတ်ဘဲ နိုင်ငံတော်အစိုးရ၊ စီးပွားရေးလုပ်ငန်းများနှင့် ဒေသခံလူထုတို့ ပူးပေါင်းဆောင်ရွက်ရမည့်ကိစ္စ ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေဖြင့် လူမှုအကျိုးပြုလုပ်ငန်း(CSR) များ ဆောင်ရွက်စေရန် ရင်းနှီးမြှုပ်နှံသူများအား ဆော်ဩမှုပြုခြင်း၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ပူးပေါင်း၍ ကြီးကြပ်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည့်အပြင် ကိုရီးယား-မြန်မာလူမှုအကျိုးပြုလုပ်ငန်းကဲ့သို့ လူမှုအကျိုးပြုလုပ်ငန်း အကောင်းဆုံးဆောင်ရွက်သည့် ကိုရီးယားလုပ်ငန်းများကို ဆုချီးမြှင့်ခဲ့သည့် လူမှုအကျိုးပြုလုပ်ငန်းအားပေးဆောင်ရွက်မှုများတွင်လည်း ပံ့ပိုးပါဝင်လျက်ရှိပါကြောင်း။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် ပတ်ဝန်းကျင်ကို ဆိုးကျိုးမဖြစ်စေရန်၊ လူ့အခွင့်အရေးကို မြှင့်တင်ရန်၊ အလုပ်သမားများ၏ အခွင့်အရေးကို ကာကွယ်ရန်နှင့် အဂတိလိုက်စားမှုကို ရှောင်ကြဉ်စေရန် စသည့်တာဝန်ယူမှုရှိသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို မြှင့်တင်ရန်တာဝန်ရှိသည့် အဖွဲ့အစည်းဖြစ်သည့် အားလျော်စွာ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံသည့် ကုမ္ပဏီများကို UN Global Compact ဝင်ရောက်စေရန်အတွက် တိုက်တွန်းဆောင်ရွက်လျက်ရှိပါကြောင်း၊ UN Global Compact သည် စည်းနှောင်မှုမရှိသည့် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများအကြား သဘောတူထားသည့် ရေရှည်တည်တံ့ခိုင်မြဲသည့် တာဝန်ယူမှုရှိသော လူမှုအကျိုးပြုလုပ်ငန်းများ(CSR) ဆောင်ရွက်ရန် စီးပွားရေးလုပ်ငန်း အဖွဲ့အစည်းများကို တိုက်တွန်းအားပေးလျက်ရှိသည့် ကမ္ဘာ့အကြီးဆုံးကွန်ရက်ဖြစ်သည့်အတွက် အဆိုပါ ကွန်ရက်သို့ မြန်မာတွင် ရင်းနှီးမြှုပ်နှံသည့် ကုမ္ပဏီများဝင်ရောက်ခြင်းဖြင့် လူ့အခွင့်အရေး၊ အလုပ်သမားများ အခွင့်အရေး၊ သဘာဝပတ်ဝန်းကျင် ဆိုးကျိုးမဖြစ်စေရေး၊ အဂတိလိုက်စားမှုပပျောက်ရေးတို့ကို အဓိက အထောက်အပံ့ရရှိစေမည်ဖြစ်ပါကြောင်း။

လူမှုအကျိုးပြုလုပ်ငန်းများကို နိုင်ငံတော်အစိုးရ စီးပွားရေးလုပ်ငန်းများနှင့် ဒေသခံလူထုတို့ ပေါင်းစပ်ဆောင်ရွက်ခြင်းဖြင့် ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်ရာတွင် သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်များတွင် ဆိုးကျိုးသက်ရောက်မှုများကို ပိုမိုပွင့်လင်းမြင်သာစွာ ကာကွယ်နိုင်မည်ဖြစ်ပြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကိုလည်း ပိုမိုထိရောက်စွာ ကြပ်မတ်နိုင်မည်ဖြစ်သည့်အပြင် နိုင်ငံတော်နှင့် ဒေသခံပြည်သူများအတွက်လည်း များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်ပါသောကြောင့် အဆိုအားအတည်ပြုနိုင်ရေးအတွက် ထောက်ခံပါကြောင်း ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက်ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုရှင်၏သဘောထားမေးမြန်းရာ အဆိုရှင်က အတည်ပြုပေးပါရန် ပြောကြားသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုအား အတည်ပြုရန် လွှတ်တော်၏ သဘောထားရယူရာ သဘောမတူသူမရှိသည့်အတွက် အတည်ပြုကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်(၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ဇူလိုင် ၂၁ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**အေးအေးသန့်(သတင်းစဉ်)**

# တိုက်ပွဲရှောင်စခန်းများတွင် ကိုဗစ် - ၁၉ ကာလ လိုအပ်ချက်များကို သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့များ၊ ဝန်ကြီးဌာနများ၊ အခြားဆက်စပ်ဌာနအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဇူလိုင် ၁၅**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေး တတိယနေ့ကို ယနေ့နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမြင့်နိုင်၏ ကျောက်တော်မြို့နယ်အတွင်း တိုက်ပွဲရှောင်စခန်းများတွင် ကမ္ဘာ့ကပ်ရောဂါအဖြစ် ကြေညာထားသည့် ကိုရိုနာဗိုင်းရပ်စ် (COVID – 19) ရောဂါကာကွယ်ရေးအတွက် မည်သည့်အစီအမံများထားရှိပြီး တိုက်ပွဲရှောင်များ အဆင်ပြေစေရေး၊ စားဝတ်နေရေးအတွက် မည်သို့ ဆောင်ရွက်ပေးထားသည်ကို သိရှိလိုခြင်း မေးခွန်းနှင့်စပ်လျဉ်း၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်က ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနသည် ကျောက်တော်မြို့နယ်အတွင်းရှိ တိုက်ပွဲရှောင်စခန်းများတွင် COVID – 19 ရောဂါကာကွယ်ရေးနှင့်အသိပညာပေးရေးအတွက် အိမ်ထောင်စု၂၈၂၄စု၊ လူဦးရေ ၁၁၀၀၀ ကျော်တို့ကို ဆပ်ပြာတောင့်များ၊ Surgical Mask နှင့် အဝတ် Mask များ၊Thermal Sensorများ၊ Hand Gelများ၊ Hand Speaker၊ Memory Stick၊ ဆောင်ရန်၊ ရှောင်ရန် အသိပေးနှိုးဆော်စာ၊ Vinyl များ၊ လက်ဆေးဘေစင်များ၊ ထုံးအိတ်များကို မေလနှင့် ဇွန်လအတွင်း ထောက်ပံ့ပေးခဲ့ပါကြောင်း၊ ဆက်လက်၍လည်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

**ကျောက်တော်မြို့နယ်အတွင်းရှိ နေရပ်စွန့်ခွာ တိုက်ပွဲရှောင်ပြည်သူများ စားနပ်ရိက္ခာပြေလည်စေရေးနှင့် တိုက်ပွဲများကြောင့် ထိခိုက်ဒဏ်ရာရရှိသူများအတွက် ငွေကျပ် ၂၇၁ သန်းကျော် ထောက်ပံ့ခဲ့**

ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနအနေဖြင့် ကျောက်တော်မြို့နယ်အတွင်းရှိ နေရပ်စွန့်ခွာ တိုက်ပွဲရှောင်ပြည်သူများ စားနပ်ရိက္ခာပြေလည်စေရေးနှင့် တိုက်ပွဲများကြောင့် ထိခိုက်ဒဏ်ရာရရှိသူများအတွက် ၂၀၁၈ ခုနှစ် ဒီဇင်ဘာလမှစ၍ ယခု ၂၀၂၀ ပြည့်နှစ် ဇွန်လ ၁၁ ရက်နေ့အတွင်း ငွေကျပ် ၂၇၁ သန်းကျော် ထောက်ပံ့ခဲ့ပါကြောင်း၊ ထို့ပြင် ICRC, WFP အပါအဝင် UN,INGO,NGO အဖွဲ့အစည်းများအနေဖြင့်လည်း စားနပ်ရိက္ခာများ၊ အသုံးအဆောင်ပစ္စည်းများ၊ တစ်ကိုယ်ရေသန့်ရှင်းရေးပစ္စည်းများကို ပြည်နယ်အစိုးရ၏ ပေါင်းစပ်ညှိနှိုင်းရေးကော်မတီခွင့်ပြုချက်ဖြင့် တိုက်ပွဲရှောင်စခန်းများရှိ ပြည်သူများကို ထောက်ပံ့ပေးလျက်ရှိပါကြောင်း။

ထို့ပြင် IDP စခန်းနှင့် တိုက်ပွဲရှောင်စခန်းများတွင် COVID – 19 ကူးစက်ရောဂါကာကွယ်တားဆီးရေးဆိုင်ရာ လုပ်ငန်းများကို အရှိန်မြှင့်တင်၍ ပိုမိုထိရောက်စွာဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည့်ပစ္စည်းများ ဝယ်ယူထောက်ပံ့နိုင်ရန် ငွေကျပ် ၂ ဒသမ ၁ ဘီလီယံ ကုန်ကျမည့်လုပ်ငန်းအစီအစဉ်ကို COVID – 19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီသို့ တင်ပြခွင့်ပြုချက်ရယူပြီး အဆိုပါ စခန်းများတွင် အဝတ်နှာခေါင်းစည်းများ၊ ဆပ်ပြာတောင့်များ၊ အိမ်ထောင်စုအလိုက် Hand Sanitizer များ၊ စခန်းအလိုက် Infrared Thermometer များ၊ ထုံးအိတ်များ၊ လက်ဆေးဘေစင်များနှင့် စခန်းများတွင် COVID – 19 သံသယလူနာများ တွေ့ရှိပါက သီးခြားထားရှိရန် ယာယီအဆောက်အအုံများ ဆောက်လုပ်ရန် ထောက်ပံ့ပေးခြင်းများ ဆောင်ရွက်လျက်ရှိပါကြောင်း။

ပြည်နယ်အစိုးရအဖွဲ့သည် ကျောက်တော်မြို့နယ်သို့ ထပ်မံရောက်ရှိလာသည့် တိုက်ပွဲရှောင်ပြည်သူများ နေထိုင်နိုင်ရန်အတွက် လူနေအဆောက်အအုံတန်းလျားလေးလုံးနှင့် နှစ်ခန်းတွဲအိမ်သာ ၁၆ လုံးကို ငွေကျပ် ၈၈ ဒသမ ၇၂၀ သန်း အကုန်အကျခံပြီး ထပ်မံဆောက်လုပ်ရန် စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် COVID – 19 ကပ်ရောဂါကြောင့် စီးပွားရေးထိခိုက်မှုသက်သာရေးစီမံချက်နှင့်ပတ်သက်၍လည်း ထောက်ပံ့မှုများ ရရှိထားပါကြောင်း၊ ထို့ကြောင့် ကျောက်တော်မြို့နယ်အတွင်းရှိ အကျိုးခံစားခွင့်ရရှိသူများကိုလည်း ဆက်လက်ထောက်ပံ့အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ မေးခွန်းနှင့် စပ်လျဉ်းပြီး COVID – 19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့်ဗဟိုကော်မတီ၊ COVID – 19 ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ၊ ပြည်နယ်အဆင့် COVID – 19 ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီနှင့် အထောက်အကူပြုလုပ်ငန်းကော်မတီများ ဖွဲ့စည်း၍ လုပ်ငန်းများဆောင်ရွက်လျက်ရှိပါကြောင်း၊ စေတနာ့ဝန်ထမ်းများအနေဖြင့်လည်း ပူးပေါင်းကူညီဆောင်ရွက်လျက်ရှိပြီး တိုက်ပွဲရှောင်စခန်းများအတွင်း နေထိုင်သူများအတွက် ပုံမှန် ထောက်ပံ့မှုများအပြင် COVID – 19 ကာလလိုအပ်ချက်များဖြည့်ဆည်းပေးခြင်းတို့ကို သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့များ၊ ဝန်ကြီးဌာနများ၊ အခြားဆက်စပ်ဌာနအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း ဖြေကြားသည်။

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးကျော်သန်း၏ ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် ကျောက်ဖြူမြို့နယ် ချောင်းဂကျေးရွာအုပ်စုနှင့် မင်းပြင်ကျေးရွာအုပ်စု ပြင်ရှည် – ကုလာဘာကျေးရွာချင်းဆက်လမ်းပေါ်တွင်ရှိသော တံတားသုံးစင်းအား ဘတ်ဂျက်သတ်မှတ်နှစ်အတွင်း မပြီးစီးသည့်ကိစ္စနှင့် စပ်လျဉ်း၍ သိရှိလိုခြင်း မေးခွန်းကို ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာကျော်လင်းက ပြင်ရှည် – ကုလာဘာလမ်းပေါ်တွင် အရှည် ပေ ၃၀ တံတားတစ်စင်း၊ အရှည် ပေ၆၀ တံတား တစ်စင်းနှင့် ရေနံတောင် – ချောင်းဝလမ်းပေါ်တွင် အရှည် ပေ ၁၀၀ တံတားတစ်စင်း စုစုပေါင်း တံတားသုံးစင်း တည်ဆောက်ရန် ရှိပါကြောင်း၊ အဆိုပါ တံတား သုံးစင်းအနက် ပြင်ရှည် – ကုလာဘာကျေးရွာချင်းဆက်လမ်းပေါ်ရှိ အရှည်ပေ ၃၀ ကွန်ကရစ်တံတားတစ်စင်းအား မူလရန်ပုံငွေဖြင့်



ဒုတိယဝန်ကြီး
ဦးစိုးအောင်



နေပြည်တော်ကောင်စီဝင်
ဦးညီထွန်း



ရန်ကုန်တိုင်းဒေသကြီး
မဲဆန္ဒနယ်အမှတ်(၇)မှ ဦးရဲမြင့်စိုး



ရခိုင်ပြည်နယ်
မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမြင့်နိုင်

ဆောင်ရွက်ခဲ့ရာ ရာနှုန်းပြည့်ပြီးစီးနေပြီ ဖြစ်ပါကြောင်း၊ ကျန်ရှိနေသည့် တံတားနှစ်စင်းသည် မူလက ရန်ပုံငွေအပြည့်အဝမပါရှိခဲ့ပါကြောင်း၊ သို့သော် ယခုအခါဖြည့်စွက်ရန်ပုံငွေတွင် ထပ်မံရရှိပြီးဖြစ်ပါ၍ လာမည့်စက်တင်ဘာလကုန်တွင် တံတားများအားလုံး သတ်မှတ်ချိန်အတွင်း ပြီးစီးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးလားလ်မင်းထန်၏ ချင်းပြည်နယ် မင်းတပ်ခရိုင်နှင့် မတူပီခရိုင်ကို ဆက်သွယ်သော မင်းတပ် – မတူပီ ခရိုင်လမ်းမကြီးအား ၂၀၂၀ – ၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် လမ်းတာချဲ့ရန် ကျန်ရှိနေသော (၁၆/၃) မိုင်အား ၃၄ ပေ တာချဲ့ခြင်းနှင့် ကတ္တရာလမ်းခင်းခြင်း အပြီးသတ်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာကျော်လင်းက မင်းတပ် – မတူပီကားလမ်းသည် စုစုပေါင်း ၁၀၂ မိုင်ရှည်လျားပြီး လမ်းဦးစီးဌာနပိုင် ပြည်ထောင်စုအစိုးရအဖွဲ့မှ စီမံခန့်ခွဲသော လမ်းဖြစ်ပါကြောင်း၊ ၂၀၂၀ – ၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် မြေပြင်တွင် အမှန်တကယ်လိုအပ်နေသည့် မျက်ကွယ်ကွေ့ ၃ မိုင်ကို ၃၄ ပေ တာလမ်းချဲ့ရန်အတွက် ပြည်နယ်ငွေလုံးငွေရင်း ရန်ပုံငွေကျပ် သန်း ၄၈၀ လျာထားပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

၂၀၂၀ – ၂၀၂၁ ဘဏ္ဍာရေးနှစ်တွင်လည်း ပြည်ထောင်စုနှင့် ပြည်နယ်ငွေလုံးငွေရင်း ရန်ပုံငွေများဖြင့် ၂၄ ပေအကျယ် ကတ္တရာလမ်း ၁ မိုင်၊ ၁၂ပေအကျယ် ကတ္တရာလမ်း ၁၅ မိုင် ၃ဖာလုံ၊ ၁၂ ပေအကျယ် လမ်းကွေ့ဖြောင့်၍ ကတ္တရာလမ်းသစ်ခင်းခြင်း ၁ မိုင်နှင့် ၁၈ ပေအကျယ် ကွန်ကရစ်လမ်းသစ်ခင်းခြင်း ၆ ဖာလုံ၊ မြေထိန်းနံရံတည်ဆောက်ခြင်း ၂၅ ခုတို့ တည်ဆောက်ရန်အတွက် ရန်ပုံငွေစုစုပေါင်း ငွေကျပ် ၄၆၄၈ သန်းလျာထားပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးလှဦး၏ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် အရာတော်မြို့ရှိ မုံရွာ – အရာတော် –ရွှေဘိုလမ်းမှ (မကျီးစောက်ကျေးရွာမှ ဆင်တလည်ကျေးရွာအထိ) လမ်းအရှည် ၉ မိုင် ၄ဖာလုံ၊ လမ်းအကျယ် ၃၅ပေ ရှိသောလမ်းတွင် ၄ မိုင် သုည ဒသမ ၅ဖာလုံကို မြေလမ်းမှ ကျောက်လမ်းအဖြစ်သို့လည်းကောင်း၊ ၄မိုင် ၇ ဖာလုံကို ကျောက်လမ်းမှ ကတ္တရာလမ်းအဖြစ်သို့လည်းကောင်း ၂၀၂၀ – ၂၀၂၁ဘဏ္ဍာရေးနှစ်တွင် အဆင့်မြှင့်တင် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာကျော်လင်းက လွှတ်တော်ကိုယ်စားလှယ်မေးမြန်းသည့် ဇရစ် – မကျီးဇောက်–ငါးရဟိုး – ဆိပ်ဖျူးကြီး – စပါးတွင်း – လက်ပံသာ – သလဲဘာ – ဆင်တလည် လမ်းပေါ်ရှိမကျီးဇောက် ရေကျော်အား Sub mersible Bridge တည်ဆောက်ရန်အတွက် ငွေကျပ် ၁၄၁ ဒသမ ၆ သန်းကို ၂၀၂၀ – ၂၀၂၁ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု ရန်ပုံငွေတွင် ထည့်သွင်းလျာထားပြီး ဖြစ်ပါသဖြင့် ရန်ပုံငွေ ရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်းနှင့် ကျန်လမ်းပိုင်း အဆင့်မြှင့်တင်ခြင်း လုပ်ငန်းများကို ၂၀၂၀ – ၂၀၂၁ ဘဏ္ဍာရေးနှစ်နောက်ပိုင်း ကာလများတွင် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေတွင် ထည့်သွင်းလျာထား ပေးသွားမည်ဖြစ်ပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးရဲမြင့်စိုး၏ လူနေထူထပ်သော ရန်ကုန်၊ မန္တလေးကဲ့သို့သော မြို့ကြီးများတွင် အမှိုက်စွန့်ပစ်ရန် နေရာအခက်အခဲများ တစ်နေ့တခြား ကြီးထွားလာမှုကို ပုဂ္ဂလိကလုပ်ငန်းကြီးများအား တစ်ပိုင်တစ်နိုင် အမှိုက်မီးရှို့ဖျက်ဆီးစက် (Incinerator)များ အသုံးပြုစေရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ နေပြည်တော်ကောင်စီဝင် ဦးညီထွန်းက ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေ (၂၀၁၈ ခုနှစ်) ပြဋ္ဌာန်းချက်အရ ရန်ကုန်မြို့တော်စည်ပင်သာယာရေးနယ်နိမိတ် အတွင်းမှ နေ့စဉ်ထွက်ရှိသည့် စွန့်ပစ်အမှိုက်များ၊ စက်ရုံ၊ အလုပ်ရုံများမှထွက်ရှိသော Industrial Waste များနှင့် အခြားစွန့်ပစ်အမှိုက်များအားလုံးကို ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှသာ တာဝန်ယူသိမ်းဆည်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုသို့ သိမ်းဆည်းဆောင်ရွက်ရာတွင် ရန်ကုန်မြို့တော်ရှိ အစိုးရဆေးရုံ၊ ပုဂ္ဂလိကဆေးရုံ ၇၆ ခု၊ ပုဂ္ဂလိကဆေးခန်း ၁၉၂၅ ခုတို့မှ ထွက်ရှိသည့် နေ့စဉ်ဆေးရုံ၊ ဆေးခန်းထွက် စွန့်ပစ်ပစ္စည်းများကို ဖျက်ဆီးနိုင်ရန်အတွက် လှိုင်သာယာမြို့နယ် ထိန်ပင်နောက်ဆုံး စွန့်ပစ်အမှိုက်ပုံတွင်ရှိသည့် တန် ၂၀ အမှိုက်မီးရှို့စက်ကို တည်ဆောက်ပြီး လက်ရှိဖျက်ဆီးဆောင်ရွက်လျက်ရှိပါကြောင်း၊ လက်ရှိအနေအထားတွင် ဆေးရုံကြီးများနှင့် စက်ရုံများအားလုံးတွင် အမှိုက်မီးရှို့စက် ပါဝင်တပ်ဆင်ဆောင်ရွက်ရန် မူဝါဒပြဋ္ဌာန်းထားခြင်း မရှိသေးပါကြောင်း။

နေပြည်တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း မြို့နယ်ရှစ်မြို့နယ်ရှိပြီး ထွက်ရှိသည့်အမှိုက်များကို ပုဗ္ဗသီရိအမှိုက်ကွင်း၊ လယ်ဝေး စမ်းကလေးအမှိုက်ကွင်း၊ တပ်ကုန်းအမှိုက်ကွင်းစသည်ဖြင့် အမှိုက်ပုံ သုံးနေရာတွင် စွန့်ပစ်ပြီး တစ်ရက်လျှင် တန် ၂၀၀ မှ တန် ၂၆၀ အထိ စွန့်ပစ်လျက်ရှိပါကြောင်း၊ တစ်နိုင်တစ်ပိုင် ပုဂ္ဂလိကအမှိုက် မီးရှို့ဖျက်ဆီးစက်များကို တပ်ဆင်အသုံးပြုရန်အတွက် မူဝါဒများ ချမှတ်ဆောင်ရွက်ခြင်း မရှိသေးသည့်အတွက် နေပြည်တော်အတွင်းရှိသည့် အစိုးရ၊ ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်း စုစုပေါင်း ၅၇ ခုမှ ထွက်ရှိသည့် ဘေးအန္တရာယ်ရှိသည့် စွန့်ပစ်အမှိုက်များကို ခွဲခြားစွန့်ပစ် ဆောင်ရွက်လျက်ရှိပါကြောင်း။

ကရင်ပြည်နယ်တွင် အာရှဖွံ့ဖြိုးရေးဘဏ် (ADB) မှရရှိသည့် ဘားအံမြို့ အမှိုက်စွန့်ပစ်စနစ် မြှင့်တင်ခြင်းအတွက် ဒေါ်လာ ၈ ဒသမ ၆ သန်းနှင့် မြဝတီမြို့ အမှိုက်စွန့်ပစ်စနစ်အတွက် ဒေါ်လာ ၇ ဒသမ ၆ သန်းကို ချေးငွေရယူပြီး ၂၀၂၀–၂၀၂၁ ဘဏ္ဍာနှစ်မှစတင်၍ အမှိုက်မီးရှို့စက်တည်ဆောက်ရန် စီမံဆောင်ရွက်ထားရှိပါကြောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့အတွက် ဂျပန်နိုင်ငံ Mitsubishi Research Institute နှင့် Fujita Corporation တို့ပူးပေါင်း၍ စွန့်ပစ်အမှိုက်များ မီးရှို့ဖျက်ဆီးရေးအတွက် စက်ရုံတည်ဆောက်ရန် ကြိုးပမ်းလျက်ရှိပါကြောင်း။

ရှမ်းပြည်နယ်တွင် အင်္ဂလန်အခြေစိုက် Organic Asia Co.,Ltd. နှင့် ရန်ကုန်မြို့ရှိ ရွှေပြည်ကုမ္ပဏီလီမိတက်တို့ဖြင့် စွန့်ပစ်အမှိုက်မှ စွမ်းအင်လောင်စာ ထုတ်လုပ်နိုင်မည့် အမှိုက်မီးရှို့စက်တည်ဆောက်နိုင်ရန်အတွက် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ကယားပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ပူးပေါင်း၍ အမှိုက်မီးရှို့ဖျက်ဆီးစက်များ တည်ဆောက်ရန် အစီအစဉ်မရှိသေးပါကြောင်းနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များအနေဖြင့် ဆက်သွယ်ဆောင်ရွက်လာမည်ဆိုပါက ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ လက်ရှိအနေအထားတွင် ဆေးရုံကြီးများ၊ စက်ရုံများတွင် ပုဂ္ဂလိက တစ်နိုင်တစ်ပိုင် အမှိုက်မီးရှို့စက် တပ်ဆင်ဆောင်ရွက်ရန်အတွက် မူဝါဒချမှတ်ထားခြင်း မရှိသေးပါကြောင်း ဖြေကြားသည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးဖေချစ်၏ ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် သန္ဓေပင်ကျေးရွာအုပ်စု ထိန်စွန်းကျေးရွာ ကွင်းအမှတ် (၅၂၂၊ ၅၂၃) သီးနှံစိုက်ဧရိယာ ၁၆၉ ဧကသည် မြေစာရင်းမြေပုံထွက်ရှိထားသော်လည်း စားကျက်မြေ ပယ်ဖျက်ခြင်းကို ဆိုင်းငံ့ထားသောကြောင့်လည်းကောင်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာနယ်နိမိတ်အတွင်း ၁၉၉၄ ခုနှစ်ကတည်းက ပါဝင်သွားခဲ့ပြီးဖြစ်သောကြောင့်လည်းကောင်း မြို့မြေ သို့မဟုတ် ရွာမြေအဖြစ် သတ်မှတ်ပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုခြင်း မေးခွန်းနှင့်စပ်လျဉ်း၍ နေပြည်တော်ကောင်စီဝင် ဦးညီထွန်းက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

ထို့နောက် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဦးအောင်ကြည်ညွန့်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာ လုံခြုံမှုကို ကာကွယ်ပေးရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြား ရှင်းလင်းသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက အဆိုပါ ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ်ရယူ အတည်ပြုသည်။

ဆက်လက်၍ တပ်မတော်သားအမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး အောင်ထွန်းလင်းက ၁၉၅၉ ခုနှစ်၊ တပ်မတော်အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးရန် အဆိုတင်သွင်းရာ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးဖေချစ်က ထောက်ခံသည်။

ထို့နောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက အဆိုပါ ပြင်ဆင်သည့် ဥပဒေကြမ်းအား လက်ခံဆွေးနွေးရန် သင့်/မသင့် အမျိုးသားလွှတ်တော်၏ သဘောထားရယူရာ သဘောမတူသူမရှိသည့်အတွက် လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်းနှင့် ဥပဒေကြမ်းကော်မတီသို့ လွှဲအပ်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ဇူလိုင် ၂၁ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်(သတင်းစဉ်)**

(၇၃)နှစ်မြောက် အာဇာနည်နေ့ အကြိုဆောင်းပါး

# အာဇာနည်ခေါင်းဆောင်ကြီး ဦးရာဇတ်

**၁၈၉၈ ခုနှစ် ဇန်နဝါရီလ ၂၀ ရက် တနင်္လာနေ့တွင် မိတ္ထီလာမြို့၌ မွေးဖွားသည်။ အဖ ရဲဝန်ထမ်း တိုက်ပိုင် အင်စပက်တာ (Circle Inspector of Police) မစ္စတာ အေ၊ ရာမန်၊ အမိ ဒေါ်ငြိမ်းလှဖြစ်သည်။ ဖခင်မှာ အစ္စလာမ်ဘာသာဝင်၊ မိခင်မှာ ဗုဒ္ဓဘာသာဝင်ဖြစ်၍ မွေးချင်း ၁၃ ယောက်တွင် တတိယမြောက်ဖြစ်သည်။ ဆွေမျိုးသားချင်းများက "ဘာဘူကြီး"၊ "ကိုကိုလေး"ဟု ခေါ်ဝေါ်ကြသည်။**

ငယ်စဉ်ကပင် မိခင်ထံမှ ဗုဒ္ဓဘာသာယဉ်ကျေးမှုကို လက်ခံရရှိသည်။ မန္တလေးနန်းရှေ့ ရွှေကျောင်းဆရာတော် ဦးသီလဝံသထံ ပညာဆည်းပူးခဲ့သည်။ အသက် ၆ နှစ်အရွယ် ၁၉၀၄ ခုနှစ်တွင် မန္တလေးမြို့ ဝက်စလီယန်မိန်းကလေး ကျောင်း၌ စတင်ပညာသင်သည်။ ၄ တန်းအောင်လျှင် ဝက်စလီယန် ယောက်ျားကလေး အထက်တန်းကျောင်းသို့ ပြောင်းရွှေ့ပညာသင်ရာ ၈ တန်းတွင် ပညာထူးချွန်၍ ၉ တန်းကိုကျော်ကာ တက္ကသိုလ်ဝင်တန်းဖြေဆိုခဲ့ရသည်။ ၁၉၁၄ ခုနှစ်တွင် တက္ကသိုလ်ဝင်တန်းအောင်သည်။ ရန်ကုန်တက္ကသိုလ်တွင် ပညာသင်ကြားနေစဉ် ဒုတိယနှစ်၌ အင်္ဂလိပ်စာစီစာကုံးပြိုင်ပွဲ ပထမရ၍ ဘိုင်မျှား ရွှေတံဆိပ် ရရှိခဲ့သည်။ ၁၉၁၆ ခုနှစ်၊ ဝိဇ္ဇာပထမနှစ်တွင် စာမေးပွဲဖြေနေစဉ် အခြားကျောင်းသားများကို အဖြေကူညီရေးပေးရာမှ သူငယ်ချင်း ခင်မောင်လတ် (နောင် ဖြန့်ဖြူးရေးမင်းကြီး ဦးခင်မောင်လတ်)နှင့်အတူ စာမေးပွဲဖြေခွင့် နှစ်နှစ်



အပိတ်ခံရသည်။ ၁၉၁၉ ခုနှစ်တွင် ကျောင်းပြန်တက်ရာ ဘီအေနောက်ဆုံးနှစ်၌ ပထမတက္ကသိုလ်ကျောင်းသားသပိတ် (ဘွိုင်းကောက်)၌ ပါဝင်ခဲ့သည်။

**ပါဠိနှင့် အင်္ဂလိပ်ဘာသာပြ**
**အထက်တန်းပြဆရာအဖြစ် ဝင်ရောက်လုပ်ကိုင်**

၁၉၂၂ ခုနှစ်တွင် ဗဟန်းအမျိုးသားကောလိပ်မှ B.A (Nat)ဘွဲ့ရသည်။ ဘွဲ့ရပြီး မန္တလေးမြို့ ဗဟိုအမျိုးသားကျောင်းတွင် ပါဠိနှင့် အင်္ဂလိပ်ဘာသာပြ အထက်တန်းပြဆရာအဖြစ် ဝင်ရောက်လုပ်ကိုင်သည်။ အမျိုးသားကျောင်းများ အထောက်အပံ့ခံယူပြီး ဗဟိုအမျိုးသားအထက်တန်းကျောင်း ကျောင်းအုပ်ဆရာကြီးအဖြစ် တာဝန်ယူခဲ့သည်မှာ ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သော ကြားဖြတ်ယာယီအမျိုးသားအစိုးရအဖွဲ့တွင် ပညာရေးနှင့် အမျိုးသားစီမံကိန်း ဝန်ကြီးရာထူး လက်ခံရသည့်တိုင်ဖြစ်သည်။

ဆရာကြီး ဦးရာဇတ်၏ဦးဆောင်မှုဖြင့် မန္တလေးဗဟိုအမျိုးသားကျောင်းသည် ရန်ကုန်မြို့မအထက်တန်းကျောင်းပြီးလျှင် အအောင်မြင်ဆုံး စံပြအမျိုးသားကျောင်းကြီးအဖြစ် သတ်မှတ်ခံရသည်။ အထူးသဖြင့် ပညာရေး သက်သက်သာမက တိုင်းပြည်လွတ်လပ်ရေးအတွက် အထက်မြန်မာနိုင်ငံမှ ကြိုးပမ်းဆောင်ရွက်ခဲ့သည့် နိုင်ငံ့သားကောင်း အများဆုံးမွေးထုတ်ရာ အမျိုးသား ကျောင်းကြီးအဖြစ် ထင်ရှားသည်။ မန္တလေး ဗဟိုအမျိုးသားကျောင်းကြီးတွင် တူညီဝတ်စုံများ စနစ်တကျ ဝတ်ဆင်စေခြင်း၊ ကျောင်းသားများ အင်္ဂလိပ်စကားပြော ကျွမ်းကျင်ရန် Lock-Keeper System သတ်မှတ်ပေးခြင်း၊ ကျောင်းသားများ အားကစားထူးချွန်ရန် လက်တွေ့သင်တန်းများ ဖွင့်လှစ်ပေးခြင်း၊ မြန်မာစာပေနှင့် မဟာဂီတ နားလည်ရန် ဆရာကြီး ရွှေပြည်ဦးဘတင်၏ သင်တန်းဖွင့်ပေးခြင်း၊ တူညီဝတ်စုံများနှင့် ရဲတပ်၊ ရဲညွန့်တပ်၊ ဘင်ခရာတီးဝိုင်းများ ဖွဲ့စည်းပေးသည့် အပြင် ပါဠိနှင့် အင်္ဂလိပ်ဘာသာကို ကိုယ်တိုင်သင်ကြားပေးခဲ့သည်။ ကိုလိုနီခေတ်အတွင်း ကျောင်းသားများအား လက်ရုံးရည်၊ နှလုံးရည်၊ အားကစား၊ ဂီတ ဘက်စုံတတ်မြောက်စေရုံမျှမက လွတ်လပ်ရေးတိုက်ပွဲဝင် သားကောင်းများ မွေးထုတ်ပေးသည့် အမျိုးသားကျောင်းအုပ်ကြီးအဖြစ် အလွန်ထင်ရှားသည်။

၁၉၃၀-၃၁ ခုနှစ် မန္တလေး ဥပစာကောလိပ် ဆက်လက်ဖွင့်လှစ်ရေး၊ ၁၉၃၆ ခုနှစ် ဒုတိယတက္ကသိုလ်ကျောင်းသားသပိတ်၊ ၁၉၃၈ ခုနှစ် တတိယတက္ကသိုလ် ကျောင်းသားသပိတ်နှင့် ၁၃၀၀ ပြည့် အရေးတော်ပုံတို့တွင် နောက်ကွယ်မှအကြံပေး၍ ကူညီပံ့ပိုးပေးခဲ့သည်။ ၁၉၃၆ ခုနှစ် ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂ ဒုတိယအကြိမ် ညီလာခံကို ဗဟိုအမျိုးသားကျောင်းတွင် ကျင်းပခွင့်ပေးခဲ့သည်။ ထိုညီလာခံကို ကျောင်းသားခေါင်းဆောင် ကိုအောင်ဆန်းနှင့်အတူ အိန္ဒိယကွန်ဂရက်ခေါင်းဆောင် ပဏ္ဍစ်ဂျဝါဟာလာနေရူးနှင့် သမီး အင်ဒီရာတို့ တက်ရောက်ခဲ့သည်။

ဆရာကြီး ဦးရာဇတ်သည် အင်္ဂလိပ်စာ အရေးအသားကောင်း၍ စာနယ်ဇင်းများတွင် အင်္ဂလိပ်ဘာသာဖြင့် ဆောင်းပါးများရေးသားခဲ့သည်။ စစ်မဖြစ်မီ မန္တလေးသူရိယသတင်းစာတွင် မောရစ်ကောလစ်ရေးသော "ထရိုင်ရယ်အင်ဘားမား"(Trials in Burma)စာအုပ်မှ အခန်းတစ်ခန်းကို "ကင်မရွန်းတပ်မှ စစ်ဗိုလ်ကလေး"အမည်ဖြင့် ဘာသာပြန်ခဲ့သည်။ ထိုဘာသာပြန်ကို တပည့်ဖြစ်သူ မအမာ(လူထုဒေါ်အမာ)အား ဆက်လက်ဘာသာပြန်ဆိုစေခဲ့သည်။

အက်ဖ်တင်နီဆင် ဂျက်ဆီရေး "လက်ကား လေဒီ" (ယွန်းခင်ခင်)ဝတ္ထုတွင် သီပေါမင်းနှင့် စုဖုရားလတ်တို့အား ဂုဏ်သရေပျက်ရန်ရည်ရွယ်၍ အင်္ဂလိပ်-မြန်မာစစ်ဖြစ်ရသည်မှာ မြန်မာတို့အပြစ်ဟု ရေးသားခဲ့ရာ ထိုဝတ္ထုကို ချေပသည့် အနေဖြင့် မန္တလေးသူရိယသတင်းစာ၌ ၁၉၂၉ ခုနှစ်က "ရွှေနန်းတော်ကြီး၏ အတွင်းရေးများ (သို့မဟုတ်) လက်ထက်တော်ကြီးအချိန်က အရေးအခင်းများ" စာတမ်းရေးသားခဲ့ပါသည်။

**ဖက်ဆစ်အကျဉ်းသားအဖြစ် ရက်ပေါင်း ၁၉၁ ရက်တိတိ ခံစားခဲ့ရ**

၁၉၄၂ ခုနှစ် ဒုတိယကမ္ဘာစစ်မီး ကူးစက်လာချိန်တွင် မင်းကွန်းအလယ်တောရချောင်၌ မိသားစုနှင့်အတူ စစ်ပြေးခိုလှုံသည်။ ၁၉၄၂ ခုနှစ် မေလ ၁ ရက် မန္တလေးမြို့ကို ဂျပန်တို့သိမ်းပိုက်ပြီး မန္တလေးမြို့ ပြန်လည်ထူထောင်ရေး ချယ်ယာမင်အဖြစ် ခန့်အပ်ခံရသည်။ ဗုံးဒဏ်ကြောင့် မင်းကွန်းတွင် ပြန်လည် နေထိုင်နေစဉ် ဗိုလ်မှူးဖိုးကွန်းမှတစ်ဆင့် တပ်မတော်ပညာရေးဌာနတွင် တာဝန် ထမ်းဆောင်ရန် ဗိုလ်ချုပ်အောင်ဆန်း၏ ဖိတ်ခေါ်မှုရခဲ့သည်။ ဖိတ်ခေါ်မှုကို လက်ခံပြီး နောက်တစ်နေ့ ၁၉၄၄ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်နေ့ နံနက် ၇ နာရီ တွင် ဂျပန်စစ်တပ်၏ ဖမ်းဆီးခြင်းခံရသည်။ ဆရာကြီးနှင့်အတူ လူပေါင်း ၁၈ ယောက် အဖမ်းခံရပြီး ဂျပန်ကင်ပေတိုင်၏ စစ်ဆေးခြင်းခံရသည်။ စစ်ကိုင်းမြို့အချုပ်ခန်းတွင် စစ်ဆေးပြီး ရွှေဘိုထောင်နှင့် မန္တလေးထောင်တို့တွင် အကျဉ်းချထားသည်။ ရွှေဘိုထောင်တွင် အကျဉ်းချခံထားရစဉ် ဆရာကြီး၏ တပည့်ဖြစ်သူ ဗိုလ်ကြီးခင်ညို၊ တပည့်ဟောင်း ကိုချစ်ဆွေ(နောင်ဆရာကြီး ဦးရာဇတ်၏ အပါးတော်မြဲ ဦးချစ်ဆွေ) တို့က ထောင်မှူးနှင့်ညှိ၍ ခိုးထုတ်ရန်စီစဉ်သည်ကို လက်မခံဘဲ အတူအဖမ်းခံရသူများကို ချန်မထားနိုင်ဟု ငြင်းဆန်ခဲ့သည်။ မန္တလေးနန်းတွင်းထောင်ကို မဟာမိတ်များ ဗုံးကြဲပြီးနောက် ၁၉၄၅ ခုနှစ် မတ်လ ၉ ရက်တွင် မန္တလေးထောင်က အကျဉ်းသားများ လွှတ်ပေးရာမှ လွတ်မြောက်ခဲ့သည်။ ဖက်ဆစ်အကျဉ်းသားအဖြစ် ရက်ပေါင်း ၁၉၁ ရက်တိတိ ခံစားခဲ့ရသည်။

ဖက်ဆစ်တော်လှန်ရေးအပြီး ၁၉၄၅ ခုနှစ်တွင် ဖွဲ့စည်းသော အထက်ဗမာပြည်လုံးဆိုင်ရာ ဖတပလ (ဖဆပလ)အဖွဲ့ကြီး၏ ဥက္ကဋ္ဌအဖြစ် ရွေးချယ်ခံရသည်။ ၁၉၄၅ ခုနှစ် ဒီဇင်ဘာလ ၂၄ ရက်မှ ၂၆ ရက်အထိ ပျဉ်းမနားမြို့တွင် ကျင်းပသော ဗမာနိုင်ငံလုံးဆိုင်ရာ မြန်မာ-မွတ်စလင် ကွန်ဂရက်၏ ဥက္ကဋ္ဌအဖြစ် ရွေးချယ်ခံရသည်။ မြန်မာ-မွတ်စလင် ကွန်ဂရက်က မြန်မာ့လွတ်လပ်ရေးတိုက်ပွဲကို ထောက်ခံခဲ့သည်။

၁၉၄၆ ခုနှစ် ဇန်နဝါရီလ ၂၁ ရက် ရန်ကုန်မြို့၌ ကျင်းပသော ရွှေတိဂုံအလယ်ပစ္စယံ ဖဆပလညီလာခံကို မန္တလေးခရိုင် ဖဆပလ ဥက္ကဋ္ဌအဖြစ် တက်ရောက်သည်။ ၁၉၄၇ ခုနှစ် ဧပြီလ တိုင်းပြုပြည်ပြုလွှတ်တော် ရွေးကောက်ပွဲ၌ မန္တလေးမြို့အရှေ့ပိုင်းမှ ကိုယ်စားလှယ်အဖြစ် ရွေးချယ်ခံရသည်။ ၁၉၄၇ ခုနှစ် ဇွန်လ ၁၀ ရက်တွင် ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သော ကြားဖြတ်ယာယီ အမျိုးသားအစိုးရအဖွဲ့၌ ပညာရေးနှင့် အမျိုးသားစီမံကိန်း ဝန်ကြီးအဖြစ် တာဝန်ပေးအပ်ခံရသည်။

ပညာရေးဝန်ကြီးအဖြစ် ဆောင်ရွက်စဉ် မန္တလေးမြို့တွင် ဥပစာကောလိပ်ပြန်လည် ဖွင့်လှစ်နိုင်ရေးနှင့် အထက်မြန်မာပြည် သီးခြားတက္ကသိုလ်ဖြစ်ရေးအတွက် ရန်ကုန်တက္ကသိုလ်၌ တာဝန်ထမ်းဆောင်နေသော ဦးကိုလေး (နောင်မန္တလေးတက္ကသိုလ် ဒုတိယအဓိပတိ၊ စာရေးဆရာ ဇေယျာမောင်) ကို ရွေးချယ်တာဝန်ပေးအပ်သည်။ ၁၉၄၇ ခုနှစ် မေလ ၂၉ ရက်တွင် ဦးကိုလေးသည် မန္တလေး ဥပစာကောလိပ်ကျောင်းအုပ်ကြီးအဖြစ် အလုပ်စတင်ဝင်ရောက်သည်။ ၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၇ ရက်တွင် မန္တလေးဥပစာကောလိပ် (မန္တလေးတက္ကသိုလ်)ကို ပြန်လည်ဖွင့်လှစ်ခဲ့သည်။ မန္တလေး ဥပစာကောလိပ်တွင်ပထမဦးဆုံး ဆောက်လုပ်ခဲ့သည့်အဆောင်ကို နောင်အခါ ဆရာကြီးဦးရာဇတ် ကို ဂုဏ်ပြုသောအားဖြင့် ရာဇတ်ခန်းမဆောင် (Razak Hall)ဟု အမည်ပေးခဲ့သည်။

ပညာရေးဝန်ကြီးအဖြစ် ဆောင်ရွက်နေစဉ် ၁၉၄၇ ခုနှစ် ဇွန်လတွင် အိန္ဒိယနိုင်ငံ မဒရပ်မြို့၌ ကျင်းပသော အာရှညီလာခံကို တက်ရောက်ခဲ့သည်။

၁၉၃၈ ခုနှစ်တွင် ဒေါ်ခင်ခင်နှင့် လက်ထပ်၍ သားသမီးသုံးဦး(ကိုတင်မြင့်၊ မခင်စိန်၊ ကိုလှကြည်)ထွန်းကားသည်။

၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက် စနေနေ့တွင် ရန်ကုန်မြို့ အတွင်းဝန်များရုံး၌ ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သော အစိုးရအဖွဲ့ဝန်ကြီးများ အစည်းအဝေးကျင်းပနေစဉ် နံနက် ၁၀ နာရီ ၃၇ မိနစ်တွင် မသမာသူတို့၏ လုပ်ကြံမှုကြောင့် တိုင်းပြည်အတွက် အသက်စွန့်လွှတ်ခဲ့ရသည်။ ။

**❖ ဆရာကြီးဦးရာဇတ်၏ ဦးဆောင်မှုဖြင့် မန္တလေးဗဟိုအမျိုးသားကျောင်းသည် ရန်ကုန် မြို့မ အထက်တန်းကျောင်းပြီးလျှင် အအောင်မြင်ဆုံး စံပြအမျိုးသားကျောင်းကြီးအဖြစ် သတ်မှတ်ခံရ။**

**❖ ကိုလိုနီခေတ်အတွင်း ကျောင်းသားများအား လက်ရုံးရည်၊ နှလုံးရည်၊ အားကစား၊ ဂီတ ဘက်စုံတတ်မြောက်စေရုံမျှမက လွတ်လပ်ရေးတိုက်ပွဲဝင် သားကောင်းများမွေးထုတ်ပေးသည့် အမျိုးသား ကျောင်းအုပ်ကြီးအဖြစ် အလွန်ထင်ရှား။**



ဦးရာဇတ် (၁၈၉၈-၁၉၄၇)

၁၉၄၇ ခုနှစ်၊ ဇူလိုင်လ ၁၉ ရက် နံနက် ၁၀ နာရီ ၃၇ မိနစ် ရန်ကုန်မြို့ အတွင်းဝန်များရုံး၌ ဝန်ကြီးများ အစည်းအဝေးကျင်းပနေစဉ် မသမာသူများ၏ လုပ်ကြံမှုများကြောင့် ဗိုလ်ချုပ်အောင်ဆန်းနှင့်အတူ ကျဆုံးခဲ့ရသည့် အမျိုးသားခေါင်းဆောင်ကြီးတစ်ဦး ဖြစ်သည်။ ၁၉၂၂ ခုနှစ် ဗဟန်း အမျိုးသားကောလိပ်မှ ဘီအေဘွဲ့ရပြီး မန္တလေးဗဟိုအမျိုးသား အထက်တန်းကျောင်း (ယခု အထက-၂) ကျောင်းအုပ်ဆရာကြီးအဖြစ် ၁၉၄၂ ခုနှစ် ဒုတိယကမ္ဘာစစ်ကူးစက်လာသည့်တိုင် တာဝန်ယူ၍ လွတ်လပ်ရေး တိုက်ပွဲဝင် တိုင်းပြည်သားကောင်းများစွာကို မွေးထုတ်ပေးခဲ့သူအဖြစ် ထင်ရှားသည်။ မန္တလေးဗဟိုအမျိုးသားကျောင်းကြီးကို အလွန်သံယောဇဉ်ကြီး၍ လက်ထပ်သောနေ့က ဇနီးဖြစ်သူ ဒေါ်ခင်ခင်အား "ကျုပ်အမေနဲ့ ကျုပ်ကျောင်းကိုတော့ မပုတ်ခတ်နဲ့၊ တခြားဘာမဆို လုပ်နိုင်တယ် " ဟု ပြောခဲ့သည်။ ဒုတိယကမ္ဘာစစ်အတွင်း ဖက်ဆစ်ဂျပန်များ၏ ဖမ်းဆီးခံရစဉ် တပည့်များက စွန့်စွန့်စားစားလုယက်ကယ်ဆယ်မည့် အစီအစဉ်ကို လက်မခံဘဲ အတူအဖမ်းခံရသူများနှင့် သေအတူ ရှင်မကွဲ ရဲရဲဝံ့ဝံ့ ရင်ဆိုင်ခဲ့သော ခေါင်းဆောင်တစ်ဦး ဖြစ်သည်။ ဒုတိယကမ္ဘာစစ်အပြီး မြန်မာနိုင်ငံလုံးဆိုင်ရာ မွတ်စလင်အသင်းကြီး၏ ဥက္ကဋ္ဌ၊ အထက်မြန်မာနိုင်ငံလုံးဆိုင်ရာ ဖဆပလ အဖွဲ့ကြီး၏ ဥက္ကဋ္ဌအဖြစ် ရွေးချယ်တင်မြှောက်ခံရ၍ မန္တလေးမြို့ရှိ ဗုဒ္ဓဘာသာ ရဟန်းရှင်လူအားလုံး၏ လေးစားယုံကြည်ခြင်းခံရသူ ဖြစ်သည်။ ဗိုလ်ချုပ်အောင်ဆန်းဦးဆောင်သော ကြားဖြတ်အစိုးရအဖွဲ့တွင် ပညာရေးနှင့် အမျိုးသားစီမံကိန်းဌာနဝန်ကြီး တာဝန်ထမ်းဆောင်နေစဉ် လွတ်လပ်ရေးအတွက် အသက်စွန့်ခဲ့ရပါသည်။

# စုပေါင်းလုပ်ကြမှသာ အကျိုးရှိနိုင်မယ်



**တစ်တိုင်းပြည်လုံး ကြီးပွားစေချင်ရင် လူအား၊ ငွေအား၊ ပစ္စည်းအားနဲ့ စုပေါင်းပြီး အင်တိုက်အားတိုက်လုပ်နိုင်မှ အကျိုးခံစားခွင့်ရှိကြမှာပဲ။ ဗမာက တစ်မျိုး၊ ကရင်က တစ်ဖုံ၊ ရှမ်း၊ ကချင်၊ ချင်းတို့က တခြား အကွဲကွဲအပြားပြားလုပ်နေကြရင် အကျိုးရှိမှာ မဟုတ်ဘူး။ စုပေါင်းလုပ်ကြမှသာ အကျိုးရှိနိုင်မယ်။ လုပ်ကြည့်မှလည်း အကျိုးရှိကြောင်း သိနိုင်တယ်။**

(ဗိုလ်ချုပ်အောင်ဆန်း၏ ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်နေ့
ပင်လုံညစာစားပွဲတွင် ပြောကြားခဲ့သည့် မိန့်ခွန်းမှ ကောက်နုတ်ချက်

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှာငံမြို့နယ်မှ ဒေသခံတိုင်းရင်းသားများနှင့်တွေ့ဆုံ၍ စာကြည့်တိုက်အတွက် စာအုပ်စာစောင်များ၊ ကိုဗစ် - ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးပစ္စည်းများ ပေးအပ်လှူဒါန်း

**နေပြည်တော် ဇူလိုင် ၁၅**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် အဖွဲ့ဝင်များနှင့်အတူ ယမန်နေ့ မွန်းလွဲပိုင်းတွင် ခနောကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရှာငံမြို့နယ် ဆင်နက်ချောင်ကျေးရွာမှ ဒေသခံတိုင်းရင်းသားများအားတွေ့ဆုံ၍ ကျေးရွာစာကြည့်တိုက်အတွက် စာအုပ်စာစောင်များ၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးပစ္စည်းများနှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဇနီးဒေါ်ကြူကြူလှနှင့် သားသမီးမြေးများက လှူဒါန်းသည့် ရုပ်မြင်သံကြား ပြစက်နှင့် Skynet စက်တစ်စုံတို့အား ပေးအပ်လှူဒါန်းသည်။



### ရှင်းလင်းတင်ပြ

ရေးဦးစွာ ကျေးရွာရှိ ထူးထက်သာခန်းမ၌ ကျေးရွာပရဟိတ ဥက္ကဋ္ဌ ဦးတိုင်းလွင်က ကျေးရွာသမိုင်းအကျဉ်းနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ဆောင်ရွက်ခဲ့မှုနှင့် စိုက်ပျိုးမွေးမြူရေးဆိုင်ရာ ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လွန်ခဲ့သည့် ၁၀ ရက်ခန့်တွင် ဤဆင်နက်ချောင်ကျေးရွာနှင့် ပတ်သက်၍ သတင်းတစ်ပုဒ်ကို ဖတ်ခဲ့ရပါကြောင်း၊ ဆင်နက်ချောင်ကျေးရွာသည် သန့်ရှင်းသပ်ရပ်မှုရှိကာ သာယာလှပမှုရှိကြောင်း၊ မူးယစ်ဆေးဝါးကင်းစင်ပြီး ရှာငံဒေသတွင် စံပြကျေးရွာ တစ်ရွာဖြစ်ကြောင်း ဖတ်ရှုသိရှိရသဖြင့် စိတ်ဝင်စားမိပါကြောင်း၊ ယခု တောင်ကြီးဘက်သို့ ခရီးစဉ်လာရောက်စဉ်အတွင်း အကြောင်းတိုက်ဆိုင်သဖြင့် လာရောက်ခြင်းဖြစ်ပါကြောင်း၊ သတင်းတွင် ဖတ်ရှုခဲ့ရသည့်အတိုင်းပင် ယခုတွေ့မြင်ရသည်မှာ ကျေးရွာသည် သန့်ရှင်းသပ်ရပ်ပြီး စိုက်ခင်းများဖြင့် သာယာလှပနေမှုများကို တွေ့ရှိရသည့်အတွက် စိတ်ကြည်နူးရပါကြောင်း၊ ကျေးရွာအတွင်း မူးယစ်ဆေးဝါး ကင်းစင်သည်ဟု သိရသည့်အတွက်လည်း ဂုဏ်ပြုသည့်အနေဖြင့် ယခုကဲ့သို့ လာရောက်ခြင်း ဖြစ်ပါကြောင်း။

မူးယစ်ဆေးကိစ္စသည် ကိုယ်စီအသိတရားဖြင့် ထိန်းချုပ်ရမည့်အရေးကိစ္စဖြစ်ပါကြောင်း၊ တပ်မတော်အနေဖြင့်လည်း မူးယစ်ဆေးဝါးနှိမ်နင်းတိုက်ဖျက်ရေး လုပ်ငန်းများကိုအင်တိုက်အားတိုက် လုပ်ဆောင်လျက်ရှိပါကြောင်း စသည်ဖြင့် ပြောကြားသည်။

### ပေးအပ်လှူဒါန်း

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ကျေးရွာစာကြည့်တိုက်အတွက် သုတ၊ ရသ စာအုပ်စာစောင်များ၊ Skynet တစ်စုံနှင့် ရုပ်မြင်သံကြား ပြစက်တစ်လုံးကိုလည်းကောင်း၊ ကိုဗစ် -၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးပစ္စည်းများဖြစ်သည့် Surgical Masks အခု ၅၀၀၀ ၊ Handgel ဘူး ၁၀၀ ၊ Hand sanitizer ဘူး ၁၀၀ နှင့် စားသောက်ဖွယ်ရာများကို ပေးအပ်လှူဒါန်းသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် အနန္တဇိနသမ္ဗုဒ္ဓေ စေတီတော်မြတ်ကြီး တည်ထားကိုးကွယ်ရန် တည်ဆောက်နေမှု အခြေအနေများကို သွားရောက်ဖူးမြော်ကြည့်ရှုပြီး ပန်း၊ ရေချမ်း၊ ဆီမီး ဆက်ကပ်ပူဇော်ခဲ့ကြောင်း သိရသည်။

နံနက်ပိုင်းကလည်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် အဖွဲ့ဝင်များနှင့်အတူ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် နန်းသီတာ ဘက်စုံစိုက်ပျိုးမွေးမြူရေးစခန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**

---

### ■ ၂၀၂၀ ပြည့်နှစ်မှ

အထွေထွေရွေးကောက်ပွဲကို နိုဝင်ဘာ ၈ ရက်တွင် ကျင်းပသွားမည်ဖြစ်ပြီး သက်ဆိုင်ရာ လွှတ်တော်အလိုက် ရွေးကောက်ပွဲကျင်းပမည့် မဲဆန္ဒနယ်များကိုလည်း သတ်မှတ် ကြေညာပေးခဲ့ပြီး ဖြစ်ပါကြောင်း၊ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲသည် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ကျင်းပပေးရမည်ဖြစ်သည့်အတွက် ရွေးကောက်ပွဲနှင့်သက်ဆိုင်သော ဝန်ကြီးဌာနများ၏ အကူအညီများစွာ လိုအပ်ပါကြောင်း၊ ရွေးကောက်ပွဲတွင် ပြည့်စုံမှန်ကန်သည့် မဲစာရင်းရရှိစေရန်နှင့် မဲပေးပိုင်ခွင့်ရှိသည့် နိုင်ငံသားတိုင်း မဲပေးခွင့်ရရှိစေရန် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့နှင့် ပူးပေါင်းစီမံချက်ရေးဆွဲ၍ ၂၀၁၉ ခုနှစ်ကတည်းက အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါကြောင်း၊ တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် မဲဆန္ဒရှင်ပေါင်း ၃၇ သန်းကျော် ပြုစုထားရှိပြီး ကော်မရှင်အဖွဲ့ခွဲများက လစဉ်ဖြည့်စွက်၊ ပြင်ဆင်ခြင်းများ စိစစ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ မဲဆန္ဒရှင်စာရင်းကပ်ထားကြေညာခြင်းကိုလည်း ဥပဒေ၊ နည်းဥပဒေများနှင့်အညီ နှစ်ကြိမ် ကပ်ထားကြေညာပေးသွားမည်ဖြစ်ပါကြောင်း၊ မဲစာရင်းကပ်ထားချိန်တွင် မိမိအမည် မဲစာရင်း ပါ/မပါ သွားရောက်ကြည့်ရှုရန် လိုအပ်ပါကြောင်း။

မိမိအမည်မပါရှိက ပုံစံ (၃) ဖြင့် ထည့်ပေးရန် တောင်းဆိုခြင်း၊ မပါဝင်သင့်သည့် အမည်များ ပါဝင်နေပါက ပုံစံ (၄) ဖြင့် ကန့်ကွက်ခြင်း၊ မဲစာရင်းတွင် ပါဝင်သည့် အချက်အလက်များ မှားယွင်းနေပါက ပုံစံ (၄-က) ဖြင့် ပြင်ဆင်ပေးရန် တောင်းဆိုနိုင်ပါကြောင်း၊ အစိုးရ၏ ခွင့်ပြုချက်ဖြင့် နိုင်ငံပြင်ပ ရောက်ရှိနေသည့် မဲဆန္ဒရှင်များ ကြိုတင်ဆန္ဒမဲပေးခြင်း လုပ်ငန်းစဉ်နှင့်စပ်လျဉ်း၍ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် လုပ်ငန်းစဉ်များအပေါ် ကြိုတင်ပြင်ဆင်ပြီး လိုအပ်ချက်များကိုလည်း ညှိနှိုင်းဆောင်ရွက်သွားရန် ပြောကြားလိုပါကြောင်း၊ ကော်မရှင်အနေဖြင့် နိုင်ငံပြင်ပရောက်မဲဆန္ဒရှင်များ ကြိုတင်မဲပေးခြင်းဆိုင်ရာလက်စွဲစာအုပ်ကို ပြုစုထုတ်ဝေထားပြီး ဖြစ်ပါကြောင်း၊ လုပ်ငန်းဆိုင်ရာအလိုက် ဆောင်ရွက်ရမည့်သတ်မှတ်ရက်များကို အချိန်နှင့်တစ်ပြေးညီ ဆက်လက်ကြေညာပေးသွားမည်ဖြစ်ပါကြောင်း၊ ရွေးကောက်ပွဲတွင် ရွေးကောက်ပွဲလုံခြုံရေးစီမံခန့်ခွဲမှုကော်မတီများနှင့် ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီများ ဖွဲ့စည်းသွားမည်ဖြစ်သည့်အတွက် ယခင်ရွေးကောက်ပွဲများ၏ အတွေ့အကြုံများအရ လိုအပ်ချက်များရှိပါက ပြည်ထဲရေးဝန်ကြီးဌာနနှင့် ကာကွယ်ရေးဝန်ကြီးဌာနများက အကြံပြုပေးစေလိုပါကြောင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနများအနေဖြင့်လည်း လုပ်ငန်းစဉ်များအလိုက် သက်ဆိုင်ရာကဏ္ဍများတွင် ပူးပေါင်းပါဝင်ကူညီဆောင်ရွက်ပေးရန် ပြောကြားလိုပါကြောင်း၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးအနေဖြင့် ဥပဒေရေးရာကိစ္စရပ်များတွင်လည်းကောင်း၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးအနေဖြင့် ရွေးကောက်ပွဲ ကုန်ကျစရိတ်စိစစ်ခြင်းကိစ္စရပ်များတွင်လည်းကောင်း တိကျမှန်ကန်မှုရှိစေရေး စိစစ်ကူညီဆောင်ရွက်ပေးစေလိုပါကြောင်း၊ ကျောင်းများတွင် မဲရုံများဖွင့်လှစ်နိုင်ရေးနှင့် မဲရုံမှူး၊ ဒုမဲရုံမှူးနှင့် မဲရုံဝန်ထမ်းများခန့်အပ်ရာတွင် ပညာရေးဝန်ကြီးဌာနမှ ဆရာ ဆရာမများနှင့် ဆောင်ရွက်ရမည်ဖြစ်သည့်အတွက် အဆင်ပြေချောမွေ့စေရေး ကြိုတင်ညွှန်ကြားပေးစေလိုပါကြောင်း၊ ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် မဲဆန္ဒရှင်အသိပညာပေးခြင်းနှင့် ရွေးကောက်ပွဲအသိပညာပေးခြင်းများ ကူညီဆောင်ရွက်ပေးလျက်ရှိပြီး မဲလက်မှတ်များ ပုံနှိပ်ခြင်းလုပ်ငန်းကိုလည်း စနစ်တကျဖြစ်စေရေး ကြပ်မတ်ဆောင်ရွက်ပေးရန် ပြောကြားလိုပါကြောင်း။

### ညွှန်ကြားကြီးကြပ်

ရွေးကောက်ပွဲလုပ်ငန်းစဉ်များဖြစ်သည့် မဲစာရင်းကပ်ထားကြေညာခြင်း၊ မဲဆွယ်စည်းရုံးခြင်းများ ဆောင်ရွက်ခြင်း၊ ရွေးကောက်ပွဲနေ့တွင် မဲဆန္ဒရှင်ပြည်သူများ မဲပေးခြင်း ဆောင်ရွက်သည့် အချိန်များတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ ညွှန်ကြားချက်များနှင့် အညီဖြစ်စေရေး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ရွေးကောက်ပွဲလုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ဝန်ကြီးဌာနများအနေဖြင့် အောက်ခြေအဖွဲ့အစည်းအဆင့်ဆင့်ကိုလည်း သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရေး ညွှန်ကြားကြီးကြပ်ပေးစေလိုပါကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်သည် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကို ချမှတ်ထားသည့် စံ ငါးချက်နှင့်အညီ ကျင်းပပေးသွားမည်ဖြစ်ပါကြောင်း၊ ရွေးကောက်ပွဲလုပ်ငန်းစဉ်များ အချိန်နှင့်တစ်ပြေးညီ အောင်မြင်စွာဆောင်ရွက်နိုင်ရန် ဝန်ကြီးဌာနများက မိမိတို့နှင့်သက်ဆိုင်သည့် လုပ်ငန်းစဉ်များအပေါ် လိုအပ်ချက်၊ အကြံပြုချက်များရှိပါက ဆွေးနွေးအကြံပြု ပေးစေလိုပါကြောင်း ပြောကြားသည်။

### ပြန်လည်ရှင်းလင်း

ဆက်လက်၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ်က ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက် စီစဉ်ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြသည်။ ထို့နောက်အစည်းအဝေးသို့ တက်ရောက်လာကြသည့် ဝန်ကြီးဌာနများမှ တာဝန်ရှိသူများက အကြံပြု တင်ပြဆွေးနွေးခဲ့ကြပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးမှ ပြန်လည်ရှင်းလင်းသည်။

ယင်းနောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

၂၀၁၆ ခုနှစ်တွင် ခေတ်ပြတိုက်စာပေမှထုတ်ဝေသော ယမင်းမြတ်အေး တွေ့ဆုံမေးမြန်းသည့် ကိုယ်တွေ့ဗိုလ်ချုပ်အောင်ဆန်းစာအုပ်မှ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် နာယက ဦးတင်ဦး (ဗိုလ်ချုပ်ကြီးဟောင်း)နှင့် တွေ့ဆုံမေးမြန်းခြင်းကို စာရေးသူ၏ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။

# အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် နာယက ဦးတင်ဦး(ဗိုလ်ချုပ်ကြီးဟောင်း)နှင့် တွေ့ဆုံမေးမြန်းခြင်း

ဖက်ဆစ်တော်လှန်ရေး၊ နယ်ချဲ့ဆန့်ကျင်ရေးတိုက်ပွဲများတွင် ဆယ်ကျော်သက်လူငယ်တစ်ဦးအဖြစ် ပါဝင်ခဲ့ပြီး ယနေ့အသက် ၉၀ အရွယ်၌လည်း ဒီမိုကရေစီအရေးတော်ပုံတွင် ထိပ်ဆုံးမှ တက်တက်ကြွကြွပါဝင်နေသူ ကာကွယ်ရေးဦးစီးချုပ်ဟောင်း ဦးတင်ဦးနှင့် တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြအပ်ပါသည်။ ဦးတင်ဦးသည် ၂၀၁၅ ရွေးကောက်ပွဲတွင် အပြတ်အသတ်အနိုင်ရရှိခဲ့သော ဒေါ်အောင်ဆန်းစုကြည်ခေါင်းဆောင်သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ နာယကကြီးတစ်ဦးလည်း ဖြစ်ပါသည်။

## တွေ့ဆုံမေးမြန်း
## ယမင်းမြတ်အေး

(ယမန်နေ့မှအဆက်)

**မေး။** ။ အဲဒီမှာ ဘာဘတို့ကို ဗိုလ်ချုပ်က ဘာတွေများပြောသလဲ၊ ဂျပန်တော်လှန်းရေးနဲ့ပတ်သက်ပြီး ပြောပါသလား။

**ဖြေ။** ။ အဲဒီမှာတော့ ရယ်ရယ်မောမော၊ ရွှင်ရွှင်ပျပျ သူက စကားတွေဘာတွေပြောတယ်။ ကျကျနနပဲ ဝတ်လာတာပါပဲ။ သို့သော် အခမ်းအနားတုန်းကလိုတော့ တကယ့် Full Uniform နဲ့မဟုတ်ဘူး။ သာမန်ရိုးရိုးပဲ ဝတ်လာပြီးတော့ တပ်မှူးငယ်လေးတွေကို တွေ့တဲ့အခါကျတော့ "ဘယ်ကလာတာလဲ။ ဘယ်အပတ်ကဆင်းတာလဲ။ ပျော်ရဲ့လား။ စစ်တိုက်ဖူးရဲ့လား" နောက်ပြီးတော့ ပြောသေးတယ်၊ ဆက်လုပ်ဖို့အတွက် စိတ်ကူးသလား။ တိုင်းပြည်လွတ်လပ်ရေးနဲ့ပတ်သက်ပြီး စစ်တိုက်ရဖို့က ကျန်သေးတယ်။ တိုင်းပြည်က တကယ်လွတ်လပ်ရေးမရသေးတဲ့အကြောင်းပြောတယ်။ ဒါပေမဲ့ ဂျပန်တော်လှန်ရေးနဲ့ ပတ်သက်ပြီးတော့ ဘာမှမပြောဘူး။ နောက်တော့သူက တိုင်းပြည်လွတ်လပ်ရေးက တပ်မှူးတွေ၊ မင်းတို့ လူငယ်တွေအပေါ် မူတည်တယ်ဆိုတဲ့အကြောင်း၊ မင်းတို့လူငယ်တွေ ကြိုးစားကြဆိုပြီး အဲဒါလောက်ပဲပြောတယ်။

မေးတော့လည်း တစ်ယောက်ချင်းမေးတာပါပဲ။ ကျွန်တော့်လည်း မေးတယ်။ ဘေးက တစ်ယောက်လည်း မေးတယ်။ ကျွန်တော်တို့အပတ်မှာ ဆင်းလာတာ နောက် လေးယောက်ရှိတယ်။ ဆိုရှယ်နီမြသွေးက ကျွန်တော်တို့အပတ်ဆင်းတာပေါ့။ နောက် .... သန်းညွန့်ဆိုတာ သေသွားပါပြီ။ အဲဒီတုန်းက သူတို့အချင်းချင်းလည်း ရယ်ရယ်မောမောပဲ။ ကျွန်တော်တို့ကိုလည်း ရယ်ရယ်မောမောပဲ။ အားပေးစကားတွေဘာတွေပြောပြီးတော့ ခဏလေးပဲ စားသောက်ပြီးတော့ သူပြန်သွားရော။ ပြန်မယ်ဆိုပြီးပြန်သွားတော့ နည်းနည်းတောင် မှောင်စပျိုးနေပြီ။ အဲဒါပြီးရင် အငြိမ့်ကမှာ။

ကျွန်တော်တို့စားသောက်ပြီးတော့ ဗိုလ်ကြာညွန့် ရောက်လာတယ်။ ဗိုလ်ကြာညွန့်က "ခင်ဗျားအပြင်ပြန်ထွက်ရမယ်။ ပဲခူးချောင်းဖျားသွားရမယ်" အဲဒီတော့ ပဲခူးချောင်းဖျားမှာ ဂျပန်နဲ့တွေ့မယ်။ ဂျပန်တပ်တွေလည်း ရှာဖွေနေတာတွေ့မယ်။ အင်္ဂလိပ်တပ်တွေလည်း လေထီးချတာတွေရှိမယ်။ အဲဒီတော့ ဂျပန်နဲ့တွေ့ရင် မင်းဂျပန်လိုပြောပြီးတော့ ဒီမှာရှိတဲ့ အခြေအနေကို လာကြည့်တာ၊ လေထီးတွေချတယ်ကြားလို့ ဒီသတင်းလာယူတာ။ အထက်အမိန့်နဲ့ တာဝန်အရသွားရတာဆိုတာကိုပြောပြလို့ မှာလိုက်တယ်။ အမိန့်စာလေးလည်းပေးလိုက်တယ်။ အမိန့်စာကတော့ ဗမာလိုရေးထားတာ။ အပေါ်ကျတော့ ဂျပန်နဲ့တွေ့တာပဲ။ တွေ့တော့ ဒီလိုပဲမှာလိုက်တဲ့အတိုင်းပြောရတာပေါ့။ အခြေအနေသွားကြည့်တယ်၊ မကြာခင်ပြန်လာမယ်။ အဲဒီဘက်ကိုသွားမယ်ဆိုပြီးတော့။ သူတို့က တံဆိပ်ရိုက်ပေးပြီး သွားခွင့်ပေးလိုက်တယ်။ သွားတော့မှာလိုက်တယ်။ ဇောင်းယားကုန်းရောက်ရင် ခဏစောင့်ပါဆိုပြီးတော့ အဲဒီအခါ ငါ့လူတစ်ယောက်လာခေါ်မယ်တဲ့။ အဲဒီလူနောက်လိုက်သွားရမယ်တဲ့။ ဒါပဲပြောထားတယ်။ အဲဒီရောက်တော့ မှောင်နေပြီ။ ည ၈ နာရီ၊ ၉ နာရီလောက်ရောက်လာတော့ စားစရာတွေ၊ သောက်စရာတွေလည်း ပါလာတယ်။ ပြီးတော့မှ သူပြောတာက ကိုပြားကြီးဆိုတဲ့လူနဲ့ လိုက်သွားရမယ်တဲ့။ သူက ဆရာစံသူပုန်တုန်းက ကိုမြထွန်းရဲ့သား။ သူက အဲဒီနယ်ကျွမ်းတယ်ဆိုတော့ သူ့နောက်ကို လိုက်သွားရမယ်တဲ့။ ဒီတော့ "မင်းတို့ ဂျပန်တွေ့ရင် ဂျပန်ကို ဒီအတိုင်းပြော၊ အင်္ဂလိပ်ကိုတွေ့ရင်လာပြီးတော့ ကြိုပေးတဲ့အဖွဲ့အနေနဲ့ နောက်ဆက်သွယ်မှုလုပ်ငန်းကို မင်းလုပ်ရမယ်။ ဒါပဲလုပ်ပါ။ မင်းလည်း


အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နာယက ဦးတင်ဦး(ဗိုလ်ချုပ်ကြီးဟောင်း)နှင့် တွေ့ဆုံမေးမြန်းခြင်း

အင်္ဂလိပ်လိုနည်းနည်းပြောတတ်တော့ ပြောပြီးလုပ်ပေါ့" ဒါပဲပြောတယ်လေ။ အဲဒီတော့ ကျွန်တော်သိပြီ၊ ရိပ်မိတယ်။ တော်လှန်တော့မယ်ထင်တယ်ဆိုတာကို။ သေချာတော့မသိဘူး။ အတိအကျတော့ ဘာမှမပြောပါဘူး။

**မေး။** ။ တော်လှန်ရေးကာလနောက်ပိုင်းအကြောင်း ပြောပြပါဦး။

**ဖြေ။** ။ အဲဒီလိုနဲ့ ဖက်ဆစ်တော်လှန်ရေးလုပ်တယ်ပေါ့ဗျာ။ ပြီးတော့တပ်ဖျက်တယ်။ ပြီးတော့ အိမ်ပြန်ကြတာပေါ့ဗျာ။ အိမ်ပြန်တော့ အမေ့ကို ပြောတာပေါ့။ အမေရေ....စစ်ဆိုရင်တော့ ရေတောင်စစ်မသောက်ချင်တော့ဘူးလို့။ ကျွန်တော်ပညာပြန်သင်မယ်။ ကျွန်တော် ၁၀ တန်းလည်း အောင်ပြီးပြီ။ Certificate ကလည်း ရှိတယ်။ သွားပြီးတော့ ကျောင်းတက်မယ်ဆိုတော့ ကျောင်းတက်ဖို့ ပြန်လာတော့ အခုကျောင်းနေရာက စစ်တပ်က သိမ်းထားတာ။ အဲတော့ ကျောင်းမဖွင့်ဘူး။ ကျောင်းက ဘယ်မှာဖွင့်လဲဆိုတော့ ရွှေဘုံသာလမ်းထဲမှာ။ အဲဒီမှာ တိုက်တွေကပိုင်ဆိုင်တဲ့ လူတွေ စစ်စဖြစ်တော့ ထွက်ပြေးသွားတာကိုး။ အဲဒီအိမ်တွေပေါ်မှာ ကျောင်းဖွင့်ထားတယ်။ အဲဒီကျောင်းမှာက ကလေးတွေက သူတို့ ၅ တန်း၊ ၆ တန်းနဲ့ ဂျပန်ဝင်လာတာကိုး။ ဝင်လာတော့ အကုန်လုံး Curriculum တွေဖျက်လိုက်ပြီးတော့ မြန်မာစာရယ်၊ ပထဝီရယ်၊ သမိုင်းရယ်၊ သင်္ချာရယ်က မြန်မာလိုသင်ရတယ်။ ကျန်တာကတော့ ဂျပန်စာပဲ ကျက်ရတယ်။ အင်္ဂလိပ်စာကိုဖြုတ်ပစ်လိုက်တယ်။ အဲတော့ အင်္ဂလိပ်စာမတတ်တော့ဘူး။ အင်္ဂလိပ်ပြန်ဝင်လာတဲ့ အခါကျတော့ အင်္ဂလိပ်စာပြန်သင်တော့ မတတ်တော့ ဒုက္ခရောက်ရော၊ အဲဒီတော့ကျူရှင်တွေ ပေါ်လာရော၊ အဲဒီမှာ ကျူရှင်တို့ဘာတို့ပေါ်လာတော့ အဲဒီမှာစပြီးတော့ ကျူရှင်ဆိုတာ ကြားဖူးတာ။

**ဗိုလ်ချုပ်က တကယ့်စစ်သေနာပတိတို့ရဲ့ အဆောင်အယောင်နဲ့ဆိုတော့ ကြည့်ကောင်းတယ်။ စစ်စိတ်စစ်သွေးကလည်း ဂျပန်ကကောင်းကောင်းသင်ထားတော့ စစ်စိတ်စစ်သွေးကလည်း အပြည့်သူ့မှာရှိတယ်။ ကျွန်တော်ကတော့ တိုင်းပြည်အတွက်၊ နိုင်ငံနဲ့လူမျိုးအတွက် အင်မတန်ကျေးဇူးရှိတဲ့ပုဂ္ဂိုလ်လို့ ယုံကြည်ပါတယ်။ တပ်မတော်ကိုဖွဲ့ပြီးတော့ တိုင်းရင်းသားတွေနဲ့ ပတ်သက်ပြီး ညီညွတ်အောင် လုပ်သွားတာ။ လွတ်လပ်ရေးရအောင်လုပ်သွားတာ။ အင်မတန်ချီးကျူးစရာကောင်းတဲ့၊ အင်မတန်ရှားပါးတဲ့ ခေါင်းဆောင်မျိုးပဲ။**

အဲဒီမှာ ကျွန်တော်လည်း ကျူရှင်တွေဘာတွေဝင်ပြဖြစ်တယ်။ ကျွန်တော့်ဦးလေးက ကျူရှင်ပြဖို့ ပြောတယ်။ မထူးပါဘူးကွာတဲ့။ "မင်းလည်း လေးတန်း၊ ငါးတန်းလောက်တော့ အင်္ဂလိပ်စာသင်ကွာ" ဆိုတော့ ကျွန်တော်လည်း သင်တယ်။ ဒါပေမဲ့ ကြာလာတော့ မနေချင်ဘူး။ ဒီမှာက မဟာမြိုင်မှာက ကျောင်းမှာက ဖျက်သိမ်းထားတဲ့တပ်တွေနဲ့ လာကြုံနေရတော့ ကျွန်တော်က သူငယ်ချင်းတွေ၊ ဘယ်သူတွေရှိလဲသွားကြည့်တာ၊ တစ်ရက်သွားကြည့်ပြီး ထမင်းစားနေတဲ့ အခါကျတော့ သူတို့ငတ်နေကြတာ။ အဲဒီမှာတပ်က ရိက္ခာထုတ်တာက လူ ၈၀၀ စာ ထုတ်တယ်ပေါ့။ ဒါပေမဲ့ စားတဲ့အခါ ၁၀၀၀ ကျော်သွားတယ်။ ဆိုတော့ သရက်ရွက်တွေပေါ်မှာ လက်ခုပ်တွေပေါ်မှာ တင်ပြီးထမင်းစားရတာ။ နေ့တိုင်း၊ အဲဒီတော့ ဒီနေ့ ၁၀၀၀ လာတယ်ဆိုပြီး နောက် ၁၂၀၀ စာ၊ ၁၅၀၀ စာ တင်တယ်။ တင်တဲ့နေ့မှာ ၂၀၀၀ ဖြစ်တယ်။ အဲဒီလိုပဲ တက်တက်လာတာ။ ဒါပေမဲ့ ရဲဘော်စိတ်ရှိတယ်ပေါ့နော်။ မျှတတော့စားတာပေါ့။

စားနေရင်းနဲ့ တစ်နေ့တော့ ဘယ်လိုဖြစ်လဲဆိုတော့ တချို့လည်းစစ်ဗိုလ်လျှောက်ပြီးမရကြ။ တချို့လည်း လျှောက်ပြီးရပေမယ့်မသွားကြ၊ အဲလိုဖြစ်နေတာပေါ့။ တပ်ရင်း(၄)ကို သွားတဲ့သူများတယ်။ ဦးနေဝင်းဆီကို သွားတဲ့လူများတယ်။ နောက်ဟိုဘက်က ဗိုလ်ဇေယျ ဆီသွားတယ်။ နောက်တစ်ခုက ဗိုလ်ချုပ်ကျော်ဇော ဆီသွားတယ်။ ကျွန်တော်ကကျတော့ အမှန်ကဆရာဝန်ဖြစ်ချင်တာ။ ဒါကြောင့်သိပ္ပံတွဲယူတာ။ ဒါပေမယ်လို့ တစ်နေ့တော့ သွားကြည့်တော့ ဓမ္မိက ဘသန်းက ဟိုတုန်းက officer ကိုး။ အင်္ဂလိပ်တပ်က၊ သူက ဒီတုန်းက တပ်ရင်း (၄)မှာ Liaison officer လုပ်နေတာ။ ကျွန်တော့်ကိုလည်းသိတယ်။ သူက မေးတယ်။ တပ်ထဲပြန်မဝင်ဘူးလားတဲ့။ မဝင်တော့ပါဘူးလို့ ပြောလိုက်တယ်။ ဒါနဲ့မင်းတို့ အင်တာဗျူးလုပ်တုန်းက ဘယ်မှာလုပ်တာလဲတဲ့။ ကျွန်တော်တိုင်း (၄)၊ တပ်ရင်း(၂)၊ တပ်ခွဲ(ခ) မှာ တာဝန်ထမ်းဆောင်တယ်လို့၊ ဗိုလ်တင်ဦးလို့ခေါ်တယ်လို့ ပြောတော့။ သူက ဟာ ... မင်းကို ဒါရိုက်ကော်မရှင်ပေးဖို့၊ အရာရှိအဖြစ် ခန့်ထားဖို့အတွက် အမိန့်က ဒီမှာတစ်ပါတည်းပါနေတယ်တဲ့။ ဒါကြောင့် ဗိုလ်သင်တန်းကျောင်း သွားတက်ရမယ်တဲ့။ ဆင်းဟတ်ကျောင်း သွားတက်ရမယ်တဲ့။ အဲဒီဆင်းဟတ်ဆိုတာ ဘာလဲဆိုတော့ အင်္ဂလိပ် စစ်သင်တန်းကျောင်းတဲ့။ အဲဒီမှာသူက ... မင်းဘာလမ်းလွဲတာလဲတဲ့။ လွတ်လပ်ရေးမပြီးသေးဘူးတဲ့ပြောတယ်။ ကျွန်တော်ကလည်း ပြန်ပြောတယ်။ "မဟုတ်ဘူး ... ကျွန်တော် ဒီလိုပဲကျောင်းတက်ချင်လို့ပါ။ ကျွန်တော်မဝင်ချင်တော့ဘူး" လို့။ "အမေ့ကိုလည်း ကျွန်တော် ကတိပေးခဲ့ပြီ"လို့လဲ ဆိုရော ... "အမယ်လေး ... မင်းကွာ တော်တော်မိုက်တဲ့အကောင်၊ လာကွာ ဘာညာ" နဲ့ဆိုပြီးတော့ ခေါ်သွားတော့ ကျွန်တော်လည်းမထူးတော့ဘူး။ အဲဒါနဲ့ပေးဗျာဆိုပြီး ကျွန်တော် လက်မှတ်ထိုးပြီး အဲဒီအမိန့်စာကိုယူလိုက်တယ်။

ထိုးပြီးနှစ်ရက်ကြာတော့ ဂျင်မခါနာသွားရတယ်။ သွားတော့အဲဒီမှာ ဆရာဝန်၊ စကော့တစ်ချို မကြီးနဲ့ သွားတွေ့တယ်။ ကျွန်တော်က ဆေးစစ်ဖို့သွားတာ သူကကျွန်တော့်ကို ဆူလိုက်တာဗျာ။ မင်းလောက်မိုက်တဲ့ အကောင်မရှိဘူး ဆိုပြီး၊ ငါ့မှာသားသမီးတွေ စကော့တလန်မှာ ကျန်ရစ်ခဲ့တာ။ "အခု ငါ့သားသမီးတွေ တွေ့ချင်နေတာကြာလှပြီ၊ အခုခွင့်မရသေးလို့ မပြန်ရသေးဘူး။ တပ်ပြန်တဲ့အခါငါပြန်ရတော့မှာ။ မင်းတို့ကစစ်ထဲဝင်တယ်။ တော်တော်မိုက်တဲ့အကောင်လေးပဲ။ မင်းအမေ မင်းကိုမဆူဘူးလား။ မတားဘူးလား" ဆိုပြီးပြောတာပေါ့ဗျာ။ "မင်းအမေမင်းကိုလွှတ်သလား။ အမေကိုယ်တိုင်ကလည်း သားသမီးကို မပြောဘူး။ ငါ့မှာသားသမီး ရှိတယ်" ဒါတွေပဲပြောနေတာ။ ကျွန်တော်ပြောတယ်။ "ခဏနေပါဦး။ ကျွန်တော်တို့က မသွားလို့မရဘူး။ ဒါ လေးပဲလုပ်ပေးပါ" ဆိုတော့ လုပ်မပေးနိုင်ဘူးလို့ သူက ပြန်ပြောတယ်။ မပေးဘူး။ ဒါကြောင့် ကျွန်တော်က ပြောရတယ်။ "မဟုတ်သေးဘူး။ ကျွန်တော်က လွတ်လပ်ရေးအတွက် ကျန်သေးတယ်" သဘောပေါက်အောင်ပြောရတယ်။ အဲတော့မှ သူနားလည်သွားပြီး ... ဒီတော့မှ ပေးဆိုပြီးတော့ဘာမှလည်း မလုပ်ပါဘူး။ အေပလတ်စ်ပလတ်စ် (A Plus Plus) ဆိုပြီး ရေးပေးလိုက်တယ်။ ကဲသွားတော့ ဆိုပြီးတော့။ အဲဒါသွားလည်းပြပြီးရော၊ ကော်မရှင်နာအရာရှိဖြစ်ပြီးတော့ မေမြို့ ရောက်သွားရော။

ကျောင်းဆင်းတော့ဗျာ တပ်မတော်တိုးချဲ့ဖွဲ့တော့ တော်လှန်ရေးက ရဲဘော်တွေလာတာပေါ့။ သူတို့ကတော့ တော်လှန်ရေးသမားစိတ်ကိုး။ အင်္ဂလိပ်တို့ဘာတို့ညာတို့ကို ကြည်တာမှ မဟုတ်တာ။ အထူးသဖြင့် အင်္ဂလိပ်အောက်ကသင်တန်းဆရာတွေကို ပိုမကြည်ဘူး။ ကျွန်တော်တို့လို Commission Officer တွေမဟုတ်ဘူး။

စာမျက်နှာ ၉ သို့ ❖

❖ စာမျက်နှာ ၈ မှ

ဒါကြောင့် ဗိုလ်ချုပ်အောင်ဆန်းကို ကျွန်တော်တို့က သိပ်ကျေးဇူးတင်တယ်ဆိုတာက သူတို့နားမလည်လို့။ ဗိုလ်ချုပ်အောင်ဆန်းက တပ်မတော်ကို အကောင်းဆုံးဖြစ်အောင် ဖွဲ့စည်းသွားတာ။ ဟိုကပေးတာက ဗိုက်စရယ်ကော်မရှင် (VC) ကိုပေးတာပဲ။ လုပ်ပါဆိုတာက သူ့အောက်က အကောင်ကိုး။ ကျွန်တော်တို့က Subject to British ဆိုတော့ ဒီလိုပဲရမှာပေ့ါ။ ဒါပေမဲ့ မရဘူး ရအောင်လုပ်တာ။ အဲဒါနဲ့ ကင်းကော်မရှင်(King Commission) ရသွားတာ။ အဲတော့ သင်တန်းပေးနေတာ။ တော်လှန်ရေးကလာတဲ့ ရဲဘော်တွေကို တပ်ဖွဲ့ပြီးတော့ သင်တန်းပြန်ပေးရတယ်။ အဲတော့ ကျွန်တော်က သူတို့ အင်္ဂလိပ်သင်တန်းကျောင်းကို ခြောက်လ၊ ခုနစ်လ ဆင်းပြီးလို့ ဆရာဖြစ်နေတာ။ အဲဒီအချိန်မှာ ဗိုလ်ချုပ်အောင်ဆန်းက ပင်လုံညီလာခံ ရောက်နေတယ်။ အဲဒီမှာ မှတ်မိသေးတယ်။ သူ့အမျိုးသမီး ဒေါ်ခင်ကြည်ရယ်။ ဒေါ်အောင်ဆန်းစုကြည် နှစ်နှစ်သမီးလေးရယ်ပါလာတယ်။ သမီးလေးတွေ သားလေးတွေပါလာတယ်ဆိုတာ သူလည်းပြောပြတယ်။ တပ်ကိုကြည့်တော့ ကားနဲ့ကြည့်တာပေ့ါ။ ကားပေါ်ကဆင်းပြီး တပ်ကိုလာကြည့်။ အဲဒီမှာသူကမေးတယ်။ ဘယ်ကလာတာလဲ ဘာလဲပေ့ါ။ အဲဒီအခါ နောက်ဆုံးတွေ့လိုက်ရခြင်းပဲ။ မေမြို့လာတော့ ဝတ်ထားတာ ကပိုကရိုပဲ။ ခေါင်ပုံရှိတယ်။ သူအဲဒီစစ်ဆေးတာကို ရိုက်ထားတဲ့ ခေါင်ပုံရှိတယ်။ တစ်ခါတလေ သူ့ပုံကိုပြတယ်။ တကယ့်ကို ကပိုကရိုနဲ့ မာဖလာတော့ ပတ်ထားတယ်။ အဲဒါ နောက်ဆုံးတွေ့တာပဲ။

**မေး။ ။ ဆုံးသွားပြီးခါမှ ဂျူဗလီဟောမှာသွားဂါရဝပြုဖြစ်သေးလား။**

**ဖြေ။** ။ ၁၉၄၇ ခုနှစ် ဇူလိုင် ၁၉ ရက် ညနေ သုံးနာရီမှာ ဗိုလ်ချုပ်အောင်ဆန်းတို့ လုပ်ကြံခံရတယ်လို့ကြားတာကိုး။ နောက်အဲဒီမှာသွားပြီး နောက်ဆုံးအလေးပြုတာတစ်ခါ။ အဲဒါကဆေးရုံကြီးမှာပေ့ါ။ နှစ်ခါသွားတယ်။ နောက်တစ်ခါတော့ သင်္ဂြိုဟ်တော့မယ့်အခါ တစ်ခါသွားအလေးပြုတယ်။ ဂျူဗလီဟောမှာ။ အဲဒါနောက်ဆုံးပဲ။

**မေး။ ။ ဗိုလ်ချုပ်နဲ့ ပတ်သက်တဲ့ မှတ်ချက်လေးပြောပြပေးပါဦး။**

**ဖြေ။** ။ ဗိုလ်ချုပ်က သူ့ဘာသာသူနေရင်တော့ မှုန်ကုပ်ကုပ်ဖြစ်ချင်ဖြစ်နေမှာပေ့ါ။ ဒါပေမဲ့ တကယ် စစ်ဝတ်စစ်စားနဲ့ကျတော့ ခန့်ပါတယ်။ တကယ့်စစ်သေနာပတိတို့ရဲ့ အဆောင်အယောင်နဲ့ဆိုတော့ ကြည့်ကောင်းတယ်။ စစ်စိတ်စစ်သွေးကလည်း ဂျပန်က ကောင်းကောင်းသင်ထားတော့ စစ်စိတ်စစ်သွေးကလည်း သူ့မှာအပြည့်ရှိတယ်။ ကျွန်တော်ကတော့ တိုင်းပြည်အတွက်၊ နိုင်ငံနဲ့လူမျိုးအတွက် အင်မတန်ကျေးဇူးရှိတဲ့ပုဂ္ဂိုလ်လို့ ယုံကြည်ပါတယ်။ တပ်မတော်ကိုဖွဲ့ပြီးတော့ တိုင်းရင်းသားတွေနဲ့ ပတ်သက်ပြီး ညီညွတ်အောင် လုပ်သွားတာ။ လွတ်လပ်ရေးရအောင်လုပ်သွားတာ။ အင်မတန်ချီးကျူးစရာကောင်းတဲ့၊ အင်မတန်ရှားပါးတဲ့ ခေါင်းဆောင်မျိုးပဲ။




တပ်ပြန်ဖွဲ့တဲ့အခါ သူနဲ့လာတဲ့ သူတွေအများကြီးပဲ။ အင်မတန်တော်တဲ့ သူတွေပါတယ်။ ဒါပေမဲ့ ရာထူးမပေးဘူး။ တိုင်းရင်းသားကို ပေးတယ်။ ချင်းအမျိုးသားတွေနဲ့လည်း ညီညွတ်အောင် လုပ်သွားနိုင်တယ်။ ရာထူးပေးတဲ့အခါတွေမှာဆိုရင်လည်း ဥပမာ အကြီးဆုံးဖြစ်တဲ့ နေရာသုံးခုရှိတယ် စစ်တပ်မှာ။ စစ်ဦးစီးဌာန၊ စစ်ရေးဌာန၊ စစ်ထောက်ဌာနဆိုပြီး သုံးခုရှိတယ်။ အဲဒီမှာ စစ်ထောက်ဌာနကိုအနုဆုံးဂျူနီယာ စောဒေါ်နယ်ရိုကို ပေးတယ်လေ။ ကရင်ကိုပေးတာ။ သူ့လူတွေကိုပြောတယ်။ မင်းတို့ရထိုက်တယ်။ ဒါပေမဲ့စည်းလုံးညီညွတ်မှုရအောင်အတွက် ကရင်ကိုပေးလိုက်တယ်။ ဟိုတုန်းက တပ်မတော်သားတွေက စစ်ပြီး ခြောက်လကိုး။ စစ်ပြီးတာနဲ့ ခြောက်လပြီးတာနဲ့ တပ်မှာအကုန်အနားပေးလိုက်တယ်။ ပြန်နိုင်တယ်။ နောက် India အမျိုးသားတစ်ဦး ပြန်သွားတယ်။ နေရာတွေ လွတ်တဲ့နေရာတွေ အများကြီးဖြစ်သွားတယ်။ အဲဒီနေရာတွေမှာ ကရင်အမျိုးသားရော၊ မြန်မာအမျိုးသားရော၊ ရှမ်းအမျိုးသားတွေ ထပ်ဖြည့်တယ်။ အဲဒီမှာလုပ်နိုင်တဲ့လူတွေ အများကြီးရှိတာပေ့ါ။ ဒါပေမဲ့ စောချစ်ခင်ကို နေရာပေးတယ်။ ကရင်တပ်ရင်းက တပ်ရင်းမှူး စောချစ်ခင်ကို ပေးလိုက်တယ်။ အဲဒီတုန်းကတော်တော်များများတောင်၊ နောက်ဆုံး ဗိုလ်ချုပ်အောင်ဆန်း ဆုံးသွားပြီးတဲ့ နောက်ပိုင်းမှာ ဦးနုကိုတောင်မှ ဦးနုလို့တောင် မခေါ်ဘူး။ ကရင်နုလို့ခေါ်တယ်။ ခေါ်ပြောတယ် သူ့လူတွေကို စည်းလုံးညီညွတ်မှုလိုအပ်တဲ့အတွက် မင်းတို့စီနီယာဖြစ်သော်လည်းပဲ မင်းတို့နောက်ဆုတ်လိုက်ပါ။ တပ်တွေဆိုလည်း သူ့တပ်နဲ့ သူ့ ကွန်မင်းဒါးနဲ့၊ သို့သော် တပ်တွေထားတဲ့နေရာမှာ ဘယ်လောက်ပဲထားထား၊ ကွပ်ကဲတဲ့နေရာမှာ သိပ်ညီညွတ် ပြီးတော့ တိုင်းပြည်ကောင်းကြောင်းအတွက် အားလုံးတစ်ပေါင်းတည်း လုပ်ကြဖို့၊ ဥပမာအထက်ဗမာပြည် ကျသွားတယ်။ တပ်တွေ အကုန်လုံး ပျက်စီးသွားတယ်။ ဗမာ့တပ်မတော်လည်း တောထဲမှာရောက်သွားတယ်။ အကုန်လုံးဒါကို ဘယ်သူက စုစည်းလဲ ဗိုလ်ချုပ်လဇွန်တန်က စုစည်းတာ၊ သူစုစည်းပြီးပြန်တိုက်ပေးတာ၊ ဗိုလ်ချုပ်လဇွန်တန် ဆိုတာက ကချင်လူမျိုး၊ ပြည်ထောင်စုအပေါ် အတော်သစ္စာရှိတယ်။ တိုင်းပြည်အခြေအနေ အရမ်းဆိုးတဲ့အချိန်မှာ ကချင်ဗိုလ်ချုပ်က ခေါင်းဆောင်ပြီး တပ်တွေကို စုစည်းခဲ့တာ ဒါတွေက ကောင်းတဲ့အစဉ်အလာတွေပဲ။

အဲဒါ ၁၉၆၂ ခုနှစ်ကျတော့ တပ်တွေကို နံပါတ်တွေနဲ့ လုပ်လိုက်တဲ့အခါကျတော့ မြန်မာတွေက များလာတဲ့အခါကျတော့ မြန်မာအများစုဖြစ်တော့ မြန်မာအပေါ်မှာမုန်းတာပေ့ါ။ အဲဒါတွေကို ပြန်ပြင်ဖို့တော့လိုတယ်။ ပေးမယ်ဆိုရင် တန်းတူရည်တူပေးချလိုက်။ ဘာမှဘော်ဒါဝတ်တွေ၊ မြို့စောင့်တပ်တွေ လုပ်မနေနဲ့။ နောက်ပြီးတော့ ပြည်သူ့စစ်တွေ လုပ်မနေနဲ့၊ ပြည်သူ့စစ်ဆိုတာက တော်တော်ဆိုးတယ်။ ပထမတော့ မှင်စာ လေးပေ့ါ။ နောက်တော့အစွယ်ထွက်လာပြီးတော့၊ နောက်တော့ စစ်ဘုရင်ဖြစ်သွားတယ်။ အဲဒီလိုမလုပ်ရဘူး။ တစ်ခါတည်း နဂိုကတည်းက စည်းနဲ့ကမ်းနဲ့လုပ်သင့်တယ်။ အဲဒါကို ဒီတပ်ကလက်ခံဖို့လိုတယ်။ သူ့ Identity နဲ့ သူ့ပေးလိုက်ပြီးရင်နေပါစေပေ့ါ။

# (၇၃)နှစ်မြောက် အာဇာနည်နေ့တွင် အာဇာနည်ဗိမာန်သို့ လာရောက်ဂါရဝပြုကြမည့် မိဘပြည်သူများအား ကြိုတင်အသိပေးအကြောင်းကြားခြင်း

(၇၃)နှစ်မြောက်အာဇာနည်နေ့တွင် အာဇာနည်ဗိမာန်သို့ လာရောက်ဂါရဝပြုကြမည့် မိဘပြည်သူများအနေဖြင့် အောက်ပါအချက်များ ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း ကြိုတင် အသိပေးအပ်ပါသည်–

(က) လက်ကိုင်ဖုန်းအမျိုးမျိုး၊ အလံအမျိုးမျိုး၊ လက်ကိုင်အိတ်အမျိုးမျိုး၊ ကင်မရာအမျိုးမျိုး၊ မီးခြစ်အမျိုးမျိုး၊ ပန်းခွေ/ပန်းစည်း/ပန်းခြင်းအမျိုးမျိုး၊ ဗီနိုင်းစအမျိုးမျိုး၊ ပုလင်း/ဘူး အမျိုးမျိုး၊ အလံကိုင်ဆောင်ရာတွင် အသုံးပြုသည့် တုတ်နှင့် ကော်ပိုက်/သံပိုက်များ ယူဆောင်၍ အာဇာနည်ဗိမာန်အတွင်းသို့ ဝင်ရောက်ခွင့်မပြုပါ။

(ခ) အာဇာနည်ဗိမာန်သို့ ဝင်ရောက်ရာလမ်းဖြစ်သော လင့်လမ်းနှင့် အနောက်ရွှေဂုံတိုင် လမ်းဆုံတို့တွင် COVID-19 ရောဂါကာကွယ်ရေးအတွက် ကိုယ်အပူချိန်တိုင်းတာစစ်ဆေးခြင်း ပြုလုပ်သွားမည်ဖြစ်ပြီး ရောဂါဖြစ်ပွားသူတွေ့ရှိပါက Contact Person ဆက်စပ်စုံစမ်းနိုင်ရေးအတွက် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား အမှတ်၊ နေရပ်လိပ်စာ၊ တယ်လီဖုန်းနံပါတ်များ ပြည့်စုံမှန်ကန်စွာ စာရင်းပေးရမည်ဖြစ်ပါသည်။

(ဂ) ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ COVID-19 ရောဂါကာကွယ်ရေးအတွက် Social Distancing အရ သတ်မှတ်ထားသော (၆)ပေ အကွာအဝေးအတိုင်း အာဇာနည်ဗိမာန်အတွင်းသို့ တန်းစီဝင်ရောက်ရမည်ဖြစ်ပြီး အာဇာနည်ဗိမာန်ရင်ပြင်တွင်လည်း တစ်ကြိမ်လျှင် (၁၂) ဦးခန့်သာ ဂါရဝပြုခွင့်ပေးမည်ဖြစ်ပါသည်။

(ဃ) အာဇာနည်ခေါင်းဆောင်ကြီးများအား ဂါရဝပြုမှုပြီးဆုံးပါက သတ်မှတ်ပေးထားသော လမ်းကြောင်းအတိုင်း အာဇာနည်ဗိမာန်ဝင်းအတွင်းမှ ပြန်လည်ထွက်ခွာရမည်ဖြစ်ပြီး သွားလာခွင့်မပြုထားသည့် နေရာများအား သွားရောက်ခွင့်ပြုမည်မဟုတ်ပါ။

(င) အာဇာနည်ဗိမာန်ဝင်းအတွင်းမှ ပြန်လည်ထွက်ခွာပြီးပါက အာဇာနည်လမ်းအတိုင်း ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်နှင့် ရွှေတိဂုံဘုရားတောင်ဘက်မုခ်ဘက်သို့ ပြန်လည်ထွက်ခွာရမည်ဖြစ်ပါသည်။

(စ) အများပြည်သူလုံခြုံရေးအတွက် လုံခြုံရေးတပ်ဖွဲ့များမှ စစ်ဆေးခြင်းကို ကြည်ဖြူစွာခံယူပြီး မီးသတ်တပ်ဖွဲ့၊ ကြက်ခြေနီတပ်ဖွဲ့၊ ကျန်းမာရေးဝန်ထမ်းများနှင့် လူမှုကူညီရေးပရဟိတအဖွဲ့များ၏ လမ်းညွှန်မှုအတိုင်း လိုက်နာဆောင်ရွက်ရန်ဖြစ်ပါသည်။

**(၇၃)နှစ်မြောက် အာဇာနည်နေ့အခမ်းအနား**
**ကျင်းပရေး စည်းကမ်းထိန်းသိမ်းရေးကော်မတီ**







# အာဇာနည်ဗိမာန်သို့ လာရောက်မည့် မိဘပြည်သူများ လိုက်နာဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံပန်ကြားခြင်း

- လက်ကိုင်ဖုန်းအမျိုးမျိုး၊ အလံအမျိုးမျိုး၊ လက်ကိုင်အိတ်အမျိုးမျိုး၊ ကင်မရာအမျိုးမျိုး၊ မီးခြစ်အမျိုးမျိုး၊ ပန်းခွေ/ပန်းစည်း/ပန်းခြင်းအမျိုးမျိုး၊ ဗီနိုင်းစအမျိုးမျိုး၊ ပုလင်း/ဘူး အမျိုးမျိုး၊ အလံကိုင်ဆောင်ရာတွင်အသုံးပြုသည့် တုတ်နှင့်ကော်ပိုက်/သံပိုက်များ ယူဆောင်၍ အာဇာနည်ဗိမာန်အတွင်းသို့ ဝင်ရောက်ခွင့်မပြုပါ။
- လာရောက်သူများအားလုံး နှာခေါင်းစည်း(Mask)များ မပျက်မကွက် စနစ်တကျ တပ်ဆင်ရန်၊
- သတ်မှတ်ပေးထားသော နေရာများတွင် စနစ်တကျလက်ဆေးခြင်း၊ အသင့်စီစဉ်ပေးထားသော Hand Sanitizer သုတ်လိမ်းခြင်းတို့ကို ဆောင်ရွက်ပြီးမှသာ ဝင်ရောက်ရန်၊
- ဗဟန်းမြို့နယ်၊ အနောက်ရွှေဂုံတိုင်လမ်းနှင့် လင့်လမ်းဆုံတွင် ကိုယ်အပူချိန်တိုင်းတာခြင်းအပါအဝင် ကျန်းမာရေးဆိုင်ရာ စစ်ဆေးမှုများနှင့် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ နေရပ်လိပ်စာ၊ တယ်လီဖုန်းနံပါတ်စသည်တို့ကို ပြည့်စုံမှန်ကန်စွာ စာရင်းပေးသွင်းရန်၊
- ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ သတ်မှတ်ထားသော Social/ Physical Distancing နှင့်အညီ ရှေ့နောက်၊ ဘေးတိုက်အကွာအဝေးများကို (၆)ပေအကွာအဝေးအတိုင်း လိုက်နာနိုင်ရန်နှင့် နေရာများအလိုက် တာဝန်ရှိသူများ၏ စီစဉ်ဆောင်ရွက်မှုကို ပူးပေါင်းပါဝင်ရန်၊
- ကိုယ်အပူချိန်မြင့်ခြင်း (အပူချိန် ၃၈ ဒီဂရီစင်တီဂရိတ်/၁၀၀.၄ ဒီဂရီဖာရင်ဟိုက်)၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခမ်းခြင်းအပါအဝင် သံသယဖြစ်ဖွယ်လက္ခဏာများ စစ်ဆေးတွေ့ရှိရပါက သက်ဆိုင်ရာ၏အကြံပြုချက်အတိုင်း လိုက်နာဆောင်ရွက်ရန်၊
- အာဇာနည်ဗိမာန်တွင် တာဝန်ထမ်းဆောင်နေကြသူများ၏ စီစဉ်ဆောင်ရွက်ပေးမှုနှင့်အညီ လိုက်နာဆောင်ရွက်ရန်၊
- အာဇာနည်ဗိမာန်ရင်ပြင်ပေါ်တွင် ဂါရဝပြုသူများအနေဖြင့် တစ်ဦးနှင့်တစ်ဦး (၆)ပေခြား၍ တစ်ကြိမ်လျှင် (၁၂)ဦးစီဖြင့် သတ်မှတ်နေရာတွင် ဂါရဝပြုအလေးပြုရန်နှင့် ပြန်လည်ထွက်ခွာရာတွင်လည်း တစ်ဦးနှင့်တစ်ဦး (၆)ပေခြားဖြင့်သာ ပြန်လည်ထွက်ခွာရန်၊
- ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးနေသည့် (COVID-19)ဆိုင်ရာ ကျန်းမာရေးအသိပေးချက်၊ သတိပေးချက်များကို တိကျစွာလိုက်နာဆောင်ရွက်ရန်၊
- သက်ကြီးရွယ်အိုများ၊ နာတာရှည်ရောဂါရှိသူများနေဖြင့် လုံးဝ(လုံးဝ) လာရောက်ခြင်းမပြုရန်၊
- ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခမ်းခြင်း စသည့်ရောဂါလက္ခဏာများဖြစ်ပွားနေပါက လုံးဝ(လုံးဝ) လာရောက်ခြင်းမပြုရန်၊
- အစုလိုက် အလေးပြုသည့်အချိန်အား (၁၅)မိနစ်ထက် ပိုမကြာစေရန်။

# မဲဆန္ဒရှင်ပြည်သူများသို့ မေတ္တာရပ်ခံချက်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၈ ရက်တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲအတွက် ပြည့်စုံမှန်ကန်သော မဲဆန္ဒရှင်စာရင်းရရှိစေရန် ၂၀၁၉ ခုနှစ်တွင် အခြေခံမဲဆန္ဒရှင်စာရင်းများကို ပြုစုခဲ့ပြီး လစဉ် ပြင်ဆင်ခြင်း/ဖြည့်စွက်ခြင်း/ ပယ်ဖျက်ခြင်းများကို သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများတွင် ဆောင်ရွက်ခဲ့ပြီးဖြစ်ပါသည်။

၂။ အဆိုပါ မဲဆန္ဒရှင်စာရင်းများကို ၂၅-၇-၂၀၂၀ ရက်နေ့မှ ၇-၈-၂၀၂၀ ရက်နေ့အထိ ၁၄ ရက်ကြာ သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများနှင့် ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများတွင် ပထမအကြိမ်အဖြစ် ကပ်ထားကြေညာမည်ဖြစ်ပါသည်။ မဲဆန္ဒရှင်စာရင်းများ ကပ်ထားကြေညာစဉ် မဲဆန္ဒရှင်များက မဲစာရင်း လာရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်ပါက အောက်ပါလုပ်ငန်းစဉ် (၃) မျိုးကို ဆောင်ရွက်နိုင်ပါသည်-

(က) မိမိအမည် မဲစာရင်းတွင်မပါဝင်ပါက ပုံစံ(၃)ဖြင့် မဲစာရင်းတွင် အမည်ထည့်သွင်းပေးရန် တောင်းဆိုခြင်း၊

(ခ) မပါဝင်သင့်သူများ ပါဝင်နေပါက ပုံစံ(၄)ဖြင့် ကန့်ကွက်ခြင်း၊

(ဂ) မဲစာရင်းပါ အချက်အလက်များ မှားယွင်းနေပါက ပုံစံ(၄-က) ဖြင့် ပြင်ဆင်လွှာတင်သွင်းခြင်း။

၃။ လိုအပ်သောပုံစံများကိုလည်း ရပ်ကွက်/ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများတွင် အခမဲ့ (အခမဲ့) ရယူနိုင်ပါသည်။ ထိုသို့ ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းတို့ ဆောင်ရွက်ပြီးပါက အထွေထွေရွေးကောက်ပွဲအတွက် မဲဆန္ဒရှင်စာရင်းကို ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလတွင် (နောက်ဆုံးအကြိမ်) အဖြစ် ၁၄ ရက်ကြာ **(ထပ်မံ)** ကပ်ထားကြေညာမည်ဖြစ်ပြီး မဲဆန္ဒရှင်များအနေဖြင့် လိုအပ်သော တောင်းဆိုမှု၊ ပြင်ဆင်မှု၊ ကန့်ကွက်မှုများ **(ထပ်မံ)** ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

၄။ မဲစာရင်းတွင် မိမိအမည်ပါရှိမှသာ မဲပေးခွင့်ရရှိနိုင်မည်ဖြစ်ပြီး ပြည့်စုံမှန်ကန်သော မဲဆန္ဒရှင်စာရင်းရရှိရန်အတွက် မဲဆန္ဒရှင် ပြည်သူများအနေဖြင့် အိမ်ထောင်စုတစ်စုလျှင် အနည်းဆုံးတစ်ဦး (မပျက်မကွက်) လာရောက်ကြည့်ရှုစစ်ဆေးခြင်းဖြင့် ပူးပေါင်းကူညီဆောင်ရွက်ပေးကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် အင္ဂမအကြိမ်မြောက် မီဒီယာဖွံ့ဖြိုးတိုးတက်ရေးညီလာခံ ကျင်းပနိုင်ရေးကိစ္စနှင့်ပတ်သက်၍ မီဒီယာမိတ်ဖက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များအား လက်ခံတွေ့ဆုံ



**နေပြည်တော် ဇူလိုင် ၁၅**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် အင္ဂမအကြိမ်မြောက် မီဒီယာဖွံ့ဖြိုးတိုးတက်ရေးညီလာခံကျင်းပနိုင်ရေးကိစ္စနှင့်ပတ်သက်၍ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီမှ တွဲဖက်အတွင်းရေးမှူး(၁) ဦးမြင့်ကျော်၊ UNESCO မှ Head of Office, Ms. Min Jeong Kim နှင့် National Project Officer ဒေါ်နိုင်နိုင်အေး၊ IMS/FOJO မှ Country Program Manager, Mr. Finn Rasmussen နှင့် Project Officer ဦးရဲဝင့်လှိုင်ဘွား၊ DW Akademie မှ Local Office Manager, U David Lian၊ BBC Media Action မှ Country Program Manager, Ms. Rachael Mc Guin၊ Internews မှ Adviser ဦးသီဟစော၊ JICA မှ Project Officer ဦးအောင်ကျော်စွာနှင့် EU MyPOL မှ Adviser ဒေါ်သင်းသင်းအောင် စသည့် မီဒီယာမိတ်ဖက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များအား ယနေ့နံနက် ၁၀ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် အင္ဂမအကြိမ်မြောက် မီဒီယာဖွံ့ဖြိုးတိုးတက်ရေးညီလာခံအား ၂၀၂၀ ပြည့်နှစ် မတ် ၃၀ ရက်နှင့် ၃၁ ရက်တို့တွင် ကျင်းပရန်လျာထားခဲ့ပြီး ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါပျံ့နှံ့မှုကြောင့် ရွှေ့ဆိုင်းခဲ့ရမှုအခြေအနေ၊ နှစ်စဉ်ကျင်းပမြဲ မီဒီယာညီလာခံကို ပြန်လည်ကျင်းပနိုင်ရေးကိစ္စရပ်များနှင့်ပတ်သက်၍ ကျင်းပမည့်နေ့ရက်၊ ကျင်းပမည့်နေရာ၊ ကျင်းပမည့်ပုံစံနှင့် ညီလာခံတွင် ဆွေးနွေးမည့် အကြောင်းအရာများအပြင် လက်ရှိမြန်မာ့မီဒီယာကဏ္ဍ ကြုံတွေ့နေရသည့် စိန်ခေါ်မှုများနှင့် ပြောင်းလဲလာသည့် မီဒီယာအခင်းအကျင်းပုံစံတို့ကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ပုဂ္ဂလိက ချည်မျှင်စက်ရုံများမှ လုပ်ငန်းရှင်ကိုယ်စားလှယ်များအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၁၅**


ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် ပုဂ္ဂလိက ချည်မျှင်စက်ရုံများမှ လုပ်ငန်းရှင်ကိုယ်စားလှယ်များအား ယနေ့နံနက် ၁၁ နာရီတွင် ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။


**ဆွေးနွေး**

တွေ့ဆုံစဉ် ပုဂ္ဂလိက ချည်မျှင်စက်ရုံများမှ ကုန်ကြမ်း၊ ကုန်ချော ပစ္စည်းများ ဝယ်ယူ ရောင်းချရေးကိစ္စရပ်များတွင် လက်ရှိကြုံတွေ့နေရသော အခက်အခဲများကို ဖြေရှင်းဆောင်ရွက်နိုင်မည့်နည်းလမ်းများ၊ ဘဏ်ချေးငွေရရှိရေးဆိုင်ရာကိစ္စရပ်များ၊ ပုဂ္ဂလိက ချည်မျှင်ထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များ၊ တရားဝင်အသင်းအဖွဲ့ ဖွဲ့စည်း၍ နည်းပညာနှင့် အတွေ့အကြုံဖလှယ်ရေးဆိုင်ရာကိစ္စရပ်များ၊ သက်ဆိုင်ရာ ဌာနအဖွဲ့အစည်းများ၊ ဝါစိုက်တောင်သူများနှင့် လုပ်ငန်းရှင်အသင်းအဖွဲ့များ ပါဝင်သော Textile Development Forum ကျင်းပနိုင်ရေးနှင့် ပြည်တွင်း ထုတ်ကုန်ပြပွဲများ ကျင်းပနိုင်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်





# ဖြောင့်မတ်တည်ကြည်မှုနှင့် ကျင့်ဝတ်ဆိုင်ရာ ရည်ညွှန်းစာစောင်များ လွှဲပြောင်းပေးအပ်



**လွိုင်ကော် ဇူလိုင် ၁၅**

ဖြောင့်မတ်တည်ကြည်မှုနှင့် ကျင့်ဝတ်ဆိုင်ရာ ရည်ညွှန်းစာစောင်များနှင့် ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေး ပညာပေးအစီအစဉ် ရည်ညွှန်းစာစောင်များကို ကယားပြည်နယ်ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်များ၊ လွှတ်တော်ဥက္ကဋ္ဌနှင့် ကိုယ်စားလှယ်များ၊ တရားလွှတ်တော် တရားသူကြီးချုပ်နှင့် တရားသူကြီးများ ဖတ်ရှုလေ့လာနိုင်ရန်အတွက် လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ကယားပြည်နယ် အစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ကြည်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးလှထွေး၊ ပြည်နယ်တရားသူကြီးချုပ် ဦးကျော်လင်းမောင်၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**နိုင်ငံရေးပြဿနာ**

အခမ်းအနားတွင် ကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ကြည်က အဂတိလိုက်စားမှုနှင့်ပတ်သက်သော သဘောသဘာဝများကို ရှင်းလင်းဆွေးနွေးပြီးနောက် မြန်မာနိုင်ငံတွင်သာမက တစ်ကမ္ဘာလုံးတွင် အဂတိလိုက်စားမှုနှင့်ပတ်သက်၍ နှစ်လိုဖွယ်မကောင်းသော အတွေ့အကြုံသည် လူတိုင်း၌ရှိနေပါကြောင်း၊ ထို့ပြင် အဂတိလိုက်စားမှုတိုင်းသည် အသေးအဖွဲမဟုတ်ဘဲ နိုင်ငံ၏ စီးပွားရေး၊ အုပ်ချုပ်ရေး၊ နိုင်ငံရေးနှင့် လူမှုယဉ်ကျေးမှုကြီး တစ်ခုလုံးကိုပါ ယိုယွင်းပျက်စီးနိုင်လောက်အောင် ကြီးမားပါကြောင်း၊ အဂတိလိုက်စားမှုများမှ ရရှိသောငွေကြေးများသည် ပဋိပက္ခများကို ကြီးထွားစေခြင်း၊ မူးယစ်ဆေးဝါး၊ တရားမဝင်ကုန်သွယ်မှု၊ ငွေကြေးခဝါချမှု အစရှိသည့် ဒုစရိုက်လုပ်ငန်းများကို ဖြစ်ပေါ်စေပါကြောင်း၊ ကုလသမဂ္ဂ၏ ထောင်စုနှစ်ပန်းတိုင်များ (SDGs)သည် နိုင်ငံများတွင် အဂတိလိုက်စားမှုများကို ကောင်းမွန်စွာကိုင်တွယ်ထိန်းချုပ်နိုင်ခြင်းမရှိပါက အဓိကကျသော ပန်းတိုင်များဖြစ်သည့် ဆင်းရဲနွမ်းပါးမှု၊ ဆာလောင်မွတ်သိပ်မှု၊ ကျန်းမာရေး၊ ပညာရေး၊ တန်းတူညီမျှရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး၊ စက်မှုဖွံ့ဖြိုးတိုးတက်ရေး၊ ရေကောင်းရေသန့်ရရှိရေး အစရှိသည့် ပန်းတိုင်များအပါအဝင် ပန်းတိုင် ၁၇ ခုစလုံးကို အောင်မြင်ရန် အဓိကကျသော အခက်အခဲဖြစ်နေသည်ကို ကမ္ဘာ့ကုလသမဂ္ဂနှင့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများက စိုးရိမ်ကြောင့်ကြဖြစ်နေရပါကြောင်း၊ ဤအချက်များကို ထောက်ရှုခြင်းဖြင့် အဂတိလိုက်စားမှုသည် နိုင်ငံရေးပြဿနာဖြစ်သည်ကို ကောင်းစွာသဘောပေါက်နိုင်ကြမည်ဟု ယူဆပါကြောင်း။

ထို့ကြောင့် အဂတိလိုက်စားမှုပြဿနာကို ကော်မရှင်တစ်ခုတည်းက မဖြေရှင်းနိုင်ဘဲ နိုင်ငံရေးအရ လုပ်ပိုင်ခွင့်ရှိသူ ပြည်သူ့ဝန်ထမ်း၊ နိုင်ငံ့ဝန်ထမ်းများသာမက စီးပွားရေးလုပ်ငန်းအဖွဲ့အစည်းများ၊ အရပ်ဘက်အဖွဲ့အစည်းများအပါအဝင် လူတိုင်းပူးပေါင်းပါဝင်ရန် လိုအပ်ပါကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် တာဝန်ရှိသူများသည် အဂတိလိုက်စားမှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်များကို ကျယ်ပြန့်စွာ သိရှိနားလည်ပြီး ကော်မရှင်နှင့်အတူ ပူးပေါင်းအကောင်အထည်ဖော်နိုင်ရေးအတွက် ဤအသိပညာပေး ရည်ညွှန်းစာစောင်များကို ဖြန့်ဝေပေးရခြင်းဖြစ်ပါကြောင်း ပြောကြားသည်။ ထို့နောက် ပါမောက္ခဆရာကြီး ဒေါက်တာအောင်ထွန်းသက် ရှင်းလင်းဖော်ပြထားသော “ဖွံ့ဖြိုးတိုးတက်ရေး၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးတို့အတွက် အဂတိလိုက်စားမှုကို တိုက်ဖျက်ရန် စုပေါင်းညီညွတ်ကြပါစို့” ခေါင်းစဉ်ဖြင့် Video Clip အား ပြသသည်။

ယင်းနောက် ကော်မရှင်ဥက္ကဋ္ဌက ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးလှထွေး၊ ပြည်နယ်တရားသူကြီးချုပ် ဦးကျော်လင်းမောင်တို့ထံ ရည်ညွှန်းစာစောင်များကို လွှဲပြောင်းပေးအပ်သည်။

**ပူးပေါင်းဆောင်ရွက်**

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ယခုလို ဖြောင့်မတ်တည်ကြည်မှု၊ ကျင့်ဝတ်နှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ ရည်ညွှန်းစာစောင်များ လွှဲပြောင်းပေးအပ်သည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ ပြည်နယ်အတွင်းရှိ ဌာနဆိုင်ရာများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ စိတ်ပါဝင်စားသူများ လေ့လာနိုင်ရေး စီမံပေးမည်ဖြစ်ကြောင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့် ဖြောင့်မတ်တည်ကြည်မှုသည် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုစနစ် တည်ဆောက်ရာတွင် တစ်ဦးချင်းလိုက်နာကျင့်သုံးရန် အဓိကအချက်ဖြစ်ပါကြောင်း၊ ရည်ညွှန်းစာစောင်များကိုလေ့လာ၍ စာအုပ်ပါရည်ရွယ်ချက်များနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏ ရည်ရွယ်ချက်များအတိုင်း အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ပြောကြားသည်။

**သတင်းစဉ်**

# ဥရောပသမဂ္ဂက မြန်မာနိုင်ငံရဲ့ မိတ်ဆွေအဖြစ် ဆက်ရှိနေဦးမှာပါ

**မြန်မာနိုင်ငံ၏ စီးပွားရေးဖြစ်ပေါ်တိုးတက်မှုများနှင့်စပ်လျဉ်း၍ မြန်မာ့သတင်းစဉ်က မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂသံအမတ်ကြီး Mr. Kristian Schimdt နှင့် တွေ့ဆုံမေးမြန်းထားသည်များကို တင်ပြလိုက်ရပါသည်။**

**တွေ့ဆုံမေးမြန်း-မင်းသစ်(MNA)**
**ဓာတ်ပုံ-နေလင်း**

**မေး။ ။ မြန်မာနိုင်ငံရဲ့ စီးပွားရေးကဏ္ဍအပေါ် သံအမတ်ကြီးရဲ့အမြင်ကို သိချင်ပါတယ်။**

**ဖြေ။ ။** မြန်မာနိုင်ငံရဲ့ စီးပွားရေးတိုးတက်မှုရှိအောင် အစိုးရက လွန်ခဲ့တဲ့ ၄ နှစ်ကတည်းက မှန်ကန်ကောင်းမွန်တဲ့ခြေလှမ်းတွေ လှမ်းနေတယ်လို့ ကျွန်တော်မြင်ပါတယ်။ ဥရောပကုမ္ပဏီတွေနဲ့ ကျွန်တော်စကားပြောကြည့်တဲ့အခါ ခြုံငုံပြီးပြောရမယ်ဆိုရင် သူတို့တွေ ဒီမှာလုပ်ကိုင်ရတာကို ပျော်ရွှင်နေတာတွေ့ရပါတယ်။ သူတို့က မြန်မာနိုင်ငံမှာ စီးပွားရေးလုပ်ငန်းတွေ လုပ်ရတာကို အပြုသဘောနဲ့ရှုမြင်ကြပါတယ်။

ဒါပေမဲ့ သူတို့တွေ စိတ်ပူပန်တာတစ်ခုတော့ ရှိပါတယ်။ ရခိုင်ပြည်နယ် အကျပ်အတည်းနဲ့ ဆက်စပ်ပတ်သက်နေတဲ့ နိုင်ငံရေးအကျပ်အတည်းပါ။ ခင်ဗျားရဲ့ကုမ္ပဏီက ဥရောပဈေးကွက်ထဲဝင်တော့မယ်ဆိုရင် လူ့အခွင့်အရေးနဲ့ပတ်သက်တဲ့အခြေအနေက အရေးပါလာပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံမှာ ထုတ်ကုန်ပိုင်း၊ ဝယ်ယူမှုပိုင်းရဲ့ နိုင်ငံရေးဆိုင်ရာ အကျပ်အတည်းတွေကို ကျွန်တော်တို့တွေ ဖြေရှင်းရမှာဖြစ်ပါတယ်။ ဒါမှ မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံမှုတွေ၊ ကုန်သွယ်မှုတွေ ထပ်တိုးလာမှာပါ။ မြန်မာနိုင်ငံက ဥရောပဈေးကွက်ထဲမှာ ကုန်သွယ်ရေးပိုငွေတွေ ရရှိနေတယ်လို့ ကျွန်တော် မြင်ပါတယ်။ အဲဒီထက်ပိုပြီး ရရှိလာလိမ့်ဦးမယ်လို့လည်း ကျွန်တော်မြင်ပါတယ်။ ဥရောပကုမ္ပဏီတွေလည်း မြန်မာနိုင်ငံထဲကို ဆက်လက်ဝင်လာဦးမယ်လို့ ကျွန်တော်ထင်ပါတယ်။

**မေး။ ။ အသေးစားနဲ့ အလတ်စား စီးပွားရေးလုပ်ငန်းတွေဟာ မြန်မာနိုင်ငံလို ဖွံ့ဖြိုးဆဲနိုင်ငံတွေအတွက် အလွန်အရေးပါပါတယ်။ ဒါပေမဲ့ မြန်မာနိုင်ငံမှာက သူတို့ရဲ့ထုတ်ကုန်တွေ ရောင်းဖို့အတွက် ဈေးကွက်နဲ့ အခွင့်အလမ်းအခက်အခဲအချို့ရှိနေဆဲပါ။ အဲဒါတွေနဲ့ပတ်သက်ပြီး သံအမတ်ကြီးရဲ့အမြင်ကိုလည်း သိချင်ပါတယ်။**

**ဖြေ။ ။** ဒီလိုအသေးစားနဲ့ အလတ်စား စက်မှုလုပ်ငန်းတွေကို ထောက်ပံ့ပေးနိုင်တဲ့ နည်းလမ်းတွေ အများကြီးရှိပါတယ်။ ပထမဆုံးလုပ်နိုင်တဲ့အချက်က ချေးငွေရရှိနိုင်ဖို့ပါပဲ။ ခင်ဗျားမှာ အကြံဉာဏ်ကောင်းတစ်ခုရှိမယ်၊ အဲဒီအကြံဉာဏ်ကောင်းအပေါ်မှာ ခင်ဗျားရင်းနှီးမြှုပ်နှံချင်တယ်။ ဒီတော့ ခင်ဗျားက ဘဏ်သွားပြီး ငွေချေးတယ်၊ ဘဏ်က ခင်ဗျားကို အတိုး ၁၇ ဒါမှမဟုတ် ၂၀ ရာခိုင်နှုန်းနဲ့ ချေးပေးလိုက်ရင် အဲဒါက အမြတ်အစွန်းရဖို့ အတော်ခက်ခဲစေပါတယ်။ ဒါက ငွေကြေးနဲ့ပတ်သက်တဲ့ ကုန်ကျမှုပါ။ ဒါက ထိုင်းတို့ တခြားအိမ်နီးချင်းနိုင်ငံတွေမှာရှိတဲ့ ပြိုင်ဘက်လုပ်ငန်းတွေထက်ကိုပိုပြီး အကုန်အကျများနေပါတယ်။ ကုန်ကျစရိတ်များတယ်။ အဲဒီလို ဘဏ္ဍာရေးဈေးကွက်မျိုးကို ဖြေလျှော့ပေးစေချင်ပါတယ်။ နိုင်ငံခြားဘဏ်တွေကိုလည်း နိုင်ငံထဲဝင်ခွင့်ပေးပြီး ချေးငွေအတိုးနှုန်းကို လျှော့အောင်လုပ်စေချင်တယ်။

နောက်တစ်ချက်က ကမ္ဘာ့ဈေးကွက်ထဲ သွားချင်တယ်ဆိုရင် အစီအစဉ်တကျရှိဖို့ လိုပါတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီးတော့လည်း ဥရောပသမဂ္ဂက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနဲ့ လက်တွဲပြီး ကုမ္ပဏီတွေကို သူတို့ရဲ့အခွင့်အလမ်းတွေကို သိရှိအောင်နဲ့ နိုင်ငံတကာစံချိန်စံညွှန်းတွေနဲ့ ပြည့်မီအောင် လုပ်ဆောင်ဖို့ အကူအညီတွေ ပေးပါတယ်။ ငါးလုပ်ငန်းကို ဥပမာကြည့်ရင် မြန်မာနိုင်ငံမှာ စိုက်ပျိုးရေး၊ ငါးမွေးမြူရေး၊ ပုစွန်မွေးမြူရေးနဲ့ ကဏန်းမွေးမြူရေးလုပ်ငန်းတွေက အောင်မြင်ဖို့ အလားအလာတွေ အများကြီးရှိပါတယ်။ ဒါပေမဲ့ ကျန်းမာရေးစံချိန်စံညွှန်းတွေနဲ့ ပိုးမွှားရောဂါ ကင်းရှင်းရေး စံချိန်စံညွှန်းတွေပြည့်မီဖို့လိုပါတယ်။ အဲဒါတွေနဲ့ပတ်သက်ပြီး ကျွန်တော်တို့ ကူညီပေးနေပါတယ်။ အဲဒီကဏ္ဍတွေမှာ ဒီကမိတ်ဆွေတွေ တွေ့မြင်တဲ့အတိုင်းပဲ ဥရောပကို ထုတ်ကုန်ပစ္စည်းတင်သွင်းမှုဟာ တိုးတက်နေပါတယ်။ ဒါကြောင့် အဲဒီကဏ္ဍတွေမှာ အခွင့်အလမ်းတွေ အများကြီးရှိနေပါတယ်။

**မေး ။ ။ အသေးစားနဲ့ အလတ်စားစီးပွားရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘယ်လိုအကြံဉာဏ်ပေးချင်ပါသလဲ။**

**ဖြေ။ ။** မြန်မာနိုင်ငံရဲ့ အားသာချက်တွေထဲက တစ်ခုက မြန်မာနိုင်ငံမှာ အလုပ်ကြိုးစားတဲ့ လုပ်သားအင်အားစုကြီးရှိပါတယ်။ ပြီးတော့ လုပ်ခလစာကလည်း သတ်မှတ်ချက်ရှိတယ်။ ဒေသတွင်းနိုင်ငံတွေနဲ့ နှိုင်းယှဉ်ရင် မြန်မာနိုင်ငံရဲ့ အလုပ်သမားလုပ်ခလစာက နည်းပါးနေသေးတယ်။ ဒါကြောင့် အလုပ်သမားတွေ အများအပြားသုံးပြီး လုပ်ဆောင်ရတဲ့ အထည်ချုပ်စက်ရုံလို လုပ်ငန်းမျိုးတွေက ကမ္ဘာ့စီးပွားရေးမှာ အရေးပါလာတယ်။ ဒါပေမဲ့လည်း အဲဒီလိုလုပ်ငန်းတွေ အောင်မြင်ကြီးထွားဖို့ အဖွဲ့အစည်းအလိုက်ရော ပတ်ဝန်းကျင်အရပါ ဗျူရိုကရေစီတွေစနစ်နဲ့ လာဘ်စားမှုတွေ ကင်းစင်ဖို့လိုပါတယ်။

မြန်မာနိုင်ငံဟာ ပဲမျိုးစုံ၊ ဖရဲသီးနဲ့ ဟင်းသီးဟင်းရွက်စတဲ့ ကုန်ကြမ်းပစ္စည်းတွေကိုပဲ တရုတ်ကိုတင်ပို့ရတဲ့ နိုင်ငံအဖြစ်က ကျော်လွန်လာပြီဖြစ်တဲ့အတွက် ဒီအချက်ဟာ အထူးအရေးကြီးပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကုန်ကြမ်းတွေကိုပဲ ထုတ်လုပ်ရောင်းချတဲ့နေရာမှာ ရရှိတဲ့အကျိုးအမြတ်က အကန့်အသတ်ရှိနေလို့ပါ။ ဖွံ့ဖြိုးတိုးတက်တဲ့နိုင်ငံအဖြစ်ကို ချီတက်သွားကြတဲ့ နိုင်ငံတိုင်းဟာ ကုန်ကြမ်းတွေကို တန်ဖိုးမြင့်ထုတ်ကုန်အဖြစ် ပြောင်းလဲထုတ်လုပ်နိုင်ကြပါတယ်။ တန်ဖိုးမြင့်ထုတ်ကုန်အဖြစ် ထုတ်လုပ်ခြင်းကနေ ဝန်ဆောင်မှုအပိုင်းတွေဆီ ရောက်ရှိလာပြီး ကိုယ့်နိုင်ငံအတွင်းမှာပဲ အကျိုးအမြတ်တွေ အများကြီးရရှိအောင် လုပ်ဆောင်လာကြတာတွေကို ကျွန်တော်တို့ တွေ့ခဲ့ရပါတယ်။ ဥရောပဈေးကွက်က မြန်မာနိုင်ငံရဲ့ ပို့ကုန်တွေအတွက် အခွန်အခတွေ မကောက်ခံတဲ့အတွက်ကြောင့် မြန်မာနိုင်ငံအတွက် အကောင်းဆုံးဈေးကွက်တစ်ခုပါ။ ဒါပေမဲ့ မြန်မာနိုင်ငံရဲ့ ပို့ကုန်တွေဟာ ကျောက်စိမ်းနဲ့ ဖရဲသီးပဲ မဖြစ်သင့်ပါဘူး။ အချိန်ကြာလာတာနဲ့အမျှ ပိုပြီးခေတ်မီတဲ့ ပစ္စည်းတွေကို ထုတ်လုပ်လာနိုင်ရပါမယ်။ ဒါမှ မြန်မာနိုင်ငံသားတွေမှာ ပညာနဲ့လုပ်ကိုင်ရတဲ့ အလုပ်အကိုင်တွေ၊ အရည်အချင်းရှိတဲ့ အလုပ်သမားတွေ များပြားလာမယ်။ ပညာတတ်တဲ့ လုပ်သားအင်အားထုကြီးကို ရလာမယ်။ ပိုပြီးချမ်းသာကြွယ်ဝလာပါမယ်။

**မေး။ ။ စွမ်းအင်ကဏ္ဍနဲ့ပတ်သက်ပြီး သံအမတ်ကြီးရဲ့အမြင်ကိုလည်း သိချင်ပါတယ်။**

**ဖြေ။ ။** မြန်မာနိုင်ငံက စွမ်းအင်ကဏ္ဍနဲ့ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍတွေမှာ အလားအလာကောင်းတွေ အများကြီးရှိပါတယ်။ ရေနံနဲ့ သဘာဝဓာတ်ငွေ့နှစ်ခုတည်း မဟုတ်ပါဘူး။ အဲဒီကဏ္ဍတွေက အတိတ်မှာကျန်ခဲ့ပြီ။ ရာသီဥတုပြောင်းလဲမှုက မြန်မာနိုင်ငံမှာရှိတဲ့ လူတိုင်းကို အများကြီးရိုက်ခတ်နိုင်ပါတယ်။ ဒါပေမဲ့ ရေအားလျှပ်စစ်၊ နေအားလျှပ်စစ်နဲ့ သဘာဝလောင်စာ စတာတွေက ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် အရင်းအမြစ်တွေပါ။

မြန်မာနိုင်ငံမှာက စွမ်းအင်အလားအလာတွေများပြီး ထုတ်လုပ်နိုင်တဲ့ နေရာတွေရှိတဲ့အတွက် မြန်မာနိုင်ငံဟာ စွမ်းအင်ထုတ်လုပ်မှုပိုင်းမှာ အာရှမှာ အသန့်ရှင်းဆုံးနိုင်ငံတစ်ခု ဖြစ်လာနိုင်ပါတယ်။ လျှပ်စစ်နဲ့ စွမ်းအင်လိုအပ်မှုကြီးထွားလာမှုကို ဖြည့်ဆည်းပေးဖို့လည်း လိုအပ်တယ်။ ဒီလိုမျိုး လုပ်ဆောင်ရင်းနဲ့ အရှေ့တောင်အာရှမှာ ဖွံ့ဖြိုးဆဲနိုင်ငံအဖြစ်ကနေ နောင်နှစ်တွေအကြာမှာ သဘာဝပတ်ဝန်းကျင်ကို အလေးထားပြီး ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်တွေ ထုတ်လုပ်ပေးတဲ့ အစိမ်းရောင်အနာဂတ်ကို တည်ဆောက်ဖို့အတွက် ဥရောပသမဂ္ဂက မြန်မာနိုင်ငံနဲ့ လက်တွဲလုပ်ဆောင်ဖို့ အခွင့်အလမ်းတွေ ဆက်လက်ရှာဖွေသွားဖို့ရှိပါတယ်။ သဘာဝပတ်ဝန်းကျင်ကို တန်ဖိုးထားပြီး ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကို ထုတ်လုပ်နိုင်ဖို့ လက်တွဲလုပ်ဆောင်သွားမှာပါ။

ယခုလို ဖြေကြားပေးတာ ကျေးဇူးတင်ပါတယ်။



မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂ
သံအမတ်ကြီး Mr. Kristian Schimdt

# ကုလသမဂ္ဂလုံခြုံရေးကောင်စီက လေးလအတွင်း လူကိုယ်တိုင်တက်ရောက်သည့်အစည်းအဝေး ပထမဆုံးကျင်းပ

**ကုလသမဂ္ဂ ဇူလိုင် ၁၅**
ကုလသမဂ္ဂလုံခြုံရေးကောင်စီသည် ကိုဗစ်-၁၉ ကပ်ရောဂါ ကူးစက်ဖြစ်ပွားမှုကြောင့် မတ်လလယ်ပိုင်းကတည်းက အစည်းအဝေးများကို ဗီဒီယိုကွန်ဖရင့်ပုံစံဖြင့်သာ ကျင်းပခဲ့ပြီး ယမန်နေ့က နယူးယောက်မြို့ရှိ ကုလသမဂ္ဂဌာနချုပ်၌ လူကိုယ်တိုင်တက်ရောက်သည့် အစည်းအဝေးတစ်ရပ်ကို ပထမဆုံးအကြိမ်အဖြစ် ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါအစည်းအဝေးကို ပုံမှန်ပြုလုပ်နေကျ လုံခြုံရေးကောင်စီအစည်းအဝေးခန်းမတွင် ကျင်းပခြင်းမဟုတ်ဘဲ စီးပွားရေးနှင့် လူမှုရေးကောင်စီအစည်းအဝေးခန်းမ၌ ကျင်းပခဲ့ခြင်းဖြစ်သည်။ ကုလသမဂ္ဂလုံခြုံရေးကောင်စီသည် ကိုဗစ်-၁၉ ကပ်ရောဂါကို တုံ့ပြန်သည့်အနေဖြင့် နယူးယောက်မြို့ရှိ ကုလသမဂ္ဂဌာနချုပ်တွင် အသွားအလာကန့်သတ်ထိန်းချုပ်မှုအစီအမံများပြုလုပ်ပြီးနောက် အစည်းအဝေးများကို မတ်လလယ်ပိုင်းကတည်းက ဗီဒီယိုကွန်ဖရင့်ပုံစံဖြင့် ကျင်းပခဲ့ခြင်းဖြစ်သည်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ လူကိုယ်တိုင်တက်ရောက်သည့် အစည်းအဝေးကို မတ် ၁၂ ရက်က နောက်ဆုံးအကြိမ် ကျင်းပခဲ့ခြင်းဖြစ်သည်။ ဗီဒီယိုကွန်ဖရင့်ပုံစံဖြင့် ကျင်းပသည့်အစည်းအဝေးသည် လူကိုယ်တိုင်တက်ရောက်သည့် အစည်းအဝေး၏ သံခင်းတမန်ခင်းဆိုင်ရာ ဆောင်ရွက်မှုကဲ့သို့ ထိရောက်စွာဆောင်ရွက်နိုင်လိမ့်မည်မဟုတ်ကြောင်းလည်း ဂျာမနီနိုင်ငံဆိုင်ရာ ကုလသမဂ္ဂသံအမတ် ခရစ္စတော့ဖ်ဟောက်စ်ဂျင်က ပြောကြားခဲ့သည်။

ဂျာမနီနိုင်ငံသည် ဇူလိုင်လအတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီဥက္ကဋ္ဌအဖြစ် တာဝန်ယူရခြင်းဖြစ်သည့်အတွက် ဇူလိုင်လမကုန်မီ ကုလသမဂ္ဂလုံခြုံရေးကောင်စီအစည်းအဝေးတချို့ကို လူကိုယ်တိုင်တက်ရောက်သည့်ပုံစံဖြင့် ကျင်းပနိုင်ရန် ရည်ရွယ်ထားကြောင်းလည်း ခရစ္စတော့ဖ်ဟောက်စ်ဂျင်က ပြောကြားခဲ့သည်။

ထို့ပြင် ဇူလိုင် ၁၄ ရက်တွင် ကျင်းပသော လူကိုယ်တိုင်တက်ရောက်သည့်အစည်းအဝေးသည် ကုလသမဂ္ဂလုံခြုံရေးကောင်စီ အဖွဲ့ဝင် ၁၅ နိုင်ငံ၏ တညီတညွတ်တည်းဆုံးဖြတ်ချက်ချခဲ့သည့် ရလဒ်ကြောင့် ကျင်းပနိုင်ခဲ့ခြင်းဖြစ်ကြောင်းလည်း ခရစ္စတော့ဖ် ဟောက်စ်ဂျင်က ပြောကြားခဲ့သည်။

ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်



ဇူလိုင် ၁၄ ရက်တွင် ကုလသမဂ္ဂလုံခြုံရေးကောင်စီက လူကိုယ်တိုင်တက်ရောက်သည့် အစည်းအဝေး ကျင်းပစဉ်။

# အမေရိကန်နိုင်ငံသားအားလုံး နှာခေါင်းစည်းဝတ်ဆင်ရန် အမေရိကန် ရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန တိုက်တွန်း



**ဝါရှင်တန် ဇူလိုင် ၁၅**
ကိုဗစ်-၁၉ ကပ်ရောဂါကူးစက်ပျံ့နှံ့မှုကို တားဆီးနိုင်ရန်အတွက် အမေရိကန်နိုင်ငံသားအားလုံး နှာခေါင်းစည်းဝတ်ဆင်ရန် အမေရိကန် ရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာနက ယမန်နေ့က တိုက်တွန်းပြောကြားခဲ့ကြောင်း သိရသည်။

မျက်နှာအကာအကွယ်ဝတ်ဆင်ခြင်းက ကိုရိုနာဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှုကို လျော့နည်းစေရန်နှင့် ရပ်တန့်သွားစေရန် မိမိတို့ရရှိထားသည့် စွမ်းအားအပြည့်ဆုံးလက်နက်များထဲမှ တစ်ခုဖြစ်ကြောင်းနှင့် အမေရိကန်နိုင်ငံသားအားလုံးအနေဖြင့် မိမိကိုယ်ကို၊ မိမိမိသားစုနှင့် မိမိအသိုက်အဝန်းကို အကာအကွယ်ပေးရန် တာဝန်ရှိပါကြောင်းလည်း အမေရိကန် ရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာနမှ ညွှန်ကြားရေးမှူး ရောဘတ်ရက်ဖီးလ်က ထုတ်ပြန်ကြေညာချက်တစ်ရပ်တွင် ပြောကြားခဲ့သည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့် မေရီလန်းရှိ ဆေးရုံတစ်ခုသို့ သွားရောက်ချိန်က ပထမဆုံးအကြိမ်အဖြစ် အများပြည်သူရှေ့မှောက်တွင် နှာခေါင်းစည်းဝတ်ဆင်ခဲ့ပြီးနောက် အမေရိကန် ရောဂါကာကွယ်ထိန်းချုပ်ရေး ဗဟိုဌာန၏ အမေရိကန်နိုင်ငံသားများအား တိုက်တွန်းပြောကြားချက် ထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။

ထရမ့်နှင့် ၎င်း၏ အစိုးရအဖွဲ့မှ ထိပ်တန်းတာဝန်ရှိသူတချို့သည် နှာခေါင်းစည်းဝတ်ဆင်ရေးနှင့်စပ်လျဉ်း၍ ပြည်သူများသို့ အကြံပြုပြောကြားရန် သဘောတူညီမှုမရှိခဲ့သည့်အတွက်လည်း ပြစ်တင်ဝေဖန်ခံခဲ့ရသည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-အလင်းသစ်

■

# ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ အိန္ဒိယအဘိုးအို ပြန်လည်ကျန်းမာလာ

**မွမ်ဘိုင်း ဇူလိုင် ၁၅**
အသက် ၁၀၀ နှစ်အရွယ် အိန္ဒိယအဘိုးအိုတစ်ဦးသည် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာပြီး အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့ရှိ ပုဂ္ဂလိကဆေးရုံတစ်ရုံမှ ပြန်ဆင်းသွားပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ အဘိုးအိုသည် ကိုဗစ်-၁၉ ရောဂါဖြင့် ဇူလိုင် ၁ ရက်က ဆေးရုံတင်ခဲ့ရပြီး ၎င်းမှာ ကိုဗစ်-၁၉ ရောဂါပိုး ကင်းစင်လာသောကြောင့် ယမန်နေ့ညက ဆေးရုံမှ ပြန်ဆင်းသွားကြောင်း၊ အဘိုးအိုသည် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသည့်အတွက် ဝန်ဆောင်မှုပေးသည့် ဆေးရုံဝန်ထမ်းများအပေါ် ကျေးဇူးတင်ရှိကြောင်း ကျန်းမာရေးစောင့်ရှောက်မှုဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ဆေးရုံဝန်ထမ်းများသည် ကျောင်းဆရာ အငြိမ်းစားဖြစ်သူ အဘိုးအို ဆေးရုံမှတွန်းလှည်းဖြင့် ဆင်းလာစဉ် လက်ခုပ်တီးပြီး ဩဘာပေးကာ ကိတ်မုန့်ဖြင့် နှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။

ထို့အတူ မွမ်ဘိုင်းမြို့ဆင်ခြေဖုံးအရပ်နှင့် ကပ်လျက်ရှိသော သိန်းမြို့မှ အသက် ၁၀၃ နှစ်အရွယ်ရှိ ဆူခါးဆင်းချာဘာရာဆိုသူသည် ပြီးခဲ့သည့်လက ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာခဲ့ရာ အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူများအနက် အသက်အကြီးဆုံးဖြစ်လာကြောင်း သိရသည်။

မွမ်ဘိုင်းမြို့သည် အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ အဆိုးရွားဆုံး ထိခိုက်ခံစားရသည့် မြို့ဖြစ်သလို လက်ရှိအချိန်အထိ ကိုဗစ်-၁၉ ရောဂါကြောင့် ၅၄၀၅ ဦးသေဆုံးခဲ့ကြောင်း သိရသည်။

လက်ရှိအချိန်၌ မွမ်ဘိုင်းမြို့တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၉၅၁၀၀ ရှိပြီး လာမည့်သီတင်းပတ်ကုန်ပိုင်းတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၀၀၀၀၀ အထိရှိလာနိုင်ကြောင်း တာဝန်ရှိသူများက ခန့်မှန်းထားသည်။

လက်ရှိအချိန်၌ အိန္ဒိယနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၃၁၉၈၄၀ ဦးရှိပြီး ၎င်းတို့အနက် ၂၄၃၀၉ ဦးသည် သေဆုံးခဲ့ကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - ဂျေတီ

■

# ဖိလစ်ပိုင် ပြည်သူ့ဆောက်လုပ်ရေးဝန်ကြီးတွင် ကိုဗစ်-၁၉ ရောဂါပိုး တွေ့ရှိ

**မနီလာ ဇူလိုင် ၁၅**
ဖိလစ်ပိုင် ပြည်သူ့ဆောက်လုပ်ရေးနှင့် အဝေးပြေးလမ်းမကြီးများ ဝန်ကြီး မတ်ခ်ဗီလာသည် ကိုဗစ်-၁၉ ရောဂါပိုး ကူးစက်ခံနေရပြီး ဗိုင်းရပ်စ် ကူးစက်ခံရသော ဖိလစ်ပိုင်နိုင်ငံ၏ တတိယမြောက် အစိုးရအဖွဲ့ဝင်တစ်ဦး ဖြစ်လာခဲ့ကြောင်း သိရသည်။

"စစ်ဆေးမှုရလဒ်အရ ကျွန်တော့်မှာ ကိုဗစ်-၁၉ ကူးစက်ခံနေရပါတယ်" ဟု ဗီလာက ယနေ့ နံနက်ပိုင်းတွင် ဖေ့ဘွတ်၌ ရေးသားခဲ့သည်။



ပြည်ထဲရေးနှင့် အစိုးရဝန်ကြီး အက်ကွာဒိုအန်နိုမှာ ဗိုင်းရပ်စ်ကူးစက်ခံခဲ့ရကြောင်း တွေ့ရှိပြီးနောက် ဧပြီလအတွင်း ဖိလစ်ပိုင်ပညာရေးဝန်ကြီး လီယိုနော် ဘရိုနက်စ်တွင်လည်း ကိုရိုနာဗိုင်းရပ်စ်ပိုး တွေ့ရှိခဲ့သည်။ ၎င်းတို့နှစ်ဦးစလုံး ပြန်လည်သက်သာလာခဲ့ပြီဖြစ်သည်။

ကိုရိုနာဗိုင်းရပ်စ်ပိုး တွေ့ရှိသည့် စစ်ဘက်ဆိုင်ရာ လက်ထောက်တစ်ဦးနှင့် ထိတွေ့ခဲ့ပြီးနောက် သီးသန့်ခွဲနေရန် ဆုံးဖြတ်ခဲ့ကြောင်း ဖိလစ်ပိုင်ကာကွယ်ရေးဝန်ကြီး ဒယ်လ်ဖင်လော်ရန်ဇာနာနှင့် ဖိလစ်ပိုင်စစ်ဦးစီးချုပ် ဖယ်လီမွန်ဆန်းတို့စ်တို့က ယမန်နေ့က ပြောကြားခဲ့သည်။

ဖိလစ်ပိုင်နိုင်ငံတွင် လက်ရှိအချိန်၌ ကိုရိုနာဗိုင်းရပ်စ်ပိုးကြောင့် သေဆုံးသူ ၁၆၀၃ ဦးနှင့် ပိုးကင်းစင်လူနာ ၂၀၄၅၉ ဦးအပါအဝင် ခာတ်ခွဲအတည်ပြုလူနာ ၅၇၅၄၅ ဦးရှိကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - ကျော်ထိုက်စိုး

# ဘင်္ဂလားဒေ့ရှ်၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၃၅၃၃ ဦး စမ်းသပ်တွေ့ရှိပြီး ၃၃ ဦးသေဆုံး

**ဒါကာ ဇူလိုင် ၁၅**
ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၃၅၃၃ ဦး ထပ်မံစမ်းသပ်တွေ့ရှိခဲ့ခြင်းနှင့်အတူ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၁၉၃၅၉၀ ရှိလာကြောင်း ဘင်္ဂလားဒေ့ရှ်အစိုးရက ယနေ့ပြောကြားသည်။

ထို့အတူ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် ၃၃ ဦး ထပ်မံသေဆုံးခဲ့ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူပေါင်း ၂၄၅၇ ဦး ရှိလာကြောင်း ဘင်္ဂလားဒေ့ရှ်ကျန်းမာရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိ နာဆီမာဆူလ်တနာက ဒါကာမြို့တွင် ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတစ်ရပ်၌ ပြောကြားသည်။

လက်ရှိအချိန်၌ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၁၉၃၅၉၀ ရှိပြီး ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၂၄၅၇ ဦးရှိရာ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးမှုနှုန်းသည် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူအားလုံး၏ ၁ ဒသမ ၂၇ ရာခိုင်နှုန်းခန့်ရှိကြောင်း သိရသည်။

ဘင်္ဂလားဒေ့ရှ်အစိုးရသည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှု ထိန်းချုပ်ရန် ရောဂါစမ်းသပ်စစ်ဆေးမှုကို အရှိန်မြှင့်လုပ်ဆောင်လျက်ရှိရာ ဇူလိုင် ၁၅ ရက်က နိုင်ငံတစ်ဝန်းတွင် လူဦးရေ ၁၄၀၀၂ ဦးတို့၏ နမူနာကို ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ စမ်းသပ်စစ်ဆေးခဲ့ကြောင်း သိရသည်။

ဘင်္ဂလားဒေ့ရှ်၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၇၉၆ ဦး ထပ်မံကျန်းမာလာခဲ့ရာ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူပေါင်း ၁၀၅၀၂၃ ဦးရှိလာပြီး ကိုဗစ်-၁၉ ရောဂါမှ ကျန်းမာလာမှုနှုန်းသည် ၅၄ ဒသမ ၂၅ ရာခိုင်နှုန်းခန့်ရှိကြောင်း သိရသည်။

ဇူလိုင် ၂ ရက်က ဘင်္ဂလားဒေ့ရှ်၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၄၀၁၉ ဦး စမ်းသပ်တွေ့ရှိခဲ့ရာ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ စတင်ဖြစ်ပွားခဲ့ပြီးနောက် ရောဂါကူးစက်မှုနှုန်း အများဆုံးနေ့ဖြစ်လာခဲ့သည်။ ထို့အတူ ဇွန် ၃၀ ရက်က ကိုဗစ်-၁၉ ရောဂါကြောင့် တစ်ရက်အတွင်း ၆၄ ဦး သေဆုံးခဲ့ပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ စတင်ဖြစ်ပွားခဲ့ပြီးနောက် အဆိုပါရောဂါကြောင့် သေဆုံးမှုနှုန်း အများဆုံးနေ့ဖြစ်လာခဲ့ကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - ဂျေတီ

# စင်ကာပူနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါပျံ့နှံ့နေစဉ် သွေးလွန်တုပ်ကွေးရောဂါ ကူးစက်မှုများမြင့်တက်

**စင်ကာပူ ဇူလိုင် ၁၅**

စင်ကာပူနိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ် ကူးစက်ပျံ့နှံ့နေစဉ် ခြင်မှဖြစ်ပွားသည့် သွေးလွန်တုပ်ကွေးရောဂါ ကူးစက်ဖြစ်ပွားမှုများလည်း ရှိနေကြောင်း ယနေ့သတင်းများအရ သိရသည်။

ဆေးဘက်ဆိုင်ရာ တာဝန်ရှိသူများက ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူများအား ဆေးဝါးကုသမှုများပေးနေရသည့်အတွက် သွေးလွန်တုပ်ကွေးရောဂါ ကူးစက်ခံရသူများအနေဖြင့် လိုအပ်သော ဆေးဝါးထောက်ပံ့မှုများ မရရှိမည်ကို စိုးရိမ်ပူပန်လျက်ရှိကြသည်။

နိုင်ငံအတွင်း သွေးလွန်တုပ်ကွေးရောဂါကူးစက်ခံရသူ ၁၇၀၀၀ ရှိလာပြီဖြစ်ကြောင်းနှင့် ၎င်းတို့အနက် အနည်းဆုံး ၁၂ ဦး သေဆုံးခဲ့ကြောင်း ဆေးဘက်ဆိုင်ရာ တာဝန်ရှိသူများက အတည်ပြုပြောကြားခဲ့သည်။

သွေးလွန်တုပ်ကွေးရောဂါခံစားရသူ တစ်ပတ်လျှင် ၁၀၀၀ ဝန်းကျင်ခန့် ရှိပြီး အဆိုပါအရေအတွက်ကို ရက်သတ္တပတ် ငါးပတ်ဆက်တိုက် စမ်းသပ်တွေ့ရှိခဲ့ကြောင်း သိရသည်။

ယခုနှစ် သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှုသည် ယခင်နှစ်များထက် ပိုမိုများပြားပြီး စံချိန်တင်မြင့်တက်လာနိုင်သည်ဟု ဆေးပညာရှင်များက ခန့်မှန်းပြောကြားကြသည်။




သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှုကို ကာကွယ်ရန် လူနေအိမ်များနှင့် အများပြည်သူဆိုင်ရာ နေရာအများအပြားတွင် ပိုးသတ်ဆေးဖျန်းခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှုကို ကာကွယ်လျက်ရှိစဉ် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုကိုလည်း ဂရုတစိုက် ကိုင်တွယ်ဖြေရှင်းနေရသည်ဟု အာဏာပိုင်များက ဆိုသည်။

ကိုဗစ်-၁၉ ရောဂါနှင့် သွေးလွန်တုပ်ကွေးရောဂါနှစ်မျိုးကို ကိုင်တွယ်ဖြေရှင်းရာတွင် အခက်အခဲများနှင့် ရင်ဆိုင်နေရသည်ဟု ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်တစ်ဦးက ပြောကြားခဲ့သည်။

အဆိုပါရောဂါနှစ်မျိုးကို ကာကွယ်ရန် ပြည်သူများအနေဖြင့် ကျန်းမာရေးထောက်ပံ့မှုဆိုင်ရာ ဝန်ဆောင်မှုများ လုံလောက်စွာရရှိရန် လိုအပ်ကြောင်း Duke – NUS ဆေးပညာကျောင်းမှ ပါမောက္ခ အိုအန်အွန်က ပြောကြားခဲ့သည်။ **ကိုးကား – အင်န်အိတ်ချ်ကေ**

**ဘာသာပြန် – အောင်ကျော်ကျော်**



# တောင်အာဖရိက သတ္တုနှင့် စွမ်းအင်ဝန်ကြီး ကိုရိုနာဗိုင်းရပ်စ်ပိုး ကူးစက်ခံရ

**ဂျိုဟန်နက်စ်ဘတ် ဇူလိုင် ၁၅**

တောင်အာဖရိကနိုင်ငံ ဓာတ်သတ္တုနှင့် စွမ်းအင်ဝန်ကြီး ဂွီဒီမန်တာရှီနှင့် ဇနီးတို့တွင် ကိုဗစ်-၁၉ ရောဂါပိုး စမ်းသပ်တွေ့ရှိခဲ့ကြောင်း တောင်အာဖရိကအစိုးရက ယမန်နေ့တွင် ပြောကြားခဲ့သည်။

"ဝန်ကြီး မန်တာရှီနဲ့ ဇနီးဖြစ်သူတို့ဟာ လက်ရှိနေအိမ်မှာ သီးသန့်ခွဲနေလျက်ရှိပြီး ဝန်ကြီးဟာ နေအိမ်ကနေ တာဝန်ထမ်းဆောင်မှာဖြစ်ပါတယ်။ ဝန်ကြီးရဲ့ ရုံးကဝန်ထမ်းတွေကို ကိုဗစ်-၁၉ ရောဂါရှိ၊ မရှိ စစ်ဆေးမှုပြုလုပ်မှာ ဖြစ်ပါတယ်" ဟု အစိုးရအဖွဲ့ ပြောရေးဆိုခွင့်ရှိသူ ဖွမ်လာဝီလီယမ်စ်က ပြောသည်။

ကိုရိုနာဗိုင်းရပ်စ် ကူးစက်ရောဂါ ဖြစ်ပွားချိန်နောက်ပိုင်း ဝန်ကြီး မန်တာရှီက ဗိုင်းရပ်စ်ပိုးရှိ၊ မရှိတတိယအကြိမ် စစ်ဆေးမှုခံယူခဲ့သည်။ "ခက်ခဲတဲ့ကာလအတွင်း ပြည်သူတွေဆီကို စွမ်းအင်နဲ့ ရေနံထွက်ကုန်တွေ ဖူလုံစွာပံ့ပိုးနိုင်ဖို့ ဝန်ကြီးက သန္နိဋ္ဌာန်ချထားပါတယ်"ဟု ၎င်းက ဆိုသည်။

တောင်အာဖရိကနိုင်ငံတွင် လက်ရှိအချိန်၌ ကိုရိုနာဗိုင်းရပ်စ် ပိုးတွေ့လူနာ ၂၉၈၂၉၂ ဦးရှိပြီး သေဆုံးသူ ၄၃၄၆ ဦးရှိကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – ကျော်ထိုက်စိုး**

# အင်ဒိုနီးရှားနိုင်ငံ၌ ရေဘေးကြောင့် ၁၅ ဦးထက်မနည်း သေဆုံး

**ဂျကာတာ ဇူလိုင် ၁၅**

အင်ဒိုနီးရှားနိုင်ငံ ဆူလာဝေစီကျွန်းတောင်ပိုင်း မြောက်ပိုင်း လူဝူဒေသတွင် ရေကြီးမှုများကြောင့် ၁၅ ဦးထက်မနည်း သေဆုံးခဲ့ပြီး အများအပြား ပျောက်ဆုံးနေကြောင်း သိရသည်။

"ကျေးရွာအချို့ကို ဝင်လို့မရသေးလို့ သေဆုံးသူဦးရေကို အတိအကျ ခန့်မှန်းလို့မရသေးပါဘူး" ဟု မြောက်ပိုင်း လူဝူဒေသ အုပ်ချုပ်ရေးမှူး အင်ဒါပူထရီအင်ဒရီယာနီက ပြောသည်။ ဇူလိုင် ၁၂ ရက်နောက်ပိုင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မြစ်သုံးစင်းတွင် ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့သည်။ ခရိုင်ခြောက်ခရိုင်ရှိ မိသားစုပေါင်း ၄၉၃၀ ရေဘေးသင့်ခဲ့ကြောင်း အမျိုးသားဘေးအန္တရာယ်လျော့ချရေးအေဂျင်စီ (BNPB) က ယမန်နေ့တွင် သတင်းထုတ်ပြန်ခဲ့သည်။ ဇူလိုင် ၁၆ ရက်အထိ ဒေသတွင်း မိုးဆက်လက်ရွာသွန်းနိုင်ကြောင်း မိုးလေဝသအေဂျင်စီ (BMKG)က ခန့်မှန်းခဲ့ပြီး နောက်ထပ်ရေကြီးရေလျှံမှုများ ဖြစ်လာနိုင်မှုကြောင့် သတိရှိစွာနေထိုင်ကြရန် ဒေသခံများသို့ တိုက်တွန်းခဲ့သည်။

ရာချီသော အိမ်များ၊ အများပြည်သူပိုင်အဆောက်အအုံများသည် ရွှံ့နွံများအောက် ၅ မီတာခန့်အထိ နစ်မြုပ်ခဲ့ပြီး ကျေးရွာအချို့သို့ဝင်ရောက်ရန် ၂ မီတာခန့် နစ်မြုပ်နေသော ရွှံ့နွံများက ပိတ်ဆို့လျက်ရှိသည်။ ထိုသို့ ပိတ်ဆို့နေမှုက ဒေသခံများ ဘေးလွတ်ရာသို့ ရွှေ့ပြောင်းရေးလုပ်ငန်းစဉ်ကို သာမက အကူအညီပေးအပ်ရေးကိုလည်း အဟန့်အတားဖြစ်စေခဲ့သည်။ "ရှာဖွေရေးနဲ့ ကယ်ဆယ်ရေးလုပ်ငန်းတွေအပြင် အထူးသဖြင့် အဝတ်အစားတွေပေးဝေမှု ဆက်လက်ဆောင်ရွက်ဖို့ လမ်းပွင့်သွားရေး ကျွန်တော်တို့ အလေးထားဆောင်ရွက်နေပါတယ်။ ဒေသခံပြည်သူ ၂၆၅၀ အိုးအိမ်စွန့်ခွာခဲ့ရပါတယ်"ဟု အင်ဒါက ဆိုသည်။

"အခုရေဘေးက ဒီနှစ်အတွင်း စတုတ္ထမြောက်ရေဘေးဖြစ်ပါတယ်။ ယခင် ရေကြီးရေလျှံမှုတွေက မေလနဲ့ ဇွန်လမှာ ဖြစ်ပွားခဲ့ပါတယ်"ဟု ၎င်းက ဆိုသည်။

**ကိုးကား – သည်ဂျကာတာပို့စ်**

**ဘာသာပြန် – ကျော်ထိုက်စိုး**



# နိုင်ငံတကာကျောင်းသားများအပေါ် ပြည်ဝင်ခွင့်ဗီဇာ ပိတ်ပင်မည့်အစီအစဉ် အမေရိကန်အစိုးရ ပြန်လည်ရုပ်သိမ်း


**ဝါရှင်တန် ဇူလိုင် ၁၅**

နိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် ကူးစက်ပျံ့နှံ့မှုကြောင့် အွန်လိုင်းစနစ်ဖြင့် သင်ကြားခြင်းကိုသာ ကျင့်သုံးသည့် ကျောင်းများနှင့် တက္ကသိုလ်များတွင် တက်ရောက်ကြမည့် နိုင်ငံတကာ ကျောင်းသားများအား ပြည်ဝင်ခွင့်ဗီဇာ ထုတ်ပေးခြင်းကို ရပ်ဆိုင်းပစ်မည်ဆိုသည့် အစီအစဉ်ကို အမေရိကန်အစိုးရက ယနေ့ ပြန်လည်ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

သမ္မတ ဒေါ်နယ်ထရမ့် ဦးဆောင်သော အစိုးရအဖွဲ့က နိုင်ငံတကာကျောင်းသားများအား ပြည်ဝင်ခွင့်ဗီဇာထုတ်ပေးမှုကို ရပ်ဆိုင်းမည်ဆိုသည့် အစီအစဉ်ကို ပြန်လည်ရုပ်သိမ်းလိုက်ပြီဖြစ်ကြောင်း မက်ဆာချူးဆက်စ်ပြည်နယ်ရှိ ခရိုင်တရားရုံးက ယမန်နေ့တွင် ကြေညာခဲ့သည်။

အမေရိကန် လူဝင်မှုကြီးကြပ်ရေးနှင့် အကောက်ခွန်အာဏာပိုင်အဖွဲ့က ပြည်ဝင်ခွင့်ပိတ်ပင်သည့် ကန့်သတ်ချက်များကို ကြေညာခဲ့ပြီး ရက်သတ္တပတ်အကြာတွင် တရားရုံး၏ ကြေညာချက်ထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။

ဟားဗက်တက္ကသိုလ်၊ မက်ဆာချူးဆက်စ် နည်းပညာအင်စတီကျုနှင့် ပြည်နယ် ၁၇ ခု၏ ဒေသန္တရအစိုးရများအပါအဝင် ဝါရှင်တန်ဒီစီမြို့ အစိုးရအဖွဲ့တို့က သမ္မတထရမ့်၏ နိုင်ငံတကာ ကျောင်းသားများအား ဗီဇာထုတ်ပေးမှုကို ရပ်ဆိုင်းသည့် အစီအစဉ်ကို ပြန်လည်ရုပ်သိမ်းပေးရန် တောင်းဆိုခဲ့ကြသည်။



နိုင်ငံတကာ ကျောင်းသားများအား ပြည်ဝင်ခွင့်ဗီဇာ ပိတ်ပင်မည်ဆိုပါက လက်ရှိ နိုင်ငံအတွင်းရှိ အွန်လိုင်းစနစ်ဖြင့် သင်ကြားနေသော တက္ကသိုလ်များတွင် ပညာသင်ယူနေသည့် ကျောင်းသားများသည် နိုင်ငံအတွင်းမှ ထွက်ခွာရမည်ဖြစ်သည် (သို့မဟုတ်) လူကိုယ်တိုင်သင်ကြားသော တက္ကသိုလ်များသို့ သွားရောက်ပြောင်းရွှေ့ တက်ရောက်ရမည်ဖြစ်သည်။

ထို့ပြင် အဆိုပါစည်းမျဉ်း အသက်ဝင်ခဲ့မည်ဆိုပါက ၂၀၁၉ ခုနှစ် ဘဏ္ဍာနှစ်တွင် ပြည်ဝင်ခွင့်ဗီဇာ ထုတ်ပေးခဲ့သော နိုင်ငံတကာ ကျောင်းသား လေးသိန်းခန့်သည် ထိခိုက်နစ်နာမှုများနှင့် ရင်ဆိုင်ရမည်ဖြစ်သည်။

နိုင်ငံအတွင်း လူမှုစီးပွားဘဝ ပြန်လည်ကောင်းမွန်လာစေရေးအတွက် ကြိုးပမ်းမှုတစ်ရပ်အနေဖြင့် ကျောင်းများနှင့် တက္ကသိုလ်များအား လူကိုယ်တိုင်တက်ရောက်သော သင်ကြားနည်းစနစ်ကိုသာ ကျင့်သုံးကြရန် သမ္မတထရမ့်က တိုက်တွန်းပြောကြားလျက်ရှိသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**

**ဘာသာပြန် – အောင်ကျော်ကျော်**

## ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ

| | |
|---|---|
| ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ | ၁၃၄၉၅၄၀၃ ဦး |
| သေဆုံးသူ | ၅၈၂၁၂၆ ဦး |
| ပြန်လည်ကျန်းမာလာသူ | ၇၈၁၁၀၃၉ ဦး |

## AA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့၏ အမာခံများ ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၁၅**
ရခိုင်ပြည်နယ် ရမ်းဗြဲမြို့နယ်ရှိ မင်းကျောင်းတံတားအနီး၌ လုံခြုံရေးဆောင်ရွက်နေသော တပ်ဖွဲ့ဝင်များသည် ဇွန် ၂၃ ရက် ည ၈ နာရီခွဲခန့်တွင် မင်းကျောင်းတံတားဘက်မှ အလယ်ချောင်းကျေးရွာဘက်သို့ မောင်းနှင်လာသော ဆိုင်ကယ်တစ်စီးနှင့် လူနှစ်ဦးအား မသင်္ကာသဖြင့် ရပ်တန့်စစ်ဆေးရာ ၎င်းတို့နှစ်ဦးမှာ AA အကြမ်းဖက်သောင်းကျန်းသူများဖြစ်နေပြီး သတင်းဆက်အရ ဇူလိုင် ၁၂ ရက် မွန်းလွဲပိုင်းတွင် အလယ်ကျောင်းကျေးရွာသို့ သွားရောက်၍ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များနှင့်အတူ ရှာဖွေစစ်ဆေးဖော်ထုတ်ခဲ့ရာ AA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့၏ အမာခံခြောက်ဦးအား ထပ်မံဖော်ထုတ်ဖမ်းဆီးရမိခဲ့ကြောင်း တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

သတင်းစဉ်

## ကော့သောင်း၊ ဖယ်ခုံ၊ မဘိမ်းမြို့နယ်တို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် ဇူလိုင် ၁၅**
ကော့သောင်းမြို့နယ် မာရမ်းနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ယမန်နေ့နံနက် ၅ နာရီခွဲတွင် ကော့သောင်းမြို့နယ် နမ္မနွယ်ကျေးရွာအနီး၌ တွေ့ရှိသူမောင်မောင်နိုင်အား စစ်ဆေးရှာဖွေရာ ငွေကျပ်သိန်း ၁၈၃၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၆၁၀၀၀၊ ထိုင်းဘတ်ငွေ ၂၁၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း။



မောင်မောင်နိုင်အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

အလားတူ ယင်းနေ့ ညနေ ၅ နာရီတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ဖယ်ခုံမြို့နယ် ကုန်းဆုံကျေးရွာအုပ်စု ပူချယ်–လုံကာကျေးရွာသွားလမ်းတွင် သိန်းဇော်ခြည်ဦးမောင်းနှင်လာသော ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ သိမ်းဆည်းရမိခဲ့ပြီး ဆက်လက်၍ ၎င်းနေထိုင်သည့် ရွှေပြည်အေးကျေးရွာရှိ နေအိမ်ကို ဆက်လက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၅၈၀ ကို လည်းကောင်း။

ထို့အတူ ထိုနေ့ ညနေပိုင်းတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မဘိမ်းမြို့နယ် ပင်ကြိမ်ကျေးရွာ ပေါင်းနက်တံတားအနီး၌ လုံခြုံရေးဆောင်ရွက်နေစဉ် အမျိုးသားနှစ်ဦးမောင်းနှင်လာသော ဆိုင်ကယ်မှာ လုံခြုံရေးဆောင်ရွက်နေသည့်နေရာသို့ မရောက်မီ အထုပ်တစ်ထုပ်ကို ပစ်ချထားခဲ့ပြီး ဆိုင်ကယ်အား နောက်ပြန်လှည့်မောင်းနှင်ထွက်ပြေးသွားသဖြင့် အထုပ်ကို ဖွင့်ဖောက်စစ်ဆေးရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၈၀၀၀ နှင့် ဘိန်းဖြူ သုညဒသမ ဝ၆၃ ကီလိုတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

## မြန်မာအမျိုးသမီးတစ်ဦးကို တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားခဲ့သူများအား လူကုန်ကူးမှုဖြင့် ထောင်ဒဏ်ချမှတ်

**နေပြည်တော် ဇူလိုင် ၁၅**
မြန်မာအမျိုးသမီးတစ်ဦးကို တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားခဲ့သူများအား လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေဖြင့် ထောင်ဒဏ် ၁၁ နှစ် ချမှတ်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့ မြဝတီရပ်ကွက်နေ ဒေါ်အေးရီနှင့် ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ဗိုလ်ချုပ်ပန်းခြံအနီးနေ ဒေါ်အေးသိန်း(ခ)အစ်မကြီး (တိမ်းရှောင်)တို့သည် ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နေ ၂၃ နှစ်အရွယ်ရှိ အမျိုးသမီးအား ရန်ကုန်မြို့တွင် အိမ်ဖော်လုပ်ကိုင်ရန် စည်းရုံးပြောဆိုပြီး တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားခဲ့မှုအတွက် ဟင်္သာတမြို့မရဲစခန်းက လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေဖြင့် အမှုဖွင့်လှစ်ခဲ့ပြီး ဟင်္သာတခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ ဇူလိုင် ၁၃ ရက်တွင် တရားခံ ဒေါ်အေးရီအား လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၄ အရ ထောင်ဒဏ် ၁၁ နှစ် ချမှတ်ခဲ့ပြီး တိမ်းရှောင်တရားခံအား တရားခံပြေးကြေညာခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ဘိုကလေးမြို့နယ်၌ အမျိုးသားတစ်ဦး ချောင်းအတွင်း ရေချိုးဆင်းရာမှ မိချောင်းကိုက်ခံရ

**ဘိုကလေး ဇူလိုင် ၁၅**
ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် သရော်ချောင်းကျေးရွာအုပ်စု ဘောဂဝတီချောင်းကျေးရွာနေ အမျိုးသားတစ်ဦး ယမန်နေ့ ညနေပိုင်းက ချောင်းအတွင်း ရေချိုးဆင်းရာမှ မိချောင်းကိုက်ခံရကြောင်း သိရသည်။

မိချောင်းကိုက်ခံရသူမှာ ဘောဂဝတီချောင်းကျေးရွာနေ ကိုမျိုးဇော်သည် လယ်နှင့်ကပ်လျက်ရှိသည့် သဲဖြူချောင်းအတွင်း ရေချိုးဆင်းစဉ် မိချောင်းကိုက်ခံရခြင်းဖြစ်ကြောင်း၊ ၎င်းအား လယ်ပိုင်ရှင် ဦးလှထွန်းကြည်က လိုက်လံဆွဲယူသဖြင့် မိချောင်းမှာ ကိုက်ထားသည့် ခြေထောက်အားလွှတ်ကာ ပြန်ဆင်းပြေးသွားကြောင်း ကာယကံရှင်၏ ပြောကြားချက်အရ သိရသည်။

ယခုနှစ် ဇွန် ၂၉ ရက်ကလည်း ဘိုကလေးမြို့နယ် ဂရမ်းကျေးရွာအုပ်စု ရွာသစ်ကျေးရွာမြစ်ဆိပ်၌ ရေချိုးနေသည့် ကလေးတစ်ဦး မိချောင်းကိုက်ခံခဲ့ရကြောင်း သိရသည်။

မိုးစက်(ဘိုကလေး)

## အမြန်လမ်း၌ သတ်မှတ်မိုင်နှုန်းထက် ပိုမိုမောင်းနှင်သောယာဉ်များနှင့် ထိုင်ခုံခါးပတ်မပတ်ဘဲ မောင်းနှင်သည့် ယာဉ်များအား အရေးယူ

**နေပြည်တော် ဇူလိုင် ၁၅**
အမြန်လမ်းမကြီးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သည့် ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၁၃ ရက် ညနေ ၅ နာရီမှ ဇူလိုင် ၁၄ ရက် ညနေ ၅ နာရီအထိ ယာဉ်စည်းကမ်း စစ်ဆေးခြင်းများဆောင်ရွက်ခဲ့ရာ ရန်ကုန်–မန္တလေးအမြန်လမ်း လှည်းကူးမြို့နယ် အမှတ်(၃)လမ်းဆုံ တိုးဂိတ်၌ သတ်မှတ်မိုင်နှုန်းထက် ပိုမိုမောင်းနှင်သော မော်တော်ယာဉ် ငါးစီး၊ ဘောနတ်ကြီးမီနီတိုးဂိတ်၌ မော်တော်ယာဉ် နှစ်စီး၊ ဖြူးတိုးဂိတ်၌ မော်တော်ယာဉ် သုံးစီး၊ နေပြည်တော်တိုးဂိတ်၌ မော်တော်ယာဉ် ၁၈ စီး၊ သီးကုန်းတိုးဂိတ်၌ မော်တော်ယာဉ် ခြောက်စီး၊ စကားအင်းတိုးဂိတ်၌ မော်တော်ယာဉ် ခြောက်စီး၊ ထိုင်ခုံခါးပတ် မပတ်ဘဲ မောင်းနှင်သည့် မော်တော်ယာဉ် တစ်စီး၊ စုစုပေါင်း ၄၁ စီးအား ဖမ်းဆီးခဲ့ပြီး သက်ဆိုင်ရာ ယာဉ်စည်းကမ်းတရားရုံးများသို့ တရားစွဲတင်ပို့သွားမည်ဖြစ်ကြောင်း သိရသည်။

ရဲပြန်ကြား

**ဥပဒေဘောင်အတွင်း**
**နေထိုင်ခြင်း**
**ဘေးကင်းရန်ကွာ**
**လွန်ချမ်းသာ**

## နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီး/ ပြည်နယ်များမှ သစ်တန် ၂၅၀ ကျော် သိမ်းဆည်းရမိ

**နေပြည်တော် ဇူလိုင် ၁၅**
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးအား ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ်အပါအဝင် နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၆ ရက်မှ ၁၂ ရက်အထိ နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီး/ ပြည်နယ် သစ်တောဦးစီးဌာနများမှ ပေးပို့လာသော စာရင်းများအရ တရားမဝင် ကျွန်း ၅၇ ဒသမ ၂၈၉၄ တန်၊ သစ်မာ ၆၆ ဒသမ ၈၁၆၅ တန်၊ အခြား ၁၂၇ ဒသမ ၁၁၈၄ တန် စုစုပေါင်း ၂၅၁ ဒသမ ၂၂၄၃ တန်၊ ပြစ်မှုကျူးလွန်သူ ၄၁ ဦး၊ ယာဉ်/ယန္တရား ၃၃ စီး ဖမ်းဆီးရမိခဲ့ကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

ညီညီသန်း(နေပြည်တော်)





# အခြားစိန်ခေါ်မှုတွေ



COVID နဲ့နွှယ်တဲ့ ပြဿနာတွေကို စဉ်းစားတဲ့အခါမှာ ကျွန်မတို့ နိုင်ငံရဲ့မြောက်မြားလှစွာသော အခြားစိန်ခေါ်မှုတွေကိုလည်း မြင်လာကြလိမ့်မယ်လို့ ထင်ပါတယ်။

ဖွံ့ဖြိုးဆဲနိုင်ငံ တစ်နိုင်ငံရဲ့ ထွန်းသစ်စ ကျန်းမာရေး၊ စီးပွားရေး၊ ပညာရေးတိုးတက်မှုတွေ မယိမ်းယိုင်သွားအောင် ထိန်းသိမ်းထားရေး၊ များပြားလှစွာသော ကျွန်မတို့ ပြည်တော်ပြန် အလုပ်သမားများအရေး၊ ပြည်တွင်းစစ်နဲ့ နွှယ်နေတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ နယ်မြေများအတွင်း၊ အနယ်နယ်အရပ်ရပ်ရှိ IDP စခန်းများအတွင်း COVID ရောဂါ ကာကွယ်ရေး၊ မတည်ငြိမ်သေးတဲ့ မြောက်ပိုင်းရခိုင်အရေး။

COVID ရောဂါပေါ်လာလို့ အခြားစိန်ခေါ်မှုတွေက မပျောက်သွားပါဘူး။ COVID အလွန်အတွက်လည်း အခုကတည်းက ပြင်ဆင်ထားရပါတယ်။ ဒါ့ကြောင့် ကျွန်မတို့ ပြည်သူတွေကို အမြင်ကျယ်စေချင်တယ်၊ စိတ်ခိုင်မာစေချင်တယ်၊ ဝီရိယကောင်းစေချင်တယ်၊ သွေးစည်းစေချင်တယ်။

ပြည်သူတွေဟာ အဓိက မဟုတ်ပါလား။

(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ၂၉-၄-၂၀၂၀ ရက်နေ့တွင် ဖေ့စ်ဘွတ်၌ ရေးသားဖော်ပြချက်မှ ကောက်နုတ်ချက်)

# COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

## (၁၅-၇-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ

၁။ (၁၅-၇-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် -

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ (ပထမအသုတ်) ဓာတ်ခွဲနမူနာ (၃၃၅) ခု၊
- ဆေးသုတေသနဦးစီးဌာန (DMR)မှ ဓာတ်ခွဲနမူနာ (၁၈၀) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲနမူနာ (၁၈၂) ခုနှင့်
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှ ဓာတ်ခွဲနမူနာ (၁၈၉) ခု

စုစုပေါင်း (၈၈၇)ခုအား ယနေ့ ညနေတွင် စစ်ဆေးပြီးစီးခဲ့ရာ -
COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ်မတွေ့ရှိပါ။

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**
**(၁၅-၇-၂၀၂၀)ရက်နေ့၊ ည (၈:၀၀)နာရီ**

| | |
|---|---|
| (၁၅-၇-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ (ပထမအသုတ်) ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၃၃၅) ခု |
| (၁၅-၇-၂၀၂၀) ရက်နေ့တွင် ဆေးသုတေသနဦးစီးဌာနမှ စစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၈၀) ခု |
| (၁၅-၇-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၈၂) ခု |
| (၁၅-၇-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၈၉) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) | (၀) ဦး |

၂။ (၁၅-၇-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါဓာတ်ခွဲ အတည်ပြုလူနာ (၃၃၇) ဦးရှိပါသည်။

၃။ ဓာတ်ခွဲအတည်ပြုလူနာဟောင်း (old confirmed case) များ၏ ဓာတ်ခွဲနမူနာစစ်ဆေးမှုတွင် (၂) ကြိမ်ဆက်တိုက် ပိုးမတွေ့ရှိသူ (၅) ဦး (Case- 265, 294, 301, 302, 304) ရှိသဖြင့် စုစုပေါင်း (၂၆၆) ဦးရှိပါသည်။ ၎င်းတို့အနက် (၂၅၃) ဦးအား ဆေးရုံမှဆင်းခွင့်ပြုခဲ့ပြီးဖြစ်ကာ သတ်မှတ်နေရာများတွင် အသွားအလာဆက်လက်ကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုလျက်ရှိပါသည်။

၄။ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူ (၆)ဦး ရှိပါသည်။

၅။ (၁၄-၇-၂၀၂၀) ရက်နေ့၊ မွန်းတည့် (၁၂:၀၀) နာရီမှ (၁၅-၇-၂၀၂၀)ရက်နေ့၊ မွန်းတည့် (၁၂:၀၀) နာရီအတွင်း တွေ့ရှိရသော စောင့်ကြည့်လူနာအသစ် (၂၉) ဦး ရှိပါသည်။

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှု အခြေအနေထုတ်ပြန်ချက်**
**(၁၅-၇-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ**

| | အသစ် | ယခုအထိ စုစုပေါင်း |
|---|---|---|
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (confirmed) | (၀) ဦး | (၃၃၇) ဦး |
| ကုသမှုခံယူပြီး ရောဂါပိုးကင်းစင်လာသူ (recovered) | (၅) ဦး | (၂၆၆) ဦး |
| သေဆုံးလူနာ (death) | (၀) ဦး | (၆) ဦး |

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

# COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

## (၁၅-၇-၂၀၂၀) ရက်နေ့၊ နံနက်(၈:၀၀)နာရီ

၁။ (၁၄-၇-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် -

- အမျိုးသား ကျန်းမာရေး ဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ ထပ်မံစစ်ဆေးပြီးစီးခဲ့သော ဓာတ်ခွဲနမူနာ (၄၈၆)ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(မော်လမြိုင်) မှ ဓာတ်ခွဲနမူနာ (၂၅၄) ခု၊
  စုစုပေါင်း (၇၄၀) ခု တွင်-
- COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ်မတွေ့ရှိရပါ။

၂။ သို့ဖြစ်ရာ (၁၄-၇-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် -

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(ရန်ကုန်)(NHL) မှ ဓာတ်ခွဲနမူနာ (၈၅၂) ခု၊
- ဆေးသုတေသနဦးစီးဌာန(DMR) မှ ဓာတ်ခွဲနမူနာ (၂၄၈) ခု၊
- ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး၊ ခုတင် (၁၀၀၀) မှ ဓာတ်ခွဲနမူနာ (၂၄၀) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(မန္တလေး) မှ ဓာတ်ခွဲနမူနာ (၁၄၂) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(မော်လမြိုင်) မှ ဓာတ်ခွဲနမူနာ (၂၅၄) ခု၊

စုစုပေါင်း (၁,၇၃၆) ခုအား စစ်ဆေးခဲ့ပြီးဖြစ်ပါသည်။

၃။ (၁၅-၇-၂၀၂၀)ရက်နေ့၊ နံနက် (၈:၀၀) နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၃၃၇)ဦး ရှိပါသည်။

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ**
**(၁၅-၇-၂၀၂၀)ရက်နေ့၊ နံနက် (၈:၀၀)နာရီ**

| | |
|---|---|
| (၁၄-၇-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ ထပ်မံစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာစုစုပေါင်း | (၄၈၆) ခု |
| (၁၄-၇-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(မော်လမြိုင်) မှ ဓာတ်ခွဲနမူနာ | (၂၅၄) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) (positive) | (၀) ဦး |

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

# ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီသို့ National Energy Puma Aviation Services Co., Ltd ၏ လှူဒါန်းငွေများ လွှဲပြောင်းပေးအပ်ပွဲကျင်းပ

**နေပြည်တော် ဇူလိုင် ၁၅**

ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီသို့ National Energy Puma Aviation Services Co.,Ltd (Joint Venture of Myanma Petroleum Products Enterprise and Puma Energy Group Pte., Ltd) ၏ လှူဒါန်းငွေ အမေရိကန်ဒေါ်လာ တစ်သိန်း လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ရုံးအမှတ် (၂၇) ရတနာခန်းမ၌ ကိုဗစ်-၁၉ ကာကွယ်ရေးနည်းစနစ်များနှင့်အညီ ကျင်းပသည်။

အခမ်းအနားသို့ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်၊ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ အတွင်းရေးမှူး (၂)၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်၊ အမြဲတမ်းအတွင်းဝန် ဦးတင်မောင်ဦး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်း၊ ဌာနဆိုင်ရာအကြီးအကဲများ၊ National Energy Puma Aviation Services Co., Ltd (NEPAS) မှ Mr. Gary Fisher နှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။



### လူမှုရေးတာဝန်သိမှု

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က လက်ရှိအချိန်တွင် ကမ္ဘာ့နိုင်ငံအသီးသီးသည် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ကျန်းမာရေး၊ စီးပွားရေး၊ ပညာရေး၊ လူမှုရေးစသည့် ကဏ္ဍပေါင်းစုံတွင် အခက်အခဲများ၊ စိန်ခေါ်မှုများနှင့် ကြုံတွေ့နေရသည့်ကာလဖြစ်ပါကြောင်း၊ ယခုလိုအချိန်တွင် မြန်မာနိုင်ငံအနေဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ဝန်ထမ်းများ၏ စွမ်းစွမ်းတမံ ကြိုးပမ်းအားထုတ်မှု၊ ပြည်သူလူထု၏ ပူးပေါင်းဆောင်ရွက်မှုများဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါကို အတိုင်းအတာတစ်ခုအထိ ထိန်းချုပ်ဆောင်ရွက်ထားနိုင်သည့်အတွက် သက်ဆိုင်ရာ တာဝန်ရှိသူများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြသူအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း၊ ကိုဗစ်-၁၉ ကပ်ရောဂါကို အပြီးတွန်းလှန်နိုင်ရန် အားလုံး၏ပူးပေါင်းပါဝင်မှု လိုအပ်သကဲ့သို့ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို ရှေ့တန်းမှ ကြိုးပမ်းဆောင်ရွက်ပေးနေကြသည့် ကျန်းမာရေးဝန်ထမ်းများကို မိမိတို့တတ်နိုင်သည့်ဘက်က ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း၊ အဆိုပါ ပံ့ပိုးကူညီမှုများ ဆောင်ရွက်နိုင်ရန်၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန လက်အောက်ရှိ မြန်မာ့ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေး လုပ်ငန်းနှင့် Puma Energy Group Pte.,Ltd တို့ အကျိုးတူ ပူးပေါင်းဆောင်ရွက်ကာ မြန်မာနိုင်ငံတွင် လေယာဉ်ဆီ ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း ဆောင်ရွက်နေသည့် National Energy Puma Aviation Services Co., Ltd အနေဖြင့် အမေရိကန်ဒေါ်လာ တစ်သိန်းကို လူမှုရေးတာဝန်သိမှု (Corporate Social Responsibility) CSR Budget မှ လှူဒါန်းခြင်းဖြစ်ပါကြောင်း။

National Energy Puma Aviation Services Co., Ltd (NEPAS) သည် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ကြီးကြပ်မှုအောက်ရှိ ယခင်မြန်မာ့ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်းမှ ရှယ်ယာ ၅၁ ရာခိုင်နှုန်းနှင့် စင်ကာပူနိုင်ငံအခြေစိုက် Puma Energy Group Pte., Ltd မှ ရှယ်ယာ ၄၉ ရာခိုင်နှုန်း ထည့်ဝင်ကာ အကျိုးတူပူးပေါင်းဖွဲ့စည်းထားသည့် JV လုပ်ငန်းတစ်ခုဖြစ်ပြီး၊ လေယာဉ်ဆီ ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းကို ၂၀၁၅ ခုနှစ်ကတည်းက စတင်ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါကြောင်း၊ ယခုတွင် မြန်မာနိုင်ငံ၏ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ လေဆိပ် ၁၂ ခုတွင် လေယာဉ်ဆီဖြန့်ဖြူးရောင်းချခြင်း လုပ်ငန်းကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ NEPAS အနေဖြင့် လေယာဉ်ဆီဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းနှင့် ပတ်သက်ပြီး အရည်အသွေးပိုင်းသာမက ဝန်ဆောင်မှုပိုင်းတွင်ပါ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့သည့်အပြင် စတင်ထူထောင်ချိန်မှ လက်ရှိအချိန်အထိ CSR လုပ်ငန်းများကို တစိုက်မတ်မတ် ဆောင်ရွက်ခဲ့ပါကြောင်း၊ ထိုကဲ့သို့ CSR လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာတွင် နိုင်ငံတော်၏ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာစေရေး အတွက် အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းများ ဖွင့်လှစ်နိုင်ရန်လှူဒါန်းခြင်း၊ ထူးချွန်ကျောင်းသားများအား ပညာသင်ဆုများပေးအပ်ခြင်း၊ မိဘမဲ့ကလေးကျောင်းများသို့ ပညာရေးဆိုင်ရာပစ္စည်းများ ပေးအပ်လှူဒါန်းခြင်း၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကိစ္စရပ်များအတွက် လှူဒါန်းခြင်း၊ လမ်းအသုံးပြုသူပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းရေးဆိုင်ရာ ပညာပေးသင်တန်းများ ဖွင့်လှစ်ခြင်းစသည့် CSR လုပ်ငန်းများကို ဆောင်ရွက်ခဲ့သည့်အပြင် ကျန်းမာရေးကဏ္ဍတွင်လည်း ဆေးရုံများအတွက် ဆေးရုံသုံးပစ္စည်းများ လှူဒါန်းခြင်း၊ မသန်စွမ်းကလေးငယ်များအတွက် Wheelchair များ လှူဒါန်းခြင်း၊ HIV/ AIDS Center များသို့ လှူဒါန်းခြင်းအစရှိသည့် CSR လုပ်ငန်းများကိုပါ အလေးထားဆောင်ရွက်ခဲ့ပါကြောင်း၊ NEPAS ၏ လုပ်ငန်းများ စတင်ချိန်မှ ယခုအချိန်အထိ CSR လုပ်ငန်းများအတွက် စုစုပေါင်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၂ သန်းခန့် ကျခံသုံးစွဲခဲ့ပြီးဖြစ်ပါကြောင်း။

### ထိရောက်သည့် အထောက်အပံ့

ထို့ပြင် NEPAS အနေဖြင့် ကိုဗစ်ကာလအတွင်း အများပြည်သူသွားလာရေးနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများကို အထောက်အကူဖြစ်စေရန် လေယာဉ်ဆီ ဈေးနှုန်းများကိုလည်း လျှော့ချပေးခဲ့ပါကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့်လည်း ယခုလို လုပ်ငန်းဆောင်ရွက်မှုတွင် အောင်မြင်ရုံမျှမက လူမှုရေးတာဝန်သိသည့် JV လုပ်ငန်းတစ်ခု၊ နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် အထောက်အကူပြုသည့် JV လုပ်ငန်းတစ်ခုကို ထူထောင်နိုင်ခဲ့သည့်အတွက် များစွာဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ NEPAS လုပ်ငန်း၏ ခေါင်းစဉ်အောက်တွင် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်နေသည့် စင်ကာပူနိုင်ငံအခြေစိုက် Puma Energy Group Pte., Ltd မှ တာဝန်ရှိသူ အားလုံးကိုလည်း ကျေးဇူးတင်ရှိပါကြောင်း၊ NEPAS ၏ ယခုကဲ့သို့ လှူဒါန်းငွေများသည် မြန်မာနိုင်ငံ၏ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများအတွက် ကောင်းမွန်ထိရောက်သည့် အထောက်အပံ့တစ်ခုဖြစ်စေလိုကြောင်း၊ ကိုဗစ်-၁၉ ကပ်ရောဂါ တုံ့ပြန်ရေးလုပ်ငန်းများကို ရှေ့ဆုံးမှ ရဲရဲဝံ့ဝံ့ ဆောင်ရွက်ပေးနေကြသည့် ကျန်းမာရေးဝန်ထမ်းများ အနေဖြင့်လည်း ဘေးကင်းလုံခြုံစွာဖြင့် အများပြည်သူများ၏ ကျန်းမာရေးကို စောင့်ရှောက်ပေးနိုင်ပါစေကြောင်း၊ မြန်မာနိုင်ငံ၏ ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍတွင် ပါဝင်ဆောင်ရွက်နေကြသည့် ပြည်တွင်း၊ ပြည်ပမှ ရင်းနှီးမြှုပ်နှံသူများအနေဖြင့် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများအတွက် မိမိတို့တတ်နိုင်သည့်ဘက်မှ ဝိုင်းဝန်းကူညီပံ့ပိုးပေးကြစေလိုကြောင်းနှင့် ကိုဗစ်-၁၉ ကပ်ရောဂါ ကင်းစင်ပပျောက်ရေးအတွက် အားလုံးတက်ညီလက်ညီ ပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

### ဂုဏ်ပြုမှတ်တမ်း

ထို့နောက် National Energy Puma Aviation Services Co., Ltd (NEPAS) မှ လှူဒါန်းငွေ အမေရိကန်ဒေါ်လာ တစ်သိန်းအား လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က လွှဲပြောင်းပေးအပ်ရာ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ အတွင်းရေးမှူး (၂)၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက လက်ခံရယူခဲ့ပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ယင်းနောက် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ အတွင်းရေးမှူး (၂)၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အလားတူ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသော မိတ်ဖက်ကုမ္ပဏီများ ဖြစ်သည့် POSCO International Corporation၊ HYUNDAI၊ မီးလင်းဂျိုင်လျှပ်စစ်ဓာတ်အားကုမ္ပဏီနှင့် PTTEP ကုမ္ပဏီများမှလည်း အမေရိကန်ဒေါ်လာ ၃၆၂၅၀၀ တန်ဖိုးရှိ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းသုံးပစ္စည်းများ ဖြစ်သော UTM Tube အစုံ ၁၅၀၀၀၊ Ventilator ၅ စုံ၊ Test Kit တစ်စုံတို့ကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ လှူဒါန်းခဲ့ပြီးဖြစ်သဖြင့် ယခုလှူဒါန်းမှု အပါအဝင် အမေရိကန်ဒေါ်လာ ၄၆၂၅၀၀ လှူဒါန်းပြီးဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ကိုဗစ်-၁၉ ဒုတိယလှိုင်းဖြစ်ပွားနိုင်မှုကို ကြိုတင်ခန့်မှန်းသိရှိနိုင်ရန်ရည်ရွယ်၍ ရောဂါဓာတ်ခွဲစစ်ဆေးနိုင်မှုပမာဏနှင့် စွမ်းဆောင်ရည် ပိုမိုမြင့်မားလာစေရေး ညှိနှိုင်းဆွေးနွေး



**နေပြည်တော် ဇူလိုင် ၁၅**

ကိုဗစ်-၁၉ ဒုတိယလှိုင်းဖြစ်ပွားနိုင်မှုကို ကြိုတင်ခန့်မှန်းသိရှိနိုင်ရန်ရည်ရွယ်၍ ရောဂါဓာတ်ခွဲစစ်ဆေးနိုင်မှု ပမာဏနှင့် စွမ်းဆောင်ရည် ပိုမိုမြင့်မားလာစေရေး ညှိနှိုင်းဆွေးနွေးပွဲကို ယမန်နေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

### ကောင်းသောလက္ခဏာ

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ယခုအချိန်ကာလ၌ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ဖြစ်ပွားမှုအနေဖြင့် ပြည်တွင်းကူးစက်မှု မရှိသလောက်ဖြစ်နေပြီး ပိုးတွေ့ရှိမှုနှုန်းများသည် မြင့်မားလာခြင်းမရှိဘဲ ပြည်ပမှပြန်လာသူများတွင်သာ တွေ့ရှိနေရပါကြောင်း၊ သို့ရာတွင် မြန်မာနိုင်ငံတွင် တွေ့ရှိရသော ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာများ၏ ၆၀ ရာခိုင်နှုန်းခန့်သည် ရောဂါလက္ခဏာတစ်စုံတစ်ရာ မတွေ့ရှိရသူများဖြစ်ခြင်းကြောင့် လူထုအတွင်း၊ ရပ်ကွက်၊ ကျေးရွာများအတွင်း ရောဂါလက္ခဏာမပြဘဲ ကိုဗစ်-၁၉ ဗိုင်းရပ်စ်ပိုးကူးစက်နေသူများမှတစ်ဆင့် ရောဂါဖြစ်ပွားမှုများ ရုတ်တရက်များပြားလာနိုင်သည်ဆိုသည့်အချက်ကို ဂရုပြုရမည်ဖြစ်ပါကြောင်း၊ ဤအချက်အပေါ်မူတည်၍ မိမိတို့သည် ဓာတ်ခွဲစစ်ဆေးမှုများကို ပိုမိုစစ်ဆေးရန်မှာ အရေးကြီးလာပြီဖြစ်ပါကြောင်း၊ သို့မှသာ ရောဂါငုပ်လျှိုးနေသူများကို ဖော်ထုတ်နိုင်မည်ဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့် ကိုဗစ်-၁၉ သံသယလက္ခဏာရှိသော လူနာများအားလုံးကို ဓာတ်ခွဲစစ်ဆေးလျက်ရှိပြီး ယခုအခါ ကိုဗစ်-၁၉ သံသယလက္ခဏာရှိသော လူနာအရေအတွက်သည်လည်း နည်းပါးလျက်ရှိပြီး တစ်နေ့လျှင် ၃၀ ပတ်ဝန်းကျင်ခန့်သာ ရှိနေသည်ကို တွေ့ရှိရခြင်းသည် ကောင်းသောလက္ခဏာတစ်ရပ်ဖြစ်ပါကြောင်း၊ ဤကဲ့သို့ ကိုဗစ်-၁၉ သံသယလက္ခဏာရှိသော လူနာနှင့် အသွားအလာကန့်သတ်ကာ စောင့်ကြပ်ကြည့်ရှုရသူ အရေအတွက်နည်းပါးလာနေသော်လည်း မိမိတို့အနေဖြင့် နေ့စဉ် ကိုဗစ်-၁၉ ဓာတ်ခွဲစစ်ဆေးမှုအရေအတွက်ကို ပိုမိုတိုးမြှင့်စစ်ဆေးရန် လိုအပ်ပါကြောင်း၊ သို့မှသာ နိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်မှုမရှိကြောင်းကို သက်သေပြနိုင်မည်ဖြစ်ပါကြောင်း။

### စစ်ဆေးမှုမြင့်တင်

ရောဂါကူးစက်ခံရနိုင်ခြေများသော ဆေးရုံဝန်ထမ်းများ၊ သတ်မှတ်နေရာအဆောက်အအုံများ၌ အသွားအလာကန့်သတ် စောင့်ကြည့်ခြင်းလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ကြရသူများနှင့် အပြည်ပြည်ဆိုင်ရာ လေဆိပ်များနှင့် နယ်စပ်ဝင်/ ထွက်ပေါက်များတွင် တာဝန်ထမ်းဆောင်နေကြရသော ကျန်းမာရေးဝန်ထမ်းများနှင့် အခြားဌာနဆိုင်ရာဝန်ထမ်းများကိုလည်း လိုအပ်သလို ဓာတ်ခွဲစစ်ဆေးနိုင်ရန်အတွက် လက်ရှိ ကိုဗစ်-၁၉ ဓာတ်ခွဲစစ်ဆေးနိုင်မှု ပမာဏကို ထပ်မံမြှင့်တင်ရမည် ဖြစ်ပါကြောင်း၊ ထပ်မံ၍ အခြားဓာတ်ခွဲနမူနာများ ရယူစစ်ဆေးသင့်သည့်သူများကိုလည်း ဆွေးနွေးဆုံးဖြတ်ကြရမည်ဖြစ်ပါကြောင်း၊ လက်ရှိ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) အပါအဝင် ဆေးသုတေသနဦးစီးဌာန၊ မန္တလေးနှင့် မော်လမြိုင်မြို့တို့ရှိ ပြည်သူ့ကျန်းမာရေး ဓာတ်ခွဲမှုဆိုင်ရာဌာနများ၏ တစ်ရက်လျှင် အများဆုံးစစ်ဆေးပေးနိုင်သော အရေအတွက်ပမာဏ၊ ကိုဗစ်-၁၉ ဓာတ်ခွဲစစ်ဆေးသည့်စက်၊ ဓာတ်ခွဲပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများ၊ ဓာတ်ခွဲခန်းများ၏ ဇီဝလုံခြုံမှုအဆင့်အတန်း၊ အတတ်ပညာရှင်နှင့် လူအင်အားအခြေအနေ လိုအပ်ချက်များကို ဆန်းစစ်သုံးသပ်ပြီး ဓာတ်ခွဲစစ်ဆေးနိုင်မှု ပမာဏနှင့် စွမ်းဆောင်ရည်ကို ယခုထက်ပိုမိုမြင့်မားလာစေရန် အစီအစဉ်များ အမြန်ဆုံး ချမှတ်ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ လားရှိုးနှင့် တောင်ကြီးမြို့များတွင်လည်း ပြည်သူ့ကျန်းမာရေးဆိုင်ရာ ဓာတ်ခွဲဌာနများ မကြာမီ ဖွင့်လှစ်ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲစစ်ဆေးမှုများ ပြုလုပ်နိုင်ရန် ကြိုးစားလျက်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်း၊ ညွှန်ကြားရေးမှူးချုပ် (ပြည်ထောင်စုဝန်ကြီးရုံး) ဒေါက်တာသာထွန်းကျော်၊ ညွှန်ကြားရေးမှူးချုပ် (ဆေးသုတေသနဦးစီးဌာန) ဒေါက်တာဇော်သန်းထွန်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (ဓာတ်ခွဲ) ဒေါက်တာဌေးဌေးတင်တို့က ဓာတ်ခွဲဌာနအသီးသီးမှ နေ့စဉ်ဓာတ်ခွဲစစ်ဆေးပေးနိုင်မှု အခြေအနေ၊ အများဆုံးစစ်နိုင်သည့်ပမာဏ၊ ထပ်မံတိုးချဲ့စစ်ဆေးနိုင်ရန် အဏုဇီဝဗေဒပညာရှင်နှင့် ဓာတ်ခွဲပညာရှင်၊ ဓာတ်ခွဲပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများလိုအပ်ချက်၊ ဓာတ်ခွဲလူနာရယူရန် လိုအပ်ချက်၊ လက်ရှိအသုံးပြုနေသည့် RT-PCR စက်၊ Cobas 6800 စက်တို့အပြင် Gene X-pert စက်များဖြင့် ခရိုင်အဆင့်ဆေးရုံများတွင် တိုးချဲ့စစ်ဆေးမည့်အစီအစဉ်၊ ဓာတ်ခွဲနမူနာများ ရယူစစ်ဆေးသင့်သည့်သူများ အပါအဝင် ရေတို၊ ရေရှည်ကာလအတွက် ကိုဗစ်-၁၉ ဓာတ်ခွဲစစ်ဆေးနိုင်မှု စွမ်းဆောင်ရည်မြင့်မားစေရေးကိစ္စရပ်များကို Video Conferencing စနစ်ဖြင့် ဆွေးနွေးကြသည်။ **သတင်းစဉ်**

# ကိုဗစ် - ၁၉ ထုတ်ပြန်ချက်နှင့် သတင်း



## မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

| ဓာတ်ခွဲစစ်ဆေးသူစုစုပေါင်း | ပိုးတွေ့လူနာပေါင်း |
|---|---|
| ၉၆၃၂၄ | ၃၃၇ |
| **ရောဂါပိုးကင်းစင်လာသူ** | **သေဆုံးသူ** |
| ၂၆၆ | ၆ |

စောင့်ကြည့်လူနာ စုစုပေါင်း - ၆၄၀၀

ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ - ၂၅၃ ဦး ( အသွားအလာ ဆက်လက်ကန့်သတ်ထားရှိ )

❖ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ရောဂါပိုး တွေ့ရှိမှုနှင့် သေဆုံးသူ စာရင်းဇော်ပြမှု

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | ပိုးတွေ့ရှိသူ | သေဆုံးသူ |
|---|---|---|---|
| ၁ | ရန်ကုန် | ၂၆၂ | ၅ |
| ၂ | ရခိုင် | ၁၄ | |
| ၃ | ချင်း | ၁၁ | |
| ၄ | စစ်ကိုင်း | ၉ | |
| ၅ | ပဲခူး | ၉ | ၁ |
| ၆ | မွန် | ၆ | |
| ၇ | ရှမ်း(တောင်) | ၄ | |
| ၈ | မန္တလေး | ၃ | |
| ၉ | ရှမ်း(ရှေ့) | ၃ | |
| ၁၀ | ရှမ်း(မြောက်) | ၃ | |
| ၁၁ | မကွေး | ၃ | |
| ၁၂ | ကရင် | ၃ | |
| ၁၃ | နေပြည်တော် | ၂ | |
| ၁၄ | ဧရာဝတီ | ၂ | |
| ၁၅ | ကချင် | ၂ | |
| ၁၆ | တနင်္သာရီ | ၁ | |
| စုစုပေါင်း | | ၃၃၇ | ၆ |

❖ ယနေ့အချိန်ထိ ကယားပြည်နယ်တွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

ကိုးကား - ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ၁၅-၇-၂၀၂၀ ရက်၊ ည (၈) နာရီ

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက် / သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|
| အမေရိကန် | ၃၅၄၈၅၄၆ | ၁၁၆၀၀၉၂၆ | ၁၃၉၁၈၉ |
| ဘရာဇီး | ၁၉၃၃၆၅၅ | ၁၂၁၃၅၁၂ | ၇၄၃၃၆ |
| အိန္ဒိယ | ၉၄၁၆၃၀ | ၅၉၄၇၂၃ | ၂၄၃၇၁ |
| ရုရှား | ၇၄၆၃၆၉ | ၅၂၃၂၄၉ | ၁၁၇၇၀ |
| ပီရူး | ၃၃၃၈၆၇ | ၂၂၃၂၆၁ | ၁၂၂၉ |
| ချီလီ | ၃၁၉၄၉၃ | ၂၈၉၂၂၀ | ၇၀၆၉ |
| မက္ကဆီကို | ၃၁၁၄၈၆ | ၁၉၃၉၇၆ | ၃၆၃၂၇ |
| စပိန် | ၃၀၃၆၉၉ | စိစစ်ဆဲ | ၂၈၄၀၉ |
| တောင်အာဖရိက | ၂၉၈၂၉၂ | ၁၄၆၂၇၉ | ၄၃၄၆ |
| ဗြိတိန် | ၂၉၁၃၇၃ | စိစစ်ဆဲ | ၄၄၉၆၈ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၈၀၀၉၄ | ၃၉၀၅၀ | ၃၇၉၇ |
| ဖိလစ်ပိုင် | ၅၈၈၅၀ | ၂၀၉၆၇ | ၁၆၁၄ |
| စင်ကာပူ | ၄၆၈၇၈ | ၄၂၇၃၇ | ၂၇ |
| မလေးရှား | ၈၇၃၄ | ၈၅၂၆ | ၁၂၂ |
| ထိုင်း | ၃၂၃၂ | ၃၀၉၂ | ၅၈ |
| ဗီယက်နမ် | ၃၈၁ | ၃၅၃ | ၀ |
| မြန်မာ | ၃၃၇ | ၂၆၆ | ၆ |
| ကမ္ဘောဒီးယား | ၁၆၅ | ၁၃၃ | ၀ |
| ဘရူနိုင်း | ၁၄၁ | ၁၃၈ | ၃ |
| လာအို | ၁၉ | ၁၉ | ၀ |

## တောင်ကြီးမြို့ပေါ်ရပ်ကွက်များရှိ အခြေခံပြည်သူများအား ဆန်၊ ဆီ၊ ဆားနှင့် ကုလားပဲများ ဒုတိယအကြိမ် ဆက်လက်ထောက်ပံ့

**တောင်ကြီး ဇူလိုင် ၁၅**

ရှမ်းပြည်နယ် ပြည်သူလူထု စားနပ်ရိက္ခာထောက်ပံ့ရေးကော်မတီ အနေဖြင့် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေသည့်ကာလအတွင်း အခြေခံပြည်သူများအား ထောက်ပံ့ပေးနိုင်ရန် စီမံဆောင်ရွက်ထားသည့် ရိက္ခာ၊ ဆန်၊ ဆီ၊ ဆားနှင့် ကုလားပဲများကို ယနေ့နံနက် ၈ နာရီတွင် တောင်ကြီးမြို့ပေါ်ရပ်ကွက် သုံးရပ်ကွက်မှ အခြေခံပြည်သူများအား ဒုတိယအကြိမ် လက်ဝယ်အရောက် ဆက်လက်ဖြန့်ဝေလှူဒါန်းပေးအပ်ကြောင်း သိရသည်။

**ဖြန့်ဝေပေး**

ယင်းသို့ ဖြန့်ဝေလှူဒါန်းရာသို့ ရှမ်းပြည်နယ် ပြည်သူလူထု စားနပ်ရိက္ခာထောက်ပံ့ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးခင်အောင်၊ ဦးသူရစောသိန်းနှင့် တာဝန်ရှိသူများ၊ ပရဟိတအဖွဲ့ဝင်များက တောင်ကြီးမြို့ ညောင်ဖြူစန်းရပ်ကွက်၊ စဝ်စံထွန်းရပ်ကွက်နှင့် ပြည်တော်သာရပ်ကွက် သုံးခုရှိ အခြေခံပြည်သူအိမ်ထောင်စု ၁၀၈၀ တို့အား ဆန်၊ ဆီ၊ ဆားနှင့် ကုလားပဲများ ပါဝင်သည့် ရိက္ခာထုပ်ပေါင်း ၁၀၈၀ အား ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**စီစဉ်ဆောင်ရွက်**

ရှမ်းပြည်နယ် ပြည်သူလူထု စားနပ်ရိက္ခာထောက်ပံ့ရေး ကော်မတီအနေဖြင့် တောင်ကြီးမြို့ပေါ်ရပ်ကွက်များရှိ အခြေခံပြည်သူများအား ဆန်၊ ဆီ၊ ဆားနှင့် ကုလားပဲများပါဝင်သည့် စားနပ်ရိက္ခာထုပ်များ ဆက်လက်ဖြန့်ဝေသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပြည်နယ် (ပြန်/ဆက်)

■



## မြဝတီတံတားအမှတ်(၂)မှ မြန်မာရွှေ့ပြောင်းလုပ်သား ၃၀၆ ဦး ဆက်လက်ဝင်ရောက်



**မြဝတီ ဇူလိုင် ၁၅**

ထိုင်းနိုင်ငံမှ မြန်မာရွှေ့ပြောင်းလုပ်သား ၃၀၆ ဦးသည် မြဝတီအမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် ယနေ့ ဆက်လက်ဝင်ရောက်လာခဲ့ကြောင်း သိရသည်။

ပြန်လည် ဝင်ရောက်လာသူများအား ကရင်ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးသန့်ဇင်အောင်၊ ခရိုင်နှင့် မြို့နယ်မှ တာဝန်ရှိသူများက ကြိုဆိုခဲ့ပြီး ကျန်းမာရေးစစ်ဆေးမှုနှင့် အခြားသော လိုအပ်ချက်များကို ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာ ခရိုင်/မြို့နယ်မှ တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပြန်လည် ဝင်ရောက်လာသူများ အနေဖြင့် မေ ၁ ရက်မှ မေ ၃၁ ရက်အထိ ၁၁၆၈၀၊ ဇွန် ၁ ရက်မှ ဇွန် ၃၀ ရက်အထိ ၂၅၃၃၈ ဦး၊ ဇူလိုင် ၁ ရက်တွင် ၆၆၇ ဦး၊ ဇူလိုင် ၂ ရက်တွင် ၇၂၈ ဦး၊ ဇူလိုင် ၃ ရက်တွင် ၁၁၃၄ ဦး၊ ဇူလိုင် ၄ ရက်တွင် ၈၁၃ ဦး၊ ဇူလိုင် ၅ ရက်တွင် ၇၂၈ ဦး၊ ဇူလိုင် ၆ ရက်တွင် ၁၁၄၂ ဦး၊ ဇူလိုင် ၇ တွင် ၈၅၁ ဦး၊ ဇူလိုင် ၈ ရက်တွင် ၆၆၈ ဦး၊ ဇူလိုင် ၉ ရက်တွင် ၇၈၃ ဦး၊ ဇူလိုင် ၁၀ ရက်တွင် ၅၆၀၊ ဇူလိုင် ၁၁ ရက်တွင် ၆၁၁ ဦး၊ ဇူလိုင် ၁၂ ရက်တွင် ၆၃၄ဦး၊ ဇူလိုင် ၁၃ ရက်တွင် ၅၃၀၊ ဇူလိုင် ၁၄ ရက်တွင် ၃၇၉ ဦး၊ ယနေ့တွင် ၃၀၆ ဦး စုစုပေါင်း ၄၇၅၅၂ ဦးတို့ ပြန်လည်ဝင်ရောက်ခဲ့ပြီး ဖြစ်သည်။

ယနေ့ ပြန်လည်ဝင်ရောက်သူများမှာ တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှ အမျိုးသား ၁၇၉ ဦး၊ အမျိုးသမီး ၁၂၇ ဦး စုစုပေါင်း ၃၀၆ ဦးဖြစ်ကြောင်း သိရသည်။

ထိန်လင်းအောင်(ပြန်/ဆက်)

## ဝေါမြို့နယ် သမဝါယမအသင်းများမှ မိုးစပါးများ စိုက်ပျိုးပြီးစီး

**ပဲခူး ဇူလိုင် ၁၅**

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ်အတွင်းရှိ စိုက်ပျိုးထုတ်လုပ်သော သမဝါယမအသင်းများဖြစ်သည့် ဖိုက်စတားစိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းလီမိတက်မှ အသင်းသားများပိုင်ဆိုင်သော လယ်ယာမြေ ၃၂၈ ဧက၊ လယ်ယာနှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းများဖြစ်သော မြရတနာ၊ တက်ထွန်း၊ တစ်ခိုင်လုံးရွှေ၊ ရွှေပေါင်းလောင်း၊ ရောင်ခြည်ဦး၊ ရတနာမွန်၊ အောင်မြန်မာ၊ အလင်းရောင်တို့၏ အသင်းသားများပိုင်ဆိုင်သော လယ်ယာမြေ ၂၇၉၄ ဧက စုစုပေါင်း ၃၁၂၂ ဧကပေါ်တွင် ယခုနှစ်မိုးစပါးရာသီ၌ မနောသုခ စပါးမျိုးကို စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

**COVID- 19 ကာကွယ်ဖို့ မိမိမှစ၍ စည်းကမ်းများကို လိုက်နာစို့**

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ချင်းပြည်နယ် ကိုဗစ်-၁၉ လုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်လျက်ရှိသော စေတနာ့ဝန်ထမ်းများနှင့် ပရဟိတအဖွဲ့များအား ဂုဏ်ပြုလွှာများပေးအပ်




**တီးတိန် ဇူလိုင် ၁၅**

ချင်းပြည်နယ်အတွင်း ကိုဗစ်-၁၉ လုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်လျက်ရှိသော စေတနာ့ဝန်ထမ်းများနှင့် ပရဟိတအဖွဲ့များအား အသိအမှတ်ပြုဂုဏ်ပြုလွှာများနှင့် ရင်ထိုးတံဆိပ်များပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းက ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ချင်းပြည်နယ် လူမှုရေးဝန်ကြီး၊ လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ပေးအပ်**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးသည် တီးတိန်မြို့ အစိုးရစက်မှုအထက်တန်းကျောင်းတွင် ကန့်သတ်စောင့်ကြည့်စခန်းအဖြစ် ဖွင့်လှစ်ထားသောနေရာ၌ ချင်းပြည်နယ်အတွင်းရှိ စေတနာ့ဝန်ထမ်းများနှင့် ပရဟိတအဖွဲ့များအတွက် အသိအမှတ်ပြုဂုဏ်လွှာများကို ပြည်နယ်လူမှုရေးဝန်ကြီးထံသို့ပေးအပ်ပြီး ရင်ထိုးတံဆိပ်များ၊ လက်သန့်ဆေးရည်များ၊ နှာခေါင်းစည်းများကို စေတနာ့ဝန်ထမ်းကိုယ်စားလှယ်တစ်ဦးနှင့် ပရဟိတအဖွဲ့ကိုယ်စားလှယ်တစ်ဦးထံသို့ ပေးအပ်သည်။

ယင်းနောက် ချင်းပြည်နယ် ကန့်သတ်စောင့်ကြည့်စခန်းများအတွင်းရှိ ကိုယ်ဝန်ဆောင်မိခင်နှစ်ဦး၊ အသက်(၅)နှစ်အောက် ကလေးငယ် ငါးဦး၊ အသက် ၆၀ နှင့်အထက် ဘိုးဘွားနှစ်ဦးနှင့် မသန်စွမ်းသူတစ်ဦးတို့အတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ရန်ပုံငွေဖြင့် တစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀ နှုန်းဖြင့် စုစုပေါင်းငွေကျပ်သုံးသိန်းကို စခန်းတာဝန်ခံတစ်ဦးထံ ပေးအပ်သည်။ ထို့နောက် တီးတိန်ဆေးရုံတွင် တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော ပိုးတွေ့လူနာကလေးငယ်အတွက် ကစားစရာ၊ အားဆေးနှင့် မုန့်များကို တီးတိန်ပြည်သူ့ဆေးရုံရှိ တာဝန်ခံဆရာဝန်ထံမှတစ်ဆင့် ပေးအပ်သည်။

ယနေ့ အမျိုးသားအဆင့် စေတနာ့ဝန်ထမ်းဦးဆောင်အဖွဲ့အနေဖြင့် ချင်းပြည်နယ်အတွင်းရှိ စေတနာ့ဝန်ထမ်း ၃၂၃ ဦး၊ ပရဟိတအဖွဲ့ ၂၇ ဖွဲ့အတွက် ပေးအပ်ခဲ့သည့် ဂုဏ်ပြုလွှာများကို ပြည်နယ်အစိုးရ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြို့နယ်စေတနာ့ဝန်ထမ်းပံ့ပိုးကူညီရေးအဖွဲ့ တာဝန်ရှိသူများက အဆင့်ဆင့်စိစစ်၍ လက်ဝယ်အရောက် ဆက်လက်ပေးအပ်သွားမည်ဖြစ်သည်။

**မေးမြန်းဆွေးနွေး**

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တီးတိန်မူလတန်းကြိုကျောင်းသို့ သွားရောက်၍ မူကြိုကျောင်းများ ပြန်လည်ဖွင့်လှစ်သည့်အခါတွင် ကိုဗစ်-၁၉ ဆိုင်ရာ စည်းကမ်းချက်များနှင့်အညီ ပြန်လည်ဖွင့်လှစ်နိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ ဖြည့်ဆည်းဆောင်ရွက်ပေးရမည့် လိုအပ်ချက်များကို တာဝန်ရှိသူများနှင့် မေးမြန်းဆွေးနွေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တီးတိန်မြို့၌ ဘက်စုံသုံးဘေးဒဏ်ခံ အဆောက်အအုံ ဆောက်လုပ်ရန် လျာထားမြေနေရာကို သွားရောက်ကြည့်ရှုကြပြီး တာဝန်ရှိသူများနှင့် လုပ်ငန်းဆောင်ရွက်မည့် အခြေအနေများနှင့်ပတ်သက်၍ ညှိနှိုင်းဆွေးနွေးကြသည်။

ယနေ့ ချင်းပြည်နယ်အတွင်း ဂုဏ်ပြုလွှာများနှင့် ထောက်ပံ့ငွေများပေးအပ်ခြင်း၊ ညှိနှိုင်းဆွေးနွေးခြင်းများကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ရောဂါပြန့်ပွားမှုမရှိစေရေးလိုက်နာရန် ထုတ်ပြန်ထားသော စည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



## သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးအတွက် ပိုးလောက်လမ်းစား ဒေါင်းငါးများ ပေးအပ်

**ရန်ကုန် ဇူလိုင် ၁၅**

တောင်ပိုင်းခရိုင် ငါးလုပ်ငန်းဦးစီးဌာန၊ သန်လျင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံ အလှမွေးငါးလုပ်ငန်းရှင်များအသင်း (Guppy Designer Group) တို့ ပူးပေါင်း၍ သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေးအတွက် သန်လျင်မြို့နယ် ဖားကူးအရှေ့ကျေးရွာ၊ ဖားကူးအနောက်ကျေးရွာများရှိ သောက်သုံးရေကန်များနှင့် ရေနုတ်မြောင်းများအတွင်းသို့ ပိုးလောက်လမ်းစား ဒေါင်းငါးများပေးအပ်သည့် အခမ်းအနားကို သန်လျင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပခဲ့သည်။

အဆိုပါဒေါင်းငါးများကို မြန်မာနိုင်ငံအလှမွေးငါးလုပ်ငန်းရှင်များအသင်း (Guppy Designer Group) မှ ငါးကောင်ရေ ၅၀၀၀ ပံ့ပိုးလှူဒါန်းခြင်းဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## ဟိုပုံး၌ ၂၀၁၉-၂၀၂၀ဘဏ္ဍာနှစ် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း ဆင့်ပွားသင်တန်းဖွင့်လှစ်



**နေပြည်တော် ဇူလိုင် ၁၅**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၉-၂၀၂၀ဘဏ္ဍာရေးနှစ် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း ဆင့်ပွားသင်တန်းဖွင့်လှစ်ခြင်း အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးစိုင်းသန်းလွင်နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးခွန်ကျော်သိန်းတို့က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးစိုးလွင်မြင့်က စီမံကိန်းတွင် ဦးစီးဆောင်ရွက်မည့် ကော်မတီဝင်များ၏ တာဝန်များ၊ ငွေစာရင်းများ စီမံခန့်ခွဲခြင်းလုပ်ငန်းများ၊ ကိုဗစ်-၁၉ ကာလအတွင်း စီးပွားရေးကုစားမှု အစီအစဉ်အရ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြင့် လုပ်ကွက်ငယ်တောင်သူများ၊ စိုက်ပျိုးမွေးမြူ ထုတ်လုပ်သူများနှင့် အသေးစားစီးပွားရေး လုပ်ကိုင်သူများအတွက် လိုအပ်သော ငွေကြေးအရင်းအနှီးများ ရရှိစေရန်၊ ရရှိသော ငွေကြေးအရင်းအနှီးဖြင့် မိသားစုဝင်ငွေ တိုးပွားရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်စေရန်၊ တိုးပွားလာသော ရန်ပုံငွေဖြင့် ကျေးရွာမှပိုင်ဆိုင်သော မတည်ရန်ပုံငွေထူထောင်၍ စဉ်ဆက်မပြတ် ငွေကြေးအရင်းအနှီးရရှိစေရန်နှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်တို့ကို ရှင်းလင်းပြောကြားသည်။

ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကိုဗစ်-၁၉ ကာလအတွင်း ကျေးလက်ဒေသများရှိ မိသားစုများ ဝင်ငွေလျော့နည်းလာမှုနှင့် စားဝတ်နေရေး အခက်အခဲများကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေရန် ရည်ရွယ်၍ ဆောင်ရွက်ရခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါသင်တန်းကို ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းတွင် ရွေးချယ်ခံရသည့် ကျေးရွာ ကိုးရွာမှ သင်တန်းသား ၅၆ ဦး တက်ရောက်ခဲ့ပြီး သင်တန်းကို ဇူလိုင် ၁၅ ရက်မှ ၁၆ ရက်အထိ ဖွင့်လှစ်ပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။ **ဂျိုင်းလော(နာဂ)**

## ကယားပြည်နယ်၌ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က ကိုဗစ်-၁၉ အထူးချေးငွေများ ထုတ်ချေးပေးလျက်ရှိ



**လွိုင်ကော် ဇူလိုင် ၁၅**

ကယားပြည်နယ်အတွင်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က ၂၀၂၀ မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေအား လယ်တစ်ဧကလျှင် ငွေကျပ် ၁၅၀၀၀၀ နှုန်း၊ အခြားသီးနှံတစ်ဧကလျှင် ငွေကျပ် ၁၀၀၀၀၀ နှုန်းဖြင့် ယခုနှစ် မေ ၁၅ ရက်ကစတင် ထုတ်ချေးပေးလျက်ရှိသည်။

ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉ ကြောင့် လယ်ယာစိုက်ပျိုးရေးကဏ္ဍအပေါ် ထိခိုက်မှုများ ကုစားနိုင်ရန်အတွက် နိုင်ငံတော်အစိုးရ၏မူဝါဒ လမ်းညွှန်ချက်များနှင့်အညီ ကိုဗစ်-၁၉ အထူးချေးငွေကို လယ်/ယာ တစ်ဧကလျှင် ငွေကျပ် ၅၀၀၀၀ နှုန်းဖြင့် ထပ်မံထုတ်ချေးပေးလျက်ရှိသည်။

အဆိုပါ ကိုဗစ်-၁၉ အထူးချေးငွေကို ငွေကျပ် ၁၄၅၃ ဒသမ ၆ သန်း လျာထားခဲ့ပြီး ၂၀၂၀ ပြည့်နှစ် ဇွန် ၂၂ ရက်မှစတင်ထုတ်ချေးလျက်ရှိရာ ယနေ့ထိ ငွေကျပ် ၄၇ ဒသမ ၆ သန်းထုတ်ချေးခဲ့ပြီဖြစ်ကြောင်းနှင့် တောင်သူများ လက်ဝယ်သို့ မှန်ကန်မြန်ဆန်စွာ ရောက်ရှိနိုင်ရေးအတွက် ပြည်နယ်မန်နေဂျာ ဒေါ်အေးမင်းသင်းက ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့အပြင် ကယားပြည်နယ်အတွက် ၂၀၂၀ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေကျပ် သန်းပေါင်း ၄၀၇၅ ဒသမ ၅ သန်း လျာထားခဲ့ရာ ဇူလိုင်လ ဒုတိယပတ်အထိ ငွေကျပ် ၃၉၈၉ ဒသမ ၀၅ သန်းလျာထားချက် အပေါ် ၉၇ ဒသမ ၉ ရာခိုင်နှုန်း ထုတ်ချေးပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**စိုးလှိုင်ဌေး(ပြန်/ဆက်)**

## ရေဝတီတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်က ကြက်သွန်နီများ ဖြန့်ဖြူးရောင်းချ

**ပုသိမ် ဇူလိုင် ၁၅**

ဧရာဝတီတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်သည် မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်မှ အသင်းသားတောင်သူများ စိုက်ပျိုးထုတ်လုပ်သော ကြက်သွန်နီများကို ကိုဗစ်-၁၉ ကာလအတွင်း ဈေးကွက်ရရှိစေရန်နှင့် ကုန်စည်စီးဆင်းမှု မှန်ကန်မြန်ဆန်စွာ လည်ပတ်နိုင်ရန်နှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်း သမဝါယမအသင်းသားများ ဝယ်ယူစားသုံးရာတွင် အဆင်ပြေစေရန် ရည်ရွယ်၍ မကွေးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်နှင့် ချိတ်ဆက်ကာ ကြက်သွန်နီ ပိဿာချိန် ၆၀၀၀ ဝယ်ယူပြီး ကြက်သွန်နီ(လတ်ကြီး/လတ်သန့်) တစ်ပိဿာလျှင် ငွေကျပ် ၅၄၅ ကျပ်နှုန်းဖြင့် တိုင်းဒေသကြီးအတွင်း မြို့နယ်များရှိ သမဝါယမအသင်းသားများနှင့် ပြည်သူများ ဝယ်ယူစားသုံးနိုင်ရန် အမြတ်အစွန်းမယူဘဲ ရောင်းချပေးလျက်ရှိကြောင်း ဧရာဝတီတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်မှ သိရသည်။

**သတင်းစဉ်**

# ဗိုလ်ချုပ်အောင်ဆန်းပြတိုက်(ရန်ကုန်)တွင် ပြသထားသော ပြခန်းများ

**သတင်း-ကိုကိုဇော်၊ ဓာတ်ပုံ-ဇော်မင်းလတ်**

**ရန်ကုန် ဇူလိုင် ၁၅**

ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်(ရန်ကုန်)ကို အာဇာနည်နေ့ အထူးပြပွဲအဖြစ် နှစ်စဉ် ဇူလိုင် ၁၉ ရက်မှ ၂၁ ရက်အထိ ဖွင့်လှစ်ပြသခဲ့ရာ ယခုနှစ်တွင် ကိုဗစ် -၁၉ ရောဂါ ထိန်းချုပ်ရေးကာလဖြစ်သောကြောင့် (၇၃) နှစ်မြောက် အာဇာနည်နေ့ အထူးပြပွဲကို ပြသခြင်းမပြုတော့ဘဲ ပြတိုက်ပိတ်ထားမည်ဖြစ်ပါသည်။

သို့ရာတွင် အများပြည်သူများ လေ့လာနိုင်ရန်အတွက် Online Exhibition အဖြစ်ပြသွားမည်ဖြစ်ပြီး ဗိုလ်ချုပ်အောင်ဆန်းပြတိုက်(ရန်ကုန်) https://www.nationalmuseumyangon.gov.mm နှင့် https://www.facebook.com/national museum yangon တို့တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်မည်ဖြစ်သည်။ ပြတိုက်တွင် (၇၃)နှစ်မြောက် အာဇာနည်နေ့၌ ပြသရန် ဆောင်ရွက်ထားရှိမှုကို လေ့လာရေးသားတင်ပြလိုက်ရပါသည်။

ဗိုလ်ချုပ်ပြတိုက်(ရန်ကုန်)ကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်(ရန်ကုန်)၏ ကြီးကြပ်မှုဖြင့် ရေရှည်တည်တံ့ခိုင်မြဲစေရန် အဆောက်အအုံ ထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

၎င်းအဆောက်အအုံသည် မြက်ခင်းစိမ်းစိမ်းများ၏အလယ်တွင် လှပလျက်ရှိပြီး ပြတိုက်၏ ဘေးတစ်ဖက်တွင် ဗိုလ်ချုပ်လုပ်ကြံခံရသည့်နေ့အထိ အသုံးပြုသွားသော မော်တော်ကားနှင့် ကားဂိုထောင်ကို တွေ့မြင်ရမည်ဖြစ်သည်။

ပြတိုက်အောက်ထပ်တွင် ဗိုလ်ချုပ်၏ ရုပ်တုကြီးအား ခန့်ညားထည်ဝါစွာ တွေ့မြင်ရမည်ဖြစ်ပြီး အောင်ဆန်း-အက်တလီစာချုပ်ချုပ်ဆိုရန် လန်ဒန်သို့ သွားရောက်ရာတွင် အိန္ဒိယနိုင်ငံသို့ ဝင်ရောက်၍ နိုင်ငံရေးများဆွေးနွေးစဉ် အိန္ဒိယခေါင်းဆောင်ကြီး ဂျဝါဟာလာနေရူးက ဗိုလ်ချုပ်အား ၅-၁-၁၉၄၇ ရက်နေ့တွင် လက်ဆောင်ပေးအပ်ခဲ့သော ကုတ်အင်္ကျီနှင့် ကုတ်အင်္ကျီပေါ်ရှိ အိန္ဒိယဆေးပညာဆိုင်ရာဌာန အမည်နှင့်စာလုံးအမှတ်အသားပါ ကြယ်သီးမှတ်တမ်းများ၊ ဗိုလ်ချုပ် အပန်းဖြေသောအခန်း၊ ၎င်းအခန်းတွင် ဗိုလ်ချုပ်စာဖတ်နေဟန် ရုပ်တုကြီးထားရှိပြီး နံရံပတ်လည်တွင် ဗိုလ်ချုပ်နှင့်ဇနီး၊ မိသားစုဝင်များ၏ ဓာတ်ပုံမှတ်တမ်းများ၊ ကျောင်းသားဘဝ ရှားပါးမှတ်တမ်းဓာတ်ပုံများ၊ နိုင်ငံခေါင်းဆောင်ဘဝ ရှားပါးမှတ်တမ်းဓာတ်ပုံများ၊ လွတ်လပ်ရေးရရှိရန်အတွက် ဆောင်ရွက်ခဲ့သော မှတ်တမ်းစာရွက် စာတမ်းများ၊ မိသားစုဘဝ ရှားပါးမှတ်တမ်းဓာတ်ပုံများ၊ ထို့ပြင် မိသားစုထမင်းစားခန်းရှိရာ စားပွဲပေါ်တွင် ပဲပြုတ်နှင့် နံပြားထားရှိထားသည်ကို တွေ့မြင်ရကာ နံရံတွင်ချိတ်ဆွဲထားသော ဗိုလ်ချုပ်နှင့်ဇနီး ဓာတ်ပုံ၊ မိသားစုဓာတ်ပုံများနှင့် အသုံးပြုခဲ့သော ပန်းကန်၊ ခွက်ယောက်များကို ဗီရိုထဲ၌ ထည့်သွင်းပြသထားသည်ကို တွေ့မြင်ရမည်ဖြစ်သည်။



ဗိုလ်ချုပ်အောင်ဆန်း ပြတိုက်အဆောက်အအုံကို တွေ့ရစဉ်။

ထိုမှတစ်ဆင့် အပေါ်ထပ်သို့တက်လျှင် ဗိုလ်ချုပ်နှင့် ဇနီးတို့၏ အိပ်ရာခုတင်ကို တွေ့မြင်ရမည်ဖြစ်ပြီး ခေါင်းရင်းနံရံ၌ ဘုရားပုံများ ချိတ်ဆွဲထားရှိထားကာ တစ်ဖက်တွင် ဗိုလ်ချုပ်နှင့်ဇနီး ဓာတ်ပုံများ၊ ဗီရိုထဲတွင် ဗိုလ်ချုပ်အသုံးပြုခဲ့သော အသုံးအဆောင်ပစ္စည်းများ ထားရှိထားသည်ကို တွေ့မြင်ရမည်။

စာဖတ်ခန်း၌ ဗိုလ်ချုပ် အသုံးပြုခဲ့သော ထိုင်ခုံနှင့် စာအုပ်စာစောင်များ ထားရှိထားပြီး တစ်ဖက်ခန်း၌ သားသမီးများအိပ်သည့် ခုတင်များ ထားရှိထားသည်။ ဘေးတစ်ဖက်ခန်းတွင် ဧည့်ခန်းနှင့် ၎င်းဧည့်ခန်း၌ ထိုင်ခုံများနှင့် နံရံ၌ ဗိုလ်ချုပ်၏ မိန့်ခွန်းများကောက်နုတ်ချက်၊ ဗိုလ်ချုပ်နှင့်ဂျိန်းဖော အမျိုးသမီးများ ရိုက်ကူးခဲ့သည့် မှတ်တမ်းဓာတ်ပုံများကို ချိတ်ဆွဲထားသည်။

ပြတိုက်အောက်ဘက်တွင် ရေကန်တစ်ခုကို တွေ့မြင်ရမည်ဖြစ်ပြီး ၎င်းရေကန်၌ သားဖြစ်သူ အောင်ဆန်းလင်း ရေနစ်ကွယ်လွန်ခဲ့သည့် မှတ်တမ်းနှင့် ရေကန်ဘေးတွင် နှင်းဆီပန်းပင်များ စိုက်ပျိုးထားသည်ကိုလည်း တွေ့မြင်ရမည်ဖြစ်သည်။ ပြတိုက်အနောက်ဘက်တွင် ဗိုလ်ချုပ်ကိုယ်တိုင်စိုက်ပျိုးခဲ့သော စိုက်ခင်းနေရာကို တွေ့မြင်ရမည်ဖြစ်ပါကြောင်း လေ့လာရေးသားတင်ပြလိုက်ရပါသည်။



ဗိုလ်ချုပ်အောင်ဆန်း အပန်းဖြေသောနေရာဧည့်ခန်းရှိ မှတ်တမ်းဓာတ်ပုံများကိုတွေ့ရစဉ်။




ဗိုလ်ချုပ်အောင်ဆန်းမိသားစု ထမင်းစားခန်းရှိ ထိုင်ခုံများနှင့်မှတ်တမ်းဓာတ်ပုံများကိုတွေ့ရစဉ်။



ဗိုလ်ချုပ်အောင်ဆန်း စာဖတ်သည့်အခန်းအား တွေ့ရစဉ်။



ဗိုလ်ချုပ်အောင်ဆန်းပြတိုက်တွင် ပြသထားသော သားသမီးများအိပ်သည့် ခုတင်များကိုတွေ့ရစဉ်။

# ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းဥပဒေကြမ်း

ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။

ပူးတွဲ-၃

၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်း
တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏
စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်
( ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ပုံမှန်ဈေးနှုန်းအရ )

(ယမန်နေ့မှအဆက်) (တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် (နှစ်ကုန်ခန့်မှန်းခြေ) တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) | ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ( အမျိုးသားစီမံကိန်း) တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| ၁ | ကချင်ပြည်နယ် | ၁,၈၂၆,၄၃၁.၁ | ၂.၀ | ၂.၀ | ၁,၉၀၉,၇၅၄.၇ | ၁.၉ | ၄.၆ |
| ၂ | ကယားပြည်နယ် | ၃၁၀,၆၀၆.၆ | ၀.၃ | ၄.၁ | ၃၂၈,၂၂၈.၀ | ၀.၃ | ၅.၇ |
| ၃ | ကရင်ပြည်နယ် | ၁,၆၇၉,၉၂၂.၆ | ၁.၈ | ၄.၉ | ၁,၇၆၃,၂၇၅.၂ | ၁.၈ | ၅.၀ |
| ၄ | ချင်းပြည်နယ် | ၃၄၁,၃၈၉.၀ | ၀.၄ | ၅.၇ | ၃၅၅,၀၈၃.၁ | ၀.၄ | ၄.၀ |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | ၁၀,၉၆၃,၃၇၄.၆ | ၁၁.၈ | ၅.၈ | ၁၁,၇၅၄,၁၃၀.၄ | ၁၁.၉ | ၇.၂ |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | ၃,၇၃၀,၁၈၆.၈ | ၄.၀ | ၀.၅ | ၃,၈၄၀,၆၁၁.၅ | ၃.၉ | ၃.၀ |
| ၇ | ပဲခူးတိုင်းဒေသကြီး | ၇,၆၁၃,၁၄၂.၀ | ၈.၂ | ၅.၆ | ၈,၀၇၅,၀၆၀.၄ | ၈.၂ | ၆.၁ |
| ၈ | မကွေးတိုင်းဒေသကြီး | ၇,၁၂၄,၀၉၂.၉ | ၇.၇ | ၄.၇ | ၇,၆၇၀,၁၇၁.၈ | ၇.၈ | ၇.၇ |
| ၉ | မန္တလေးတိုင်းဒေသကြီး | ၉,၇၅၂,၇၇၅.၅ | ၁၀.၅ | ၁.၇ | ၁၀,၁၉၈,၇၂၉.၀ | ၁၀.၄ | ၄.၆ |
| ၁၀ | မွန်ပြည်နယ် | ၃,၇၇၇,၃၄၈.၈ | ၄.၁ | ၄.၈ | ၃,၉၉၀,၂၃၀.၁ | ၄.၀ | ၅.၆ |
| ၁၁ | ရခိုင်ပြည်နယ် | ၃,၉၀၇,၁၂၁.၆ | ၄.၂ | ၀.၇ | ၄,၀၈၂,၁၁၇.၆ | ၄.၁ | ၄.၅ |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | ၂၃,၄၈၂,၄၅၉.၀ | ၂၅.၂ | ၅.၇ | ၂၅,၂၂၃,၁၀၇.၆ | ၂၅.၆ | ၇.၄ |
| ၁၃ | ရှမ်းပြည်နယ် | ၅,၄၅၁,၂၄၀.၇ | ၅.၉ | ၄.၉ | ၅,၇၁၇,၅၉၀.၀ | ၅.၈ | ၄.၉ |
| ၁၄ | ဧရာဝတီတိုင်းဒေသကြီး | ၁၁,၀၂၀,၉၂၆.၆ | ၁၁.၈ | ၃.၂ | ၁၁,၅၃၄,၈၇၄.၆ | ၁၁.၇ | ၄.၇ |
| ၁၅ | နေပြည်တော်ကောင်စီနယ်မြေ | ၂,၀၂၁,၆၃၇.၃ | ၂.၁ | ၆.၉ | ၂,၁၆၇,၃၆၄.၇ | ၂.၂ | ၇.၂ |

ပူးတွဲ-၄

၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်း
ကဏ္ဍကြီးများအလိုက် စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်
(နှစ်အလိုက်ဈေးနှုန်းအရ)

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | | ကဏ္ဍကြီး/ကဏ္ဍ | ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် (နှစ်ကုန်ခန့်မှန်းခြေ) တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း) တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | ပြောင်းလဲမှုနှုန်း (ရာခိုင်နှုန်း) |
|---|---|---|---|---|---|---|---|
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁ | | **လယ်ယာကဏ္ဍကြီး** | **၂၃,၆၁၈,၄၂၃.၆** | **၂၀.၆** | **၂၄,၉၆၄,၁၇၅.၈** | **၁၉.၈** | **၅.၇** |
| | ၁ | လယ်ယာ | ၁၄,၉၇၈,၇၅၈.၀ | ၁၃.၁ | ၁၅,၅၂၄,၈၆၅.၇ | ၁၂.၃ | ၃.၆ |
| | ၂ | သားငါး | ၈,၅၆၀,၉၃၃.၂ | ၇.၄ | ၉,၃၆၈,၅၇၀.၈ | ၇.၄ | ၉.၄ |
| | ၃ | သစ်တော | ၇၈,၇၃၂.၄ | ၀.၁ | ၇၀,၇၃၉.၃ | ၀.၁ | -၁၀.၂ |
| ၂ | | **စက်မှုကဏ္ဍကြီး** | **၄၄,၂၇၉,၂၄၃.၈** | **၃၈.၇** | **၄၉,၃၇၂,၅၄၅.၆** | **၃၉.၃** | **၁၁.၅** |
| | ၁ | စွမ်းအင် | ၄,၆၀၅,၄၀၄.၀ | ၄.၀ | ၄,၇၁၂,၀၀၉.၇ | ၃.၈ | ၂.၃ |
| | ၂ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၉၉၈,၆၀၇.၄ | ၀.၉ | ၁,၀၄၈,၁၈၆.၂ | ၀.၈ | ၅.၀ |
| | ၃ | စက်မှုလက်မှု | ၂၉,၁၈၁,၈၂၃.၈ | ၂၅.၅ | ၃၂,၈၃၀,၉၂၂.၃ | ၂၆.၁ | ၁၂.၅ |
| | ၄ | လျှပ်စစ်ဓာတ်အား | ၂,၀၄၆,၅၅၁.၁ | ၁.၈ | ၂,၃၈၄,၄၀၅.၄ | ၁.၉ | ၁၆.၅ |
| | ၅ | ဆောက်လုပ်မှု | ၇,၄၄၆,၈၅၇.၅ | ၆.၅ | ၈,၃၉၇,၀၂၂.၀ | ၆.၇ | ၁၂.၈ |
| ၃ | | **ဝန်ဆောင်မှုကဏ္ဍကြီး** | **၄၆,၅၆၄,၆၉၅.၇** | **၄၀.၇** | **၅၁,၄၆၆,၈၆၁.၉** | **၄၀.၉** | **၁၀.၅** |
| | ၁ | ပို့ဆောင်ရေး | ၁၂,၆၆၀,၅၈၄.၄ | ၁၁.၁ | ၁၃,၈၀၃,၄၅၇.၁ | ၁၁.၀ | ၉.၀ |
| | ၂ | ဆက်သွယ်ရေး | ၂,၂၃၂,၉၁၃.၆ | ၂.၀ | ၂,၃၉၆,၉၂၆.၈ | ၁.၉ | ၇.၃ |
| | ၃ | ငွေရေးကြေးရေး | ၄၁၆,၄၁၅.၃ | ၀.၄ | ၄၄၈,၁၂၇.၄ | ၀.၃ | ၇.၆ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၃,၅၈၂,၅၅၂.၀ | ၃.၁ | ၃,၇၂၀,၈၁၄.၆ | ၃.၀ | ၃.၉ |
| | ၅ | အခြားဝန်ဆောင်မှု | ၃,၇၀၆,၇၂၂.၉ | ၃.၂ | ၄,၂၈၅,၀၁၁.၅ | ၃.၄ | ၁၅.၆ |
| | ၆ | ကုန်သွယ်မှု | ၂၃,၉၆၅,၅၀၇.၅ | ၂၀.၉ | ၂၆,၈၁၂,၅၂၄.၅ | ၂၁.၃ | ၁၁.၉ |
| ၄ | | **စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး(ဂျီဒီပီ)** | **၁၁၄,၄၆၂,၃၆၃.၁** | **၁၀၀.၀** | **၁၂၅,၈၀၃,၅၈၃.၃** | **၁၀၀.၀** | **၉.၉** |

(ဆက်လက်ဖော်ပြပါမည်)

## ဧရာဝတီမြစ်နှင့် ချင်းတွင်းမြစ်တို့တွင် မြစ်ရေမြင့်တက်လာမှု အခြေအနေများနှင့်စပ်လျဉ်း၍ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများတွင် ပြည်သူများပူးပေါင်းပါဝင်ကြရန် အသိပေးပန်ကြား

**နေပြည်တော် ဇူလိုင် ၁၅**

မြန်မာနိုင်ငံအထက်ပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းမှုနှင့် နေရာကွက်၍ မိုးကြီးမှုများကြောင့် ဇူလိုင် ၁၂ ရက်၊ ၁၃ ရက်နှင့် ၁၄ ရက်များအတွင်း ဧရာဝတီမြစ်ရေ မြင့်တက်ခဲ့ပြီး မြစ်ရေမြင့်တက်ခြင်းကြောင့် ကချင်ပြည်နယ် မြစ်ကြီးနားမြို့၊ ဆင်ဘိုမြို့နှင့် ရွှေကူမြို့များရှိ ရပ်ကွက်အချို့မှ အိမ်ထောင်စု ၁၅၅ စု၊ လူဦးရေ ၆၇၁ ဦးတို့ကို ယာယီရေဘေးရှောင်စခန်းများသို့ ပြောင်းရွှေ့ပေးခဲ့ကာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနသည် ယာယီရေဘေးရှောင်စခန်းများရှိ ပြည်သူများအား ဆန်ရိက္ခာဖိုးနှင့် ကိုဗစ်-၁၉ ကာကွယ်ရေးအတွက် လိုအပ်သည့် ဆပ်ပြာနှင့် အဝတ်နှာခေါင်းစည်းများကို ထောက်ပံ့ပေးခဲ့သည်။

အဆိုပါမြစ်ရေသည် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းတာချက်များအရ ကချင်ပြည်နယ် ရွှေကူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အနီးသို့ ရောက်ရှိနေပြီး စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့တွင် နောက် ၂၄ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အနီးသို့ ရောက်ရှိနိုင်ကြောင်း ခန့်မှန်းထားသည်။ အဆိုပါမြစ်ရေသည် မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့၊ မန္တလေးမြို့နှင့် စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နှင့် မြင်းမူမြို့များသို့ နောက်နှစ်ရက်ခန့်တွင် ရောက်ရှိလာနိုင်သည်။ ထို့နည်းတူစွာ ချင်းတွင်းမြစ်ရေသည် စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့နှင့် ဖောင်းပြင်မြို့များတွင် နောက်လာမည့်သုံးရက်အတွင်း ယင်းမြို့များ၏ စိုးရိမ်ရေမှတ် အသီးသီးသို့ ရောက်ရှိနိုင်ကြောင်း ခန့်မှန်းထားသည်။

မိုးရွာသွန်းမှုအနေဖြင့် လာမည့်သုံးရက်အတွင်း မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် ပုံမှန်ရွာသွန်းမြဲ အခြေအနေရှိသည့်အတွက် ဧရာဝတီမြစ်အထက်ပိုင်း၌ ရေတိုးနိုင်ခြေ လျော့နည်းသွားဖွယ်ရှိကြောင်း ခန့်မှန်းရသည်။

သို့သော် ယခင်ကဖြစ်ပွားခဲ့သည့် ရေကြီးရေလျှံမှုဖြစ်စဉ်များကို အခြေခံ၍ လေ့လာဆန်းစစ်မှုများအရ ကချင်ပြည်နယ် မြစ်ကြီးနား၊ ဝိုင်းမော်နှင့် ဗန်းမော်မြို့နယ်များ၊ စစ်ကိုင်းတိုင်းဒေသကြီး ကလေး၊ မုံရွာ၊ စစ်ကိုင်းနှင့် မြောင်မြို့နယ်များ၊ မန္တလေးတိုင်းဒေသကြီး အမရပူရ၊ စဉ့်ကိုင်၊ တံတားဦး၊ ကျောက်ဆည်၊ တောင်သာနှင့် မြစ်သားမြို့နယ်များတွင် မြစ်ရေကြီးမှုအများဆုံး ဖြစ်ပွားလေ့ရှိကြောင်း သိရသည်။

လက်ရှိအခြေအနေတွင် မြန်မာနိုင်ငံအထက်ပိုင်းရှိ ဧရာဝတီမြစ်ရေသည် ရွှေကူမြို့နှင့် ကသာမြို့များသို့ စီးဆင်းလာပြီဖြစ်ရာ နောက်လာမည့် ရက်အနည်းငယ်အတွင်း သပိတ်ကျင်း၊ မန္တလေး၊ စစ်ကိုင်း၊ မြင်းမူ စသည့်မြို့များသို့ ရောက်ရှိလာနိုင်သောကြောင့် အဆိုပါဒေသများရှိ ပြည်သူများအနေဖြင့် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်သည့် မြစ်ရေကြီးမှုသတိပေးချက်များကို အထူးအလေးပေး နားထောင်ကြရန်နှင့် လိုအပ်ချက်နှင့်အညီ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသော ရေဘေးကြိုတင်ပြင်ဆင်ရေးဆိုင်ရာအချက်အလက်များကို လေ့လာသတိပြုလိုက်နာဆောင်ရွက်ကြပါရန် အသိပေးပန်ကြားထားကြောင်း သိရသည်။

ရေကြီးရေလျှံခြင်းနှင့်ပတ်သက်၍ ကြိုတင်ပြင်ဆင်ဆောင်ရွက်ရာတွင် ကိုဗစ်-၁၉ ကာလ ထုတ်ပြန်ထားသော ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာဌာနဆိုင်ရာများ၊ လူမှုအဖွဲ့အစည်းများနှင့် ပြည်သူများအားလုံးပူးပေါင်း၍ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရန် လိုအပ်ကြောင်း၊ ရေကြီးခြင်းအပါအဝင် ဘေးအန္တရာယ်ဖြစ်ပွားပေါ်ပေါက်မှုများနှင့်စပ်လျဉ်း၍ သတင်းပေးဆက်သွယ်လိုခြင်းနှင့် အရေးပေါ်အကူအညီလိုအပ်မှုများကို တောင်းခံလိုခြင်းများရှိပါက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ၂၄ နာရီ ဖွင့်လှစ်ထားသည့် Hot Line ဖုန်းနံပါတ် ၀၆၇-၃၄၀၄၆၆၆၊ ၀၆၇-၃၄၀၄၇၇၇ တို့သို့ ဆက်သွယ်သတင်းပေးပို့ရယူနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**



## ကသာမြို့၌ မြစ်ရေမြင့်တက်မှုကြောင့် သတိပေးခြင်းဆောင်ရွက်

**ကသာ ဇူလိုင် ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့ရှိ ဧရာဝတီမြစ်ရေ၏ စိုးရိမ်ရေမှတ်မှာ ၁၀၄၀ စင်တီမီတာဖြစ်ပြီး ဇွန်၊ ဇူလိုင်၊ ဩဂုတ်လများတွင် မြစ်ရေအများဆုံး တက်တတ်သည့်ကာလများဖြစ်ကြောင်း သိရသည်။ ကသာမြို့၌ ၁၉၇၉ ခုနှစ်၊ ၁၉၈၈ ခုနှစ်၊ ၂၀၀၄ ခုနှစ်၊ ၂၀၁၂ ခုနှစ်၊ ၂၀၁၆ ခုနှစ်၊ ၂၀၁၇ ခုနှစ်နှင့် ၂၀၁၉ ခုနှစ်များတွင် စိုးရိမ်ရေမှတ် ကျော်လွန်ခဲ့ခြင်းကြောင့် ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့သည်။

ယခု ၂၀၂၀ ပြည့်နှစ် ဇူလိုင်လအတွင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်အရ စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့ရှိ ဧရာဝတီမြစ်ရေ၏ စိုးရိမ်ရေမှတ် ၁၀၄၀ စင်တီမီတာသို့ ရောက်ရှိနိုင်ပါသဖြင့် မြစ်ကမ်းဘေးကျေးရွာတွင် နေထိုင်သူများနှင့် မြေနိမ့်ပိုင်းတွင်နေထိုင်သူများအား အထူးသတိပြုနေထိုင်ကြရန် ကြိုတင်အသိပေးနှိုးဆော်ခြင်း၊ ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းများကို ကသာမြို့နယ် မီးသတ်ဦးစီးဌာနနှင့် ကသာခရိုင် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနတို့ ပူးပေါင်း၍ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**အေးမြသက်ထား**

# ၂၀၂၀ ပြည့်နှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေကြမ်း

ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။

**(ယမန်နေ့မှအဆက်)**

| စဉ် | အထူးကုန်စည် အမျိုးအစား | တန်ဖိုးအဆင့် | အခွန်နှုန်း |
|---|---|---|---|
| | ( ဍ ) အရက်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၁၂၀၀၁ ကျပ် မှ ကျပ် ၁၃၀၀၀အထိ အဆင့် ဖြစ်လျှင် | တစ်လီတာ ၃၈၁၈ ကျပ် |
| | ( ဎ ) အရက်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၁၃၀၀၁ ကျပ် မှ ကျပ် ၁၄၀၀၀အထိ အဆင့် ဖြစ်လျှင် | တစ်လီတာ ၄၁၂၂ ကျပ် |
| | (ဏ) အရက်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၁၄၀၀၁ ကျပ် မှ ကျပ် ၁၅၀၀၀အထိ အဆင့် ဖြစ်လျှင် | တစ်လီတာ ၄၄၂၈ ကျပ် |
| | (တ) အရက်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၁၅၀၀၁ ကျပ် နှင့် အထက်အဆင့် ဖြစ်လျှင် | တစ်လီတာ တန်ဖိုး၏ ၆၀ ရာခိုင်နှုန်း |
| ၉ | ဘီယာအမျိုးမျိုး။ | | ၆၀ ရာခိုင်နှုန်း |
| ၁၀ | (က) ဝိုင်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ကျပ် ၇၅၀ အထိ အဆင့် ဖြစ်လျှင် | တစ်လီတာ ၈၇ ကျပ် |
| | (ခ) ဝိုင်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၇၅၁ ကျပ် မှ ကျပ် ၁၅၀၀ အထိ အဆင့် ဖြစ်လျှင် | တစ်လီတာ ၂၆၄ ကျပ် |
| | (ဂ) ဝိုင်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၁၅၀၁ ကျပ် မှ ကျပ် ၂၂၅၀ အထိ အဆင့် ဖြစ်လျှင် | တစ်လီတာ ၄၃၈ ကျပ် |
| | (ဃ) ဝိုင်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၂၂၅၁ ကျပ် မှ ကျပ် ၃၀၀၀ အထိ အဆင့် ဖြစ်လျှင် | တစ်လီတာ ၆၁၅ ကျပ် |
| | (င) ဝိုင်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၃၀၀၁ ကျပ် မှ ကျပ် ၃၇၅၀ အထိ အဆင့် ဖြစ်လျှင် | တစ်လီတာ ၇၉၁ ကျပ် |
| | (စ) ဝိုင်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၃၇၅၁ ကျပ် မှ ကျပ် ၄၅၀၀ အထိ အဆင့် ဖြစ်လျှင် | တစ်လီတာ ၉၆၆ ကျပ် |
| | (ဆ) ဝိုင်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၄၅၀၁ ကျပ် မှ ကျပ် ၆၀၀၀ အထိ အဆင့် ဖြစ်လျှင် | တစ်လီတာ ၁၂၂၉ ကျပ် |
| | (ဇ) ဝိုင်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၆၀၀၁ ကျပ် မှ ကျပ် ၇၅၀၀ အထိ အဆင့် ဖြစ်လျှင် | တစ်လီတာ ၁၅၈၀ ကျပ် |
| | (ဈ) ဝိုင်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၇၅၀၁ ကျပ် မှ ကျပ် ၉၀၀၀ အထိ အဆင့် ဖြစ်လျှင် | တစ်လီတာ ၁၉၃၁ ကျပ် |
| | (ည) ဝိုင်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၉၀၀၁ ကျပ် မှ ကျပ် ၁၀၅၀၀အထိ အဆင့် ဖြစ်လျှင် | တစ်လီတာ ၂၂၈၂ ကျပ် |
| | (ဋ) ဝိုင်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၁၀၅၀၁ ကျပ် မှ ကျပ် ၁၃၅၀၀ အထိ အဆင့် ဖြစ်လျှင် | တစ်လီတာ ၂၈၀၈ ကျပ် |
| | (ဌ) ဝိုင်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၁၃၅၀၁ ကျပ် မှ ကျပ် ၁၆၅၀၀အထိ အဆင့် ဖြစ်လျှင် | တစ်လီတာ ၃၅၁၀ ကျပ် |
| | (ဍ) ဝိုင်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၁၆၅၀၁ ကျပ် နှင့် အထက်အဆင့် ဖြစ်လျှင် | တစ်လီတာ တန်ဖိုး၏ ၅၀ ရာခိုင်နှုန်း |
| ၁၁ | သစ်လုံး၊သစ်ခွဲသားများ။ | | ၅ ရာခိုင်နှုန်း |
| ၁၂ | (က) Double Cab 4 Door Pickup မှ အပ ၁၅၀၁ CC မှ ၂၀၀၀ CC အထိ ဗင် ကားများ၊ ဆလွန်း၊ ဆီဒင်နှင့် ဝက်ဂွန် (Estate Wagon) ကားများ၊ ကူပေး (Coupe) ကားများ။ | | ၁၀ ရာခိုင်နှုန်း |
| | (ခ) Double Cab 4 Door Pickup မှ အပ ၂၀၀၁ CC မှ ၄၀၀၀ CC အထိ ဗင်ကားများ၊ ဆလွန်း၊ ဆီဒင်နှင့် ဝက်ဂွန် (Estate Wagon) ကားများ၊ ကူပေး (Coupe) ကားများ။ | | ၃၀ ရာခိုင်နှုန်း |
| | (ဂ) Double Cab 4 Door Pickup မှ အပ ၄၀၀၁ CC နှင့် အထက် ဗင် ကားများ၊ ဆလွန်း၊ ဆီဒင်နှင့် ဝက်ဂွန် (Estate Wagon) ကားများ၊ ကူပေး (Coupe) ကားများ။ | | ၅၀ ရာခိုင်နှုန်း |

**(ဆက်လက်ဖော်ပြပါမည်)**

# ၂၀၂၀ ပြည့်နှစ်၊ ဝင်ငွေခွန်ဥပဒေကြမ်း

ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။

**(ယမန်နေ့မှအဆက်)**

(၁၉) **ဦးစီးဌာန** ဆိုသည်မှာ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာနကို ဆိုသည်။

(၂၀) **တန်ဖိုးလျော့နိုင်သည့် ရရန်ပိုင်ခွင့်** ဆိုသည်မှာ အောက်ပါတို့နှင့် ညီညွတ်သည့် ဒြပ်ရှိပစ္စည်း သို့မဟုတ် မရွှေ့မပြောင်းနိုင်သောပစ္စည်းတွင် ဖွံ့စည်းတည်ဆောက်မှုဆိုင်ရာ တိုးတက်ကောင်းမွန်အောင်ဆောင်ရွက်ချက်ကို ဆိုသည်–

(ကက) အသုံးဝင်မှုသက်တမ်း တစ်နှစ်ထက် ကျော်လွန်ခြင်း၊

(ခခ) ပုံမှန် ပျက်စီးတတ်သောသဘောကြောင့် သို့မဟုတ် အသုံးမပြုဘဲ ထားရှိခြင်းကြောင့် တန်ဖိုးဆုံးရှုံးနိုင်သည့် အလားအလာရှိခြင်း၊

(ဂဂ) လုပ်ငန်းတစ်ခုမှ ဝင်ငွေရရှိရန် အပြည့်အဝသော်လည်းကောင်း၊ တစ်စိတ်တစ်ပိုင်းသော်လည်းကောင်း အသုံးပြုခြင်း။

(၂၁) **ညွှန်ကြားရေးမှူးချုပ်** ဆိုသည်မှာ ဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်ကို ဆိုသည်။

(၂၂) ရရန်ပိုင်ခွင့်တစ်ခုနှင့်စပ်လျဉ်း၍ **ထုခွဲရောင်းချခြင်း** ဆိုသည်မှာ ပုဒ်မ ၇၈ တွင် ဖော်ပြထားသောအဓိပ္ပာယ်ကို ဆိုသည်။

(၂၃) **အမြတ်ဝေစု** ဆိုသည်မှာ အောက်ပါတစ်ခုခုကိုဆိုသည် –

(ကက) ကုမ္ပဏီတစ်ခုမှ အဖွဲ့ဝင်တစ်ဦးအား အမြတ်ငွေ သို့မဟုတ် ဝင်ငွေ ခွဲဝေမှုတစ်ရပ်ဖြစ်ပြီး ယင်းတွင် ယုံကြည်အပ်နှံမှုတစ်ခုရှိ အကျိုးခံစားရသူ (beneficiary) ၏ ဝင်ငွေရရှိနိုင်ခွင့်လည်း ပါဝင်သည်၊

(ခခ) ကုမ္ပဏီတစ်ခုသည် ယင်းကုမ္ပဏီ၏ မတည်ငွေရင်းကို တစ်စိတ်တစ်ပိုင်း လျှော့ချရာ၌ အဖွဲ့ဝင်အား ယင်း၏အဖွဲ့ဝင် အကျိုးစီးပွား တစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ ပြန်လည်ပေးအပ်သော ငွေကြေးပမာဏဖြစ်ပြီး ယင်းငွေကြေးပမာဏသည် ယင်းအဖွဲ့ဝင်အကျိုးစီးပွားတွင် လျော့ကျသွားသည့် အမည်ခံတန်ဖိုး (nominal value) ထက် ကျော်လွန်သည့် အတိုင်းအတာအထိ ဖြစ်သည်၊

(ဂဂ) ကုမ္ပဏီတစ်ခု စာရင်းရှင်းလင်းဖျက်သိမ်းခြင်းကြောင့်ဖြစ်စေ၊ ယုံကြည်အပ်နှံမှုတစ်ရပ်ကို ရပ်စဲခြင်းကြောင့်ဖြစ်စေ အဖွဲ့ဝင်တစ်ဦးက ယင်း၏ အဖွဲ့ဝင်အကျိုးစီးပွားကို ပြန်လည်ရွေးနုတ်ရယူရာ၌ သို့မဟုတ် ပယ်ဖျက်ရာ၌ ကုမ္ပဏီက ယင်းအဖွဲ့ဝင်အား ပြန်လည်ပေးအပ်သည့် ငွေကြေးပမာဏဖြစ်ပြီး ယင်းငွေကြေးပမာဏသည် အဖွဲ့ဝင်အကျိုးစီးပွား၏ အမည်ခံတန်ဖိုး (nominal value) ထက် ကျော်လွန်သည့် အတိုင်းအတာအထိ ဖြစ်သည်၊

(ဃဃ) ကုမ္ပဏီတစ်ခုသည် ကုမ္ပဏီပြန်လည်ဖွဲ့စည်းတည်ထောင်ခြင်း၊ ပြန်လည်ဖွဲ့စည်းခြင်း သို့မဟုတ် ပေါင်းစည်းခြင်းအတွက် အဖွဲ့ဝင်တစ်ဦးအား ယင်းကုမ္ပဏီရှိ အဖွဲ့ဝင်အကျိုးစီးပွားနှင့်စပ်လျဉ်း၍ ပေးအပ်သည့် ငွေကြေးပမာဏဖြစ်ပြီး ယင်းသို့ ပြန်လည်ပေးအပ်သည့် ငွေကြေးပမာဏသည် ပြန်လည်ဖွဲ့စည်းတည်ထောင်ခြင်း၊ ပြန်လည်ဖွဲ့စည်းခြင်း သို့မဟုတ် ပေါင်းစည်းခြင်းများမတိုင်မီ ယင်းအဖွဲ့ဝင်အကျိုးစီးပွား၏ အမည်ခံတန်ဖိုး (nominal value) ထက် ကျော်လွန်သည့် အတိုင်းအတာအထိ ဖြစ်သည်၊

(ငင) ကုမ္ပဏီတစ်ခုသည် အဖွဲ့ဝင်တစ်ဦး သို့မဟုတ် အဖွဲ့ဝင်၏ တွဲဖက်လုပ်ကိုင်သူတစ်ဦးသို့ ယင်းပုဂ္ဂိုလ်အကျိုးခံစားနိုင်စေရန် ပေးအပ်သည့် မည်သည့်ချေးငွေ၊ ရရန်ပိုင်ခွင့်၊ သို့မဟုတ် ဝန်ဆောင်မှုများအတွက် ပေးချေခြင်း၊ ပေးအပ်သည့် မည်သည့်ရရန်ပိုင်ခွင့် သို့မဟုတ် ဝန်ဆောင်မှုမဆို၏ တန်ဖိုး သို့မဟုတ် သက်သာခွင့်ပေးလိုက်သည့် မည်သည့်ကြွေးမြီဆိုင်ရာ တာဝန်မဆိုဖြစ်ပြီး ယင်းလုပ်ဆောင်ချက်သည် ပကတိအခြေအနေအားဖြင့် အမြတ်ငွေများ ခွဲဝေပေးသကဲ့သို့ သက်ရောက်သည့် အတိုင်းအတာအထိ ဖြစ်သည်၊

(စစ) ပုဒ်မ ၄၈ အရ သတ်မှတ်သည့် ပြည်ပနေ ကုမ္ပဏီတစ်ခု၏ အမြဲတမ်းလုပ်ငန်းတည်ရာဌာနမှ ပြန်လည်ပေးပို့သည့် အမြတ်ငွေဖြစ်သည်။

(၂၄) **ဝန်ထမ်း** ဆိုသည်မှာ အလုပ်အကိုင်တစ်ရပ်တွင် ခန့်အပ်တာဝန်ပေးထားသည့် တစ်ဦးချင်းပုဂ္ဂိုလ်ကိုဆိုသည်။ ယင်းစကားရပ်တွင် ကုမ္ပဏီတစ်ခု၏ ဒါရိုက်တာလည်းပါဝင်သည်။

**(ဆက်လက်ဖော်ပြပါမည်)**

# ရေဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ပြည်သူသို့အသိပေးနှိုးဆော်

မြန်မာနိုင်ငံ၌ နှစ်စဉ် ဇူလိုင်၊ ဩဂုတ်လများတွင် ရေဘေးအန္တရာယ်နှင့် ကြုံတွေ့ရလေ့ရှိပြီး မိုးရွာသွန်းမှု၊ မြစ်ရေကြီးမှုအခြေအနေများအရ ပုံမှန်ရေကြီးရေလျှံမှုများအပြင် အချိန်တိုအတွင်း မိုးရေချိန်များပြားစွာ ရွာသွန်းမှုကြောင့် လျှပ်တစ်ပြက်ရေကြီးခြင်းများ၊ တောင်ပြို၊ မြေပြိုခြင်းများကိုလည်း ကြုံတွေ့ရနိုင်ပါသည်။

သို့ဖြစ်ရာ ယခုကာလ၌ ပုံမှန်ရေကြီးရေလျှံခြင်းမျိုးသာမက လျှပ်တစ်ပြက်ရေကြီးခြင်းများ၊ မြေပြိုမှုများနှင့်ပတ်သက်၍လည်း အထူးသတိပြုရန်လိုအပ်ကြောင်းနှင့် ပြည်သူလူထုအနေဖြင့် အောက်ပါအချက်များကို သတိပြုလိုက်နာဆောင်ရွက်နိုင်ပါရန် အကြံပြုအပ်ပါသည်-

- မိုးလေဝသသတင်းများနှင့် ထူးခြားမြစ်ရေအခြေအနေထုတ်ပြန်ချက်များကို သတိပြု နားထောင်ပါ။
- မိသားစုများ အရေးပေါ်ပြောင်းရွှေ့နိုင်ရန်နေရာ၊ လမ်းကြောင်းများနှင့် မိသားစုဆုံရပ်ကို ကြိုတင်သတ်မှတ်ထားပါ။
- ရေစိုပျက်စီးနိုင်သောပစ္စည်းများကို ခြောက်သွေ့၍ မြင့်သောနေရာတွင်ထားရှိပါ။
- အရေးပေါ် အသင့်စားအစားအစာများ၊ ဆေးဝါး၊ သောက်ရေ၊ လက်နှိပ်ဓာတ်မီး၊ ဖယောင်းတိုင်၊ မီးခြစ်များ အရံသင့်ဆောင်ထားပါ။
- အသက်ကယ်အင်္ကျီ၊ ဘောကွင်း၊ လေလုံပိတ်ရေပုံးအလွတ်၊ ကားတာယာကျွတ် အစရှိသည့် အရေးပေါ်အသက်ကယ်ပစ္စည်းများကို ကြိုတင်ပြင်ဆင်ထားပါ။
- မြေနိမ့်ဒေသ၊ ချိုင့်၊ ရေနုတ်မြောင်းအစရှိသည့် ရေလွှမ်းမိုးပါက အန္တရာယ်ဖြစ်နိုင်သော နေရာများကို မြင်သာသော အမှတ်အသားများဖြင့် ကြိုတင်မှတ်သားထားရှိပါ။
- တောင်ပေါ်ဒေသများ၊ ချောင်းဖျား၊ မြစ်ဖျားများတွင် မိုးကြီးပါက မြစ်ဝှမ်းတစ်လျှောက်တွင် လျှပ်တစ်ပြက်ရေကြီးခြင်းများ ဖြစ်နိုင်ကြောင်း သတိပြုပါ။ လျှပ်တစ်ပြက်ရေကြီးခြင်းသည် ရှောင်တိမ်းရန် အချိန်အလွန်နည်းပါသည်။ ညအချိန်များတွင် ပိုမိုဂရုပြုနေထိုင်ပါ။
- မြစ်၊ ချောင်းကမ်းပါးများနှင့် အလွန်နီးကပ်စွာ နေထိုင်သူများ၊ သဲသောင်ပြင်များတွင် သီးနှံစိုက်ပျိုးကြသူများ လိုအပ်ပါက အန္တရာယ်လွတ်ကင်းသည့်နေရာများသို့ ခေတ္တပြောင်းရွှေ့နေထိုင်ပါ။
- ရေကြီးသောဒေသများတွင် မြစ်၊ ချောင်းကမ်းပါးတိုက်စားပြီး ပြိုကျတတ်သောကြောင့် မြစ်၊ ချောင်းကမ်းပါးများအနီးသို့ မသွားပါနှင့်။ တောင်ကုန်း၊ တောင်စောင်းများအနီးတွင် နေထိုင်သူများ တောင်ပြိုကျမှုအန္တရာယ်ကို သတိထားပါ။
- ရေထဲတွင် မလိုအပ်ဘဲ ရေကူးခြင်း၊ လမ်းလျှောက်ခြင်းများ မပြုလုပ်ပါနှင့်။ မလွှဲမရှောင်သာ ရေထဲဖြတ်လျှောက်ရပါက တုတ်ဖြင့် စမ်းထောက်ပြီး သွားပါ။
- ရေကြီးနေစဉ် တောင်ကျချောင်းများ၌ လူ၊ တိရစ္ဆာန်၊ မော်တော်ဆိုင်ကယ်၊ မော်တော်ကား မဖြတ်ကူးပါနှင့်။ ရေစီးနှင့်မျောပါတတ်ပါသည်။
- ရေကြီးနေချိန်၊ ရေကြီးပြီးချိန်များတွင် လျှပ်စစ်မီးကြိုး၊ လျှပ်စစ်မီးတိုင်များနှင့် တတ်နိုင်သမျှ ဝေးဝေးနေပါ။ ရေစိုနေသော လျှပ်စစ်ပစ္စည်းများကို အသုံးမပြုပါနှင့်။ မြွေနှင့် အဆိပ်ရှိသောသတ္တဝါများ၏ အန္တရာယ်ကို သတိပြုပါ။

ပြည်သူများအနေဖြင့် ရေဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး နှိုးဆော်ချက်များ၊ အကြံပြုချက်များအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန်၊ အရေးပေါ်အချိန်တွင် သက်ဆိုင်ရာတာဝန်ရှိသူများ၏ စီစဉ်ဆောင်ရွက်မှုများအတိုင်း ပူးပေါင်းဆောင်ရွက်ပေးပါရန်နှင့် သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် ဖွင့်လှစ်ထားရှိသည့် Hot-line ဖုန်းများဖြစ်သော ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့ ဆက်သွယ်သတင်းရယူ အကူအညီတောင်းခံနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

**❒ ချင်းရွှေဟော်မြို့မှ**

အမျိုးသမီး ၁၇ ဦးတို့ဖြစ်ပြီး မန္တလေးတိုင်းဒေသကြီး မိုးကုတ်မြို့နယ်မှ တစ်ဦး၊ မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်မှ နှစ်ဦးနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) အတွင်းရှိ မြို့နယ်များမှ ၂၈ ဦးတို့ဖြစ်ကြောင်း သိရသည်။

**စနစ်တကျလွှဲပြောင်းပို့ဆောင်**

ချင်းရွှေဟော်မြို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းကော်မတီမှ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်များသို့ လွှဲပြောင်းပို့ဆောင်ပေးခဲ့သည့် နေရပ်ပြန်ပြည်သူများမှာ ဧပြီ ၃၀ ရက်မှ ယနေ့အထိ အမျိုးသား ၇၃၂၃ ဦးနှင့် အမျိုးသမီး ၅၉၁၆ ဦး စုစုပေါင်း ၁၃၂၃၉ ဦးတို့ကို စနစ်တကျလွှဲပြောင်းပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

**ဇင်ဇင်(ပြန်/ဆက်)**



# ဟားခါးခရိုင်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ငါးကဏ္ဍကော်မတီအသစ် ရွေးချယ်

**ဟားခါး ဇူလိုင် ၁၅**

ချင်းပြည်နယ် ဟားခါးခရိုင် ဇွန်ကျုံးကျေးရွာတွင် ငါးကဏ္ဍနှင့်ပတ်သက်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းတွင်ပါဝင်သော ကျေးရွာသူ ကျေးရွာသားများအား စီမံကိန်းဆောင်ရွက်ရသည့် ရည်ရွယ်ချက်များကို အသေးစိတ်ရှင်းလင်းဆွေးနွေးခဲ့ကာ ကော်မတီအသစ်ပြန်လည်ရွေးချယ်ပြီး လုပ်ငန်းများ လျင်မြန်စွာဆောင်ရွက်နိုင်ရန်အတွက် ပြည်နယ်ငါးလုပ်ငန်းဦးစီးမှူး ဒုတိယပြည်နယ်ဦးစီးမှူး၊ ငါးလုပ်ငန်းစခန်းတာဝန်ခံ၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနများ ပူးပေါင်းဆောင်ရွက်ခဲ့သည်။

ချင်းပြည်နယ်အတွင်း မြစိမ်းရောင်ကျေးရွာစီမံကိန်း ငါးကဏ္ဍဆောင်ရွက်ရာတွင် ၂၀၁၄-၂၀၁၅ ခုနှစ်တွင် ကျေးရွာလေးရွာ၊ ၂၀၁၅-၂၀၁၆ ခုနှစ်တွင် ကျေးရွာငါးရွာဖြင့် စတင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပင်လုံမြို့ အထက(၁)၌ သောက်သုံးရေဖူလုံရေးအတွက် အဝီစိတွင်းနက် တူးဖော်

**ပင်လုံ ဇူလိုင် ၁၅**

လွိုင်လင်မြို့နယ် ပင်လုံမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတွင် တက်ရောက်ပညာသင်ကြားနေသည့် ကျောင်းသား ကျောင်းသူများ၊ စာစစ်ဌာနများနှင့် ဆင့်ပွားသင်တန်းများ ဖွင့်လှစ်ကျင်းပရာတွင် တည်းခိုနေထိုင်သည့် ဆရာ ဆရာမများအနေဖြင့် သောက်သုံးရေ ရှားပါးပြတ်လတ်မှုများနှင့် ရင်ဆိုင်တွေ့ကြုံနေရသဖြင့် နယ်စပ်ရေးရာဝန်ကြီးဌာနမှ သောက်သုံးရေ လုံလောက်စွာရရှိစေရန်အတွက် အဝီစိတွင်းနက် တူးဖော်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ကွင်းဆင်းစစ်ဆေး**

အဆိုပါ နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စုရန်ပုံငွေကျပ် ၁၂ သန်းဖြင့် ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်မြို့နယ် ပင်လုံမြို့ရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း ဆောင်ရွက်ပြီးစီးခဲ့သည့် အဝီစိတွင်းနက်တစ်တွင်း၊ ရေလှောင်ကန်၊ ရေစက်ခန်း၊ ရေသန့်စက်နှင့် ခြံစည်းရိုးကာရံခြင်းလုပ်ငန်းများအား လွိုင်လင်ခရိုင်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ဒုတိယညွှန်ကြား ရေးမှူး ဒေါ်ချိုချို၊ ကျောင်းအကျိုးတော်ဆောင် ကော်မတီမှ တာဝန်ရှိသူများက ယနေ့တွင် ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**ငွေကြယ်**




## အများသိစေရန်ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၅)ရပ်ကွက်၊ တကောင်း(၈)လမ်း၊ အမှတ်(၄၆၀/ခ)၊ (၁)ခန်းတည်း RC (၆)ထပ် အဆောက်အဦ၏ (ပဉ္စမထပ်)၊ (၆-လွှာ)၊ ဧရိယာ(၉၇၂)စတုရန်းပေရှိတိုက်ခန်းနှင့် ၎င်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူဖြစ်သော ဒေါ်အန်ဂျလာဒေဝီ[၁၂/ဗတထ(ပြု)၀၀၀၃၆၇]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဦးချစ်ဖြိုးအောင် [၁/မညန(နိုင်)၁၄၈၉၉၅]က အပြီးအပြတ်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးချစ်ဖြိုးအောင်၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝေဖြိုးအောင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၄၅၅)**
**Ph-09-421157856, 09-798458627**
**Level(5,6,7,8), Tower (2), HAGL Myanmar Center Tower**
**အမှတ်(၁၉၂)၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။**

## အများသိစေရန်ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ (ဂ)ရပ်ကွက်၊ ကံကော်မြိုင်(၁)လမ်း၊ အမှတ်(၈၄/၈၅)၊ (၃)ခန်းတွဲ RC(၅)ထပ်အဆောက်အဦ၏ မြေညီထပ်ကားပါကင်ပါသော(ဒုတိယထပ်)၊ တိုက်ကိုမျက်နှာမူလျှင်(ဘယ်ဘက်အစွန်ဆုံးအခန်း)၊ ဧရိယာ(၉၃၅)စတုရန်းပေရှိ တိုက်ခန်းနှင့် ၎င်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူဖြစ်သော ဦးအောင်ဆန်း[၁၂/သဃက(နိုင်)၀၃၄၇၆၀]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဒေါ်ချိုဝင့်မာဇော်[၁၂/သဃက(နိုင်)၁၄၅၂၉၅]က အပြီးအပြတ် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ချိုဝင့်မာဇော်၏ လွှဲအပ်ညွှန်ကြားချက်အရ-ဒေါ်ဝေဖြိုးအောင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၄၅၅)**
**Ph-09-421157856,09-798458627**
**Level(5,6,7,8),Tower(2),HAGL Myanmar Center Towen**
**အမှတ်(၁၉၂)၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၄၊ မြေကွက်အမှတ်-၉၅၀၊ ဧရိယာ (၀.၀၅၅)ဧက၊ မြေအမျိုးအစား နှစ်(၆၀)ဂရန်မြေနှင့် ယင်းမြေပေါ်ရှိ အမှတ် (၉၅၀)၊ ဗိုလ်မင်းခေါင်လမ်း၊ (၁၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော မြေနှင့်အိမ်အကျိုးခံစားခွင့်အရပ်ရပ်အား မြို့မြေစာရင်းတွင် အမည်ပေါက်ပိုင်ရှင်ဖြစ်သူ ဦးအောင်သန်းဦး [၆/မအရ(နိုင်)၀၄၀၂၅၇]မှ မိမိတစ်ဦးတည်း အမည်ပေါက်ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသန်းဦး** — **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၈၇၅)**
**ဦးသန့်ဇော်** — **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၃၄၁)**
**အမှတ် (၄၆)၊ ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ဆ/ခရပ်ကွက်၊ ရွာလယ်လမ်း၊ အမှတ်(၆၅၂/၈-စ)ဟုခေါ်တွင်သော မြေနှင့်အိမ်အကျိုးခံစားခွင့် အရပ်ရပ်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၃/က၊ မြေကွက်အမှတ်-၈/စ၊ ဧရိယာ (၀.၀၆၉) ဧက၊ မြေအမျိုးအစား-မြေပိုင်မြေ(၃/ခ)ရပြီး မြေနှင့်ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား မြို့မြေစာရင်း၏ အမည်ပေါက်ပိုင်ရှင် ဒေါ်နန်းကြည်[၁၂/စခန(နိုင်)၀၄၁၈၁၅]နှင့် ဒေါ်သန္တာဦး[၁၂/သဃက(နိုင်)၁၄၄၇၂၀]တို့မှ မိမိတို့အမည်ပေါက်ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသန်းဦး** — **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၈၇၅)**
**ဦးသန့်ဇော်** — **တရားလွှတ်တော်ရှေ့နေ (စဉ်-၇၃၄၁)**
**အမှတ် (၄၆)၊ ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ၁၅-ရပ်ကွက်၊ ဓမ္မာရုံလမ်း၊ အမှတ်(၇၈/အေ)ဟုခေါ်တွင်သော မြေနှင့်အိမ်အကျိုးခံစားခွင့် အရပ်ရပ်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၃-ကံဘဲ့၊ မြေကွက်အမှတ်-၇၂/ဃ၊ ဧရိယာ(၀.၀၄၅)ဧက၊ မြေအမျိုးအစား-B-၃(က)မြေနှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား မြို့မြေစာရင်းတွင် ဒေါ်အာဖွာ၊ မငွေညွာ ပူးတွဲအမည်ပေါက်လျက်ရှိပြီး အမည်ပေါက်များ ကွယ်လွန်သဖြင့် အမွေဆက်ခံရရှိသူ ဒေါ်ကျင်မှုံ ပါ-၈ ဦးထံမှ အရောင်းအဝယ်မှတ်ပုံတင်စာချုပ်အမှတ်-၁၉၃၁/၁၉၉၉ အရ ခင်ပွန်း ဦးတင်လတ်[၁၂/ရကန(နိုင်)၀၅၂၅၈၄]နှင့် ဒေါ်အေးအေးမြင့်တို့မှ ဝယ်ယူခဲ့ပြီး ခင်ပွန်း ဦးတင်လတ် ကွယ်လွန်သဖြင့် အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်အမှတ်-၇၂၇၇/၂၀၁၉အရ ဒေါ်အေးအေးမြင့်[၁၂/ရကန(နိုင်)၀၅၂၅၈၅]၊ [၎င်း၏ကိုယ်စား ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်-၂၅၇၄၆/၂၀၁၉(၁၀-၉-၂၀၁၉)ရရှိသူ ဦးစိုးမြင့်[၁၂/လသန(နိုင်)၀၀၉၆၆၈]မှ မိမိတစ်ဦးတည်းပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသန်းဦး** — **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၈၇၅)**
**ဦးသန့်ဇော်** — **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၃၄၁)**
**အမှတ်(၄၆)၊ ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ (၆)လမ်း၊ အမှတ် (၅၇၅)၊ စတုတ္ထထပ်၊ ဧရိယာ (အလျား ၄၅ပေX အနံ ၁၂ ½ ပေ)ရှိ တိုက်ခန်းနှင့်တကွ ရေမီး အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံသူဖြစ်သော ဦးထွန်းထွန်းအောင်[၁၂/မရက(နိုင်)၀၈၇၆၁၆]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဦးငြိမ်းချမ်းအေး[၇/ရတန(နိုင်)၀၉၂၂၇၁]သည် အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အားကန့်ကွက်လိုပါက တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ဤကြေညာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်သည့်နေ့ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးငြိမ်းချမ်းအေး၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ချောသန္တာလွင်**
**အထက်တန်းရှေ့နေ(စဉ်-၂၉၃၃၄)**
**Ph- 09-8306247, 09- 793900286**
**No.35, Second Floor, 15 Quarter, Than Thu Mar Road,**
**South Okkalapa Township, Yangon**

# မီးဘေးရှောင် မလောင်ခင်တား

## စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန
## ပြည်တွင်းအခွန်များဦးစီးဌာန
## အီလက်ထရောနစ်ငွေပေးချေမှုစနစ်များကို အသုံးပြု၍ အခွန်ပေးဆောင်နိုင်ခြင်း
## ကိစ္စနှင့်စပ်လျဉ်း၍ ထပ်မံအသိပေးကြေညာခြင်း

၁။ ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် အခွန်ထမ်းကုမ္ပဏီများ အခွန်ငွေပေးသွင်းခြင်း လုပ်ငန်းစဉ်တွင် လက်ရှိကူးစက်ပြန့်ပွားလျက်ရှိသော COVID–19 ရောဂါကို တတ်နိုင်သမျှ အကာအကွယ်ဖြစ်စေရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေရန်နှင့် အီလက်ထရောနစ်စနစ်များကို အသုံးပြုကာ လွယ်ကူလျင်မြန်စွာ အခွန်ပေးဆောင်နိုင်ရန် ရည်ရွယ်၍ ပုဂ္ဂလိကဘဏ်များ၏ m–Banking, e–Banking, i–Banking စနစ်များနှင့် မိုဘိုင်းငွေရေးကြေးရေး ဝန်ဆောင်မှုလုပ်ငန်းအဖွဲ့အစည်းများ၏ Mobile Payment စနစ် များဖြင့် ဝန်ဆောင်မှုပေးနိုင်ရန် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

၂။ လက်ရှိတွင် အခွန်ထမ်းများအနေဖြင့် IRD Website (www.ird.gov.mm) ၏ Start Your Tax Online Payment မှတစ်ဆင့် Link ဝင်၍ MPU Corporate Debit Card အသုံးပြုကာ Online မှ အခွန်ပေးသွင်းခြင်းအပြင် ပုဂ္ဂလိကဘဏ်များဖြစ်သော သမဝါယမဘဏ်လီမိတက် (CB Bank)၊ ရောဝတီဘဏ်လီမိတက် (AYA Bank)၊ ယူအေဘီဘဏ်လီမိတက် (uab bank) နှင့် ကမ္ဘောဇဘဏ်လီမိတက် (KBZ Bank) တို့၏ အီလက်ထရောနစ်ငွေပေးချေမှု စနစ်များကို အသုံးပြု၍လည်း အခွန်ပေးဆောင်နေပြီ ဖြစ်ပါသည်။

၃။ ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ( ၁၅ ) ရက်နေ့မှ စတင်၍ အခွန်ထမ်းမှတ်ပုံတင်အမှတ် (TIN) ရရှိပြီးသော အခွန်ထမ်းများအနေဖြင့် မြန်မာ့ရှေ့ဆောင်ဘဏ်လီမိတက် (MAB Bank) ၏ MAB Mobile Banking စနစ်ကို အသုံးပြု၍ အခွန်ပေးဆောင်နိုင်မည်ဖြစ်ပါသည်။

၄။ မြန်မာ့ရှေ့ဆောင်ဘဏ်လီမိတက် (MAB Bank) အနေဖြင့် MAB Mobile Banking စနစ်မှတစ်ဆင့် အခွန်အောင်မြင်စွာ ပေးဆောင်ပြီးပါက အခွန်ထမ်းသို့ အခွန်ပေးသွင်းမှုအထောက်အထားအဖြစ် e–receipt ထုတ်ပေးမည်ဖြစ်ပြီး မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲများရှိ သက်ဆိုင်ရာအခွန်ရုံးများ၏ ငွေစာရင်းများသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ CBM–NET မှတစ်ဆင့် အခွန်ငွေလွှဲပြောင်းပေးပြီးနောက် ပြည်တွင်းအခွန်များဦးစီးဌာနမှ အခွန်ငွေ ပေးသွင်းမှု အထောက်အထားများကို email အသုံးပြုပေးပို့ အကြောင်းကြားသွားမည် ဖြစ်ပါသည်။

၅။ အခြားသော ပုဂ္ဂလိကဘဏ်များနှင့် မိုဘိုင်းငွေရေးကြေးရေး ဝန်ဆောင်မှုလုပ်ငန်းအဖွဲ့အစည်းများ၏ အီလက်ထရောနစ်ငွေပေးချေမှုစနစ်များဖြင့် ဝန်ဆောင်မှုပေးနိုင်ချိန်တွင်လည်း ထပ်မံအသိပေးကြေညာသွားမည် ဖြစ်ပါသည်။

၆။ သို့ဖြစ်ပါ၍ အခွန်ထမ်းပြည်သူများအနေဖြင့် ဘဏ်များသို့ ကိုယ်တိုင်(သို့) ကိုယ်စားလှယ်ဖြင့် ငွေသား/ချက်လက်မှတ်များ သွားရောက်ပေးသွင်းရမည့်အစား အီလက်ထရောနစ်ငွေပေးချေမှုစနစ်များအသုံးပြု၍ လုံခြုံစိတ်ချစွာဖြင့် အခွန်ငွေများကို ပေးဆောင်ကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

၇။ အသေးစိတ်အချက်များကို ပြည်တွင်းအခွန်များဦးစီးဌာန၏ Website ဖြစ်သည့် www.ird.gov.mm တွင် ကြည့်ရှုနိုင်ပြီး သက်ဆိုင်ရာအခွန်ရုံးများနှင့် သတင်းအချက်အလက် နှင့်နည်းပညာဌာနခွဲ (e–Payment Section၊ ရန်ကုန်)၊ အမှတ် ၅၆၉/၅၇၇၊ ကုန်သည်လမ်းနှင့် မဟာဗန္ဓုလပန်းခြံလမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ဖုန်းနံပါတ် ၀၁–၈၃၇၉၀၂၂ သို့ ဆက်သွယ်၍ မေးမြန်းစုံစမ်းနိုင်ပါသည်။

ပုံ
(မင်းထွဋ်)
ညွှန်ကြားရေးမှူးချုပ်
ပြည်တွင်းအခွန်များဦးစီးဌာန

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၄/မြောက်) ရပ်ကွက်၊ အောင်မင်္ဂလာလမ်း၊ အမှတ်(၂၇/က+ခ)၊ နှစ်ခန်းတွဲ RC(၆)ထပ်တိုက်မှ စတုတ္ထထပ် (၅–လွှာ)၊ အခန်းအမှတ် (5–B) (တိုက်မျက်နှာမူညာဘက်အခန်း)၊ ဧရိယာ(၁၀၂၆) စတုရန်းပေရှိ တိုက်ခန်းနှင့်တကွ ရေမီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်ပြီး တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးတင်ထွဋ် [၁၂/သကတ(နိုင်)၁၃၈၃၃၅] ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးကျော်ဝင်းထွန်း [၁၂/သကတ(နိုင်) ၁၇၅၃၃၅]၊ ဒေါ်ကျော့ကေခိုင် [၁၄/မမန(နိုင်)၂၀၁၅၇၅]တို့မှ အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှ (၇) ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဦးကျော်ဝင်းထွန်းနှင့် ဒေါ်ကျော့ကေခိုင်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဝင်းမင်းစိုး LL.B,WIPO(Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၂၆၆၄)**
**Ph:09–450023651,09–793568375**
**Level (၅၊ ၆၊ ၇၊ ၈) တာဝါ(၂)၊ HAGL Myanmar Center Tower၊ အမှတ်(၁၉၂)၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၁၀/တောင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀)၊ နွယ်နီ(၂)လမ်း၊ အိမ်အမှတ်(၁၃၀၃/ခ)၊ ဧရိယာ(၀.၀၂၇)ဧက စတုရန်းပေ(၁၂၀၀)၊ (အလျားxအနံ) (၂၀ပေx၆၀ပေ)အကျယ်အဝန်း၏ တစ်စိတ်တစ်ဒေသ ဖြစ်သော ခေါင်းရင်းဘက်ခြမ်းရှိ (အလျားxအနံ) (၁၀ပေx၆၀ပေ) အကျယ်အဝန်း၊ နှစ်(၆၀) မြေငှားဂရန် အမျိုးအစားဟု ခေါ်တွင်သော ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၁၀/တောင်ရပ်ကွက်၊ နွယ်နီ(၂)လမ်း၊ အိမ်အမှတ်(၁၃၀၃/ခ)၏ မြေကွက်နှင့် နေအိမ်အဆောက်အဦတို့၏အကျိုးခံစားခွင့်အရပ်ရပ်တို့အား တရားဝင်အမည်ပေါက်ထားသူ ဒေါ်အုန်းရှင်မှ ရောင်းချပြီး အဆက်ဆက် စာချုပ်ဖြင့် ယခုအချိန်ထိ ပိုင်ဆိုင်ထားသူ ဦးတင်ငွေ [၁၂/မရက(နိုင်)၀၈၉၂၃၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော ၁။ ဒေါ်ခင်ခင်ဌေး[၁၁/မပန(နိုင်)၀၀၁၄၃၆] ၂။ ဦးကျော်အေးသန့် [၁၁/မပန(နိုင်)၀၀၀၀၄၂]တို့သည် (၁–၇–၂၀၂၀)ရက်နေ့တွင် စရန်ငွေတစ်စိတ်တစ်ဒေသကို အသိသက်သေများရှေ့တွင် ပေးချေပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါ မြေကွက်နှင့်နေအိမ်အဆောက်အဦတို့နှင့် ပတ်သက်၍ ကန့်ကွက်သူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများ ယူဆောင်၍ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူများမရှိပါက အထက်ဖော်ပြပါ မြေကွက်နှင့် အဆောက်အဦ အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးသတ် ဝယ်ယူပြီး ၎င်းမြေကွက်အား လက်ရောက် လက်ခံဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးကျော်ကျော်လှိုင် (LL.B,D.B.L,W.I.P.O(Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၆၃၆၀)**
**အမှတ်(၆၈၆)၊ အနော်မာ(၁၆)လမ်းအရှေ့၊**
**၁/အနော်မာရပ်ကွက်၊ သာကေတမြို့နယ်။**
**ဖုန်း–၀၉–၄၂၀၁၆၂၄၈၁**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ အောင်သာယာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်–၃၂/ပေါင်းလောင်း–၂၊ မြေကွက်အမှတ်(၇၆)၊ ဧရိယာ(၀.၀၅၅)ဧကရှိ ဦးကြည်သိန်း အမည်ပေါက် ပေ(၄၀x၆၀)မြေကွက်အား ဦးရွှေမြင့် [၁၁/တကန(နိုင်)၀၁၇၇၀၅]မှ မြေပေးမိန့်၊ အရောင်းအဝယ်စာချုပ်၊ ရောင်းသူ/ဝယ်သူ ကျမ်းကျိန်လွှာ၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ပတ်ဝန်းကျင်သက်သေထွက်ဆိုချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ်သစ်လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာရွက်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာ တင်ပြ၍ ယနေ့မှစ၍ (၁၅)ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှု မရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ဖခင်အမည်မှန်

လှည်းကူးမြို့၊ ကျွန်းကလေး (အထက)ကျောင်း၊ ဒသမတန်း (A)မှ မောင်ထွန်းဝေယံ၏ ဖခင်အမည်မှန် မှာ ဦးထွန်းလွင် [၁၂/လကန(နိုင်)၂၁၉၉၁၅] ဖြစ်ပါသည်။

**ဦးထွန်းလွင်**

## ရောင်းမည်

ပေ (၆၀x၆၀)၊ ရွှေစေတီ (၃) လမ်း၊ ကုန်းတလဘောင်၊ မင်္ဂလာဒုံ ဈေးနှုန်း(၅၀၀) သိန်း။

**Ph:09–448016216**

## နန်းထိုက်အောင်

အိမ်ပြောင်း / အိမ်ရွှေ့ဝန်ဆောင်မှုလုပ်ငန်း

လူကြီးမင်းတို့၏ အိမ်ခန်း၊ ရုံးခန်း၊ ဆိုင်ခန်းများ ပြောင်းရွှေ့ခြင်းအတွက် အလုပ်သမားနှင့် ကားစီစဉ်ပေးသည်။

09 3128 2593
09 3128 2594
09 3128 2595

## နှစ်ဦးသဘောတူလက်ထပ်ပြီးစီးခြင်း

အဖ ဦးသာညွန့်၏သား ကျွန်တော် မောင်အောင်သန်းဦး [၁၄/ကခန(နိုင်)၀၇၉၄၅၉] (ပြည်ထဲရေး)နှင့် အဖ ဦးအုန်းကြိုင်၏သမီး ကျွန်မ မယုယုခိုင် [၈/မထန(နိုင်)၀၀၄၆၉၁] (အထက–၁၊ သင်္ချာကျွန်း) တို့သည် ၁၅–၇–၂၀၂၀ (ဗုဒ္ဓဟူးနေ့)တွင် ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတွင် နှစ်ဦးသဘောတူ လက်ထပ်ပြီးစီးပါကြောင်း။

**မောင်အောင်သန်းဦး–မယုယုခိုင်**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်ဈေးပိုင်းရပ်ကွက်၊ စကားဝါလမ်း၊ အမှတ်(၃)ဟု ခေါ်တွင်သော ဥပစာတည်ရှိရာ မြေကွက်အား ဦးနေဝင်း [၁၂/မဂတ(နိုင်)၀၄၈၀၅၄] က လက်ဝယ်ထား ပိုင်ဆိုင်အကျိုးခံစားလျက်ရှိပြီး လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူထံမှ ကျွန်ုပ်၏မိတ်ဆွေ ဖြစ်သူ ဒေါ်ဌေးဌေးမြင့် [၂/လကန(နိုင်)၀၆၀၆၅၈]၊ ဦးကြည်ဦး[၂/လကန(နိုင်)၀၆၀၆၀၆] တို့မှ အလျား ၄၂ ပေxအနံ ၅၀ပေရှိ မြေအား အပြီးအပိုင် ဝယ်ယူရန်အတွက် (၁၂–၇–၂၀၂၀)ရက်နေ့တွင် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါ အရောင်းအဝယ်ကိစ္စအား ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာချုပ်စာတမ်း မူရင်းအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ယင်းနေ့ရက် ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

| | |
|---|---|
| **ဦးမန်ရှင်းဆန် (LL.B,D.B.L,D.I.L)** | **ဒေါ်နှင်းဝေအောင် (LL.B,D.B.L,D.M.L)** |
| **အထက်တန်းရှေ့နေ (စဉ်–၃၇၇၇၃)** | **DL 101,WIPO (Switzerland), D.A.Psy** |
| | **တရားလွှတ်တော်ရှေ့နေ (စဉ်–၁၀၉၃၈)** |

**အမှတ်–၈၃၊ အခန်း–၁၄(အေ)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း–၀၉–၇၉၉၄၅၂၄၃၅၊ ၀၉–၄၃၀၃၁၃၀၉**

## ရောင်းချရန်ကြော်ငြာစာ
## (တရားမကျင့်ထုံးဥပဒေအမိန့်–၂၁၊ နည်းဥပဒေ–၆၆)
## ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး၌
## ၂၀၁၈–ခုနှစ်၊ တရားမဇာရီမှုအမှတ် – ၁၀၇

| | |
|---|---|
| မြန်မာနိုင်ငံသားများဘဏ်လီမိတက် နှင့် | Parami Trading Co., Ltd |
| (ဘဏ်၏ကိုယ်စား ဘဏ်ခွဲတာဝန်ခံ | (၎င်း၏အခွင့်ရကိုယ်စားလှယ် |
| ဦးထွန်းထွန်းဝင်း) | ဦးပြည်စိုး) |
| **(တရားနိုင်)** | **(တရားရှုံး)** |

ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ်–၄၂၂/၂၀၁၇ အမှုတွင် ၇–၅–၂၀၁၈ ရက်ချမှတ်ခဲ့သော အနိုင်ဒီကရီကို အတည်ပြုဆောင်ရွက်ရန်အတွက် အောက်တွင်ဖော်ပြထားသောပစ္စည်းကို ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၁၈ ရက်၊ နံနက် ၁၀ နာရီတွင် ၎င်းပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။ ကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင်လွှဲအပ်သည့် ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်။

**လေလံတင်ရောင်းချမည့်စည်းကမ်းချက်များ**

၁။ ပစ္စည်းစာရင်းတွင်ဖော်ပြထားသော အချက်အလက်များမှ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရ သိရှိရသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်း၊ တစ်ခုခုပေါ်ပေါက်ပါက တရားရုံးက တာဝန်ယူမည်မဟုတ်ပါ။ တရားရှုံး၏ အကျိုးသက်ဆိုင်သမျှကိုသာ ရောင်းချ လိမ့်မည့်အကြောင်း လေလံဆွဲဝယ်မည့်သူတို့အား အထူးသတိပြုရန်နှိုးဆော်လိုက်သည်။

၂။ လေလံတင်ရောင်းချသည့်နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

၃။ ဈေးနှုန်းအမြင့်ဆုံးပေးဝယ်ယူသူအား လေလံဆွဲဝယ်ယူသူအဖြစ်သတ်မှတ်မည်။ သို့သော် အမြင့်ဆုံးပေးသည့် ဈေးနှုန်းမှာရောင်းချသည့်ပစ္စည်းအတွက် လက်ခံရန်မသင့်ကြောင်း ရောင်းချသူအရာရှိကထင်မြင်လျှင် လက်မခံဘဲငြင်းပယ်ပိုင်ခွင့်ရှိသည်။

၄။ လေလံတင်ရောင်းချပြီး မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းအတွက် လေလံဆွဲဝယ်ယူသူက ငွေကျပ် ၁၀၀လျှင် ၂၅ကျပ်ကို လေလံဆွဲဝယ်ပြီးသည်နှင့် တစ်ပြိုင်နက် နေ့ချင်းပေးသွင်းရမည်။ ထိုသို့ပေးသွင်းခြင်းမပြုလျှင် တစ်ဖန်ပြန်၍ လေလံတင်ရောင်းချလိမ့်မည်။

၅။ လေလံဆွဲဝယ်ယူသူများသည် ရောင်းချသည့်အရာရှိက သတ်မှတ်ထားသည့် စပေါ်ငွေကို တင်သွင်းမှသာ လေလံဆွဲဝယ်ယူခွင့်ရှိရမည်။

၆။ လေလံဆွဲဝယ်ယူရရှိသူသည် ၂၅ရာခိုင်နှုန်းနေ့ချင်းပေးသွင်းပြီးနောက် ကျန်ငွေများကို လေလံတင်ရောင်းချသည့်နေ့ရက်ကိုပယ်၍ (၁၅)ရက်မြောက်နေ့ ရုံးဆင်းချိန်မတိုင်မီပေးဆောင်ရမည်။ (၁၅)ရက်မြောက်နေ့သည် ရုံးပိတ်ရက်ဖြစ်လျှင် ပထမရုံးဖွင့်လှစ်သည့်နေ့တွင် အပြေအကျေပေးသွင်းရမည်။

၇။ လေလံကျန်ငွေများကို အထက်ပါနေ့ရက်များကို ပေးဆောင်ရန် ပျက်ကွက်ပါက ပစ္စည်းကိုတစ်ဖန်လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းထားသည့်လေလံငွေများကို ဘဏ္ဍာအဖြစ်သိမ်းဆည်းခြင်းခံရမည်။

၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၉ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ လေလံတင် ရောင်းချရန် ကြော်ငြာစာထုတ်ပေးလိုက်သည်။

**(အေးအေးမော်)**
**တွဲဖက်ခရိုင်တရားသူကြီး(၂)**
**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး**

**လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း**

(က) ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်း(၈)ရပ်ကွက်၊ မြေကွက်အမှတ်(၃၁)၊ (၅)လမ်း၊ တောင်ဥက္ကလာပစက်မှုဇုန်၊ ဧရိယာ(၀.၃၄၄)ဧကအကျယ် ဦးသိန်းတန် အမည်ပေါက် နှစ်(၆၀)ဂရန်မြေနှင့် ယင်းမြေပေါ်ရှိ အဆောက်အဦ(ဂိုဒေါင် ၃လုံး)အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်။

**လေလံကြမ်းခင်းဈေး ကျပ်သိန်း ၁၀၀၀၀(ကျပ်သိန်းတစ်သောင်း)**

(ခ) ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ (၁)ရပ်ကွက်၊ ဇေယျာသီရိလမ်းသွယ်၊ အမှတ်(၁၁/ခ)၊ မြေကွက်အမှတ်(၇/အီး)၊ မြေတိုင်းရပ်ကွက်(၇၉)၊ ဧရိယာ(၀.၀၄၄)ဧကအကျယ်ရှိ ဦးခင်မောင်သိန်း အမည်ပေါက် မြေပိုင်မြေနှင့် ယင်းမြေပေါ်ရှိ အုတ်ညှပ်တစ်ထပ်ခွဲ နံကပ်အုတ်ညှပ်တိုက် (၁)လုံး အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်။

**လေလံကြမ်းခင်းဈေး ကျပ်သိန်း ၃၀၀၀(ကျပ်သိန်းသုံးထောင်)**

## အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၈၇၊ မြေကွက်အမှတ်- ၈၁၃(က)၊ ပေ(၂၀)×ပေ(၆၀) **ပါမစ်အမည်ပေါက် ဦးတင်မြင့်**နှင့် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၈၇၊ မြေကွက်အမှတ်- ၈၁၃(ခ)၊ ပေ(၂၀)×ပေ(၆၀) **ပါမစ်အမည်ပေါက်ဦးသန်းလွင်**တို့ထံမှ ဦးအောင်ကြီးက နှစ်ဦးသဘောတူ အိမ်ခြံမြေအရောင်းအဝယ်ကတိစာချုပ်ဖြင့် လက်ရောက်ဝယ်ယူ၍ ဦးအောင်ကြီးတစ်ဦးတည်း စီမံခန့်ခွဲလွှဲပြောင်းရောင်းချပိုင်ခွင့် ရှိပါသည်။ အရှုပ်အရှင်း၊ အပေါင်အနှံ၊ အာမခံထားခြင်း၊ တစ်နည်းနည်းဖြင့်လွှဲပြောင်းထားခြင်းများ၊ တရားရုံးများတွင်ဖြေရှင်းဆောင်ရွက်ခြင်းများမရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးအောင်ကြီး၏လွှဲအပ်ညွှန်ကြားချက်အရ -

**ဒေါ်စန်းရီ (LL.B)**
တရားလွှတ်တော်ရှေ့နေ(စဉ်-၄၁၅၇)
အမှတ်-၉/၁၁၊ ၂၀၂/အေ၊ ၃၆-လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

## အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ လော်ကားလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်-၁၄၇၊ မြေကွက်အမှတ်-၅၆၁၊ ဧရိယာ ပေ(၄၀)×ပေ(၆၀) **ပါမစ်အမည်ပေါက် ဦးလုစော** ထံမှ ဦးကျော်စွာမြင့်က "နှစ်ဦးသဘောတူမြေကွက်အရောင်းအဝယ်ကတိစာချုပ်"ဖြင့် လက်ရောက်ဝယ်ယူပြီး၊ ဦးအောင်ကြီးသို့ "နှစ်ဦးသဘောတူမြေကွက်အရောင်းအဝယ်ကတိစာချုပ်"ဖြင့် လက်ရောက်လွှဲပြောင်းရောင်းချ၍ပေးအပ်ပါသည်။ ဦးအောင်ကြီးတစ်ဦးတည်း မြေကွက်ကို စီမံခန့်ခွဲလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိပါသည်။ အရှုပ်အရှင်း၊ အပေါင်အနှံ၊ အာမခံထားခြင်း၊ တစ်နည်းနည်းဖြင့်လွှဲပြောင်းထားခြင်းများ၊ တရားရုံးများတွင် ဖြေရှင်းဆောင်ရွက်ခြင်းများ မရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးအောင်ကြီး၏လွှဲအပ်ညွှန်ကြားချက်အရ -

**ဒေါ်စန်းရီ (LL.B)**
တရားလွှတ်တော်ရှေ့နေ(စဉ်-၄၁၅၇)
အမှတ်-၉/၁၁၊ ၂၀၂/အေ၊ ၃၆-လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ပုဗ္ဗသီရိမြို့၊ ဇဝနဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်–၇/မြို့မအနောက်ရပ်၊ မြေဧရိယာ(၀.၀၅၅)ဧကရှိ မြေကွက်အမှတ်(ပ–၃၀၂၃၂)၊ ဒေါ်ဆွေနှင်းယု [၁၂/လမန(နိုင်)၀၂၀၇၅၃] (ဘ)ဦးဌေးလွင် အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်ကို ဒေါ်စန်းစန်းနိုင် [၁၂/မဂဒ(နိုင်)၀၆၃၀၂၄] (ဘ)ဦးတင်ငွေ မှ နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၆၃၃/၂၈–၅–၂၀၁၈)တင်ပြ၍ ဦးထွန်းအေး [၁၂/မဂဒ(နိုင်)၀၆၃၀၂၃]နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာစာပါသည့် နေ့မှစ၍(၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြော်ငြာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ပုဗ္ဗသီရိမြို့၊ ဝဏ္ဏဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၉/ပုဗ္ဗသီရိအနောက်ရပ်၊ မြေဧရိယာ(၀.၀၅၅)ဧကရှိ မြေကွက်အမှတ် (ပ–၃၂၂၅၈)၊ ဒေါ်အေးအေးအောင် [၈/မလန(နိုင်)၀၅၃၁၇၇] (ဘ) ဦးမြင့်သိန်းထွန်း အမည်ပေါက် နှစ် (၃၀) မြေငှားစာချုပ်မြေကွက်ကို ဦးမောင်အေး [၉/စကန(နိုင်)၀၂၈၁၀၆](ဘ) ဦးဘလင်း မှနေပြည်တော် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၄၂၁/၂၀၂၀ တင်ပြ၍ ဒေါ်အေးခိုင်စန်း [၉/မတရ(နိုင်)၁၁၁၆၂၇]နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာစာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြော်ငြာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၄၃၊ မြေကွက်အမှတ်–၅၇၇၊ သခင်ဖိုးလှကြီးလမ်း၊ ဧရိယာ(အလျားပေ ၄၀x အနံပေ ၆၀) (၀.၀၅၅)ဧက အကျယ်ရှိ ဒေါ်အဖွင်းမ [၁၃/တကန(နိုင်)၀၁၂၂၂၉] အမည်ပေါက် နှစ်(၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ဝယ်ယူ၍ လက်ရှိပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဒေါ်မိုးမိုးထွန်း [၁၃/တကဥ(နိုင်)၀၀၃၂၇၄] ထံမှ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ပိုင်ဆိုင်မှု အထောက်အထား(မူရင်းများ)ဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ခင်သီတာထွန်း**
**LL.B,WIPO(Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၂၂၀၇)**
**အမှတ်–၁၀၅၊ မြေညီ (၃၉)လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

## သစ်တောမှန်လျှင် အသုံးဝင်၊ အစဉ်ထာဝရ ထိန်းသိမ်းကြ

# အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ပဒုမ္မာလမ်း၊ အမှတ်(၃၃)၊ တတိယထပ်(ဝဲ)တွင်တည်ရှိနေသော **မြန်မာဒေါင်းဆင်ဒရုန်းအသင်း**(Myanmar Down Syndrome Association) သည် ၂၀၁၅ ခုနှစ်တွင် ပဏာမစတင်ဖွဲ့စည်းခဲ့ပါသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုမှတ်ပုံတင်ရေးအဖွဲ့မှ မြန်မာဒေါင်းဆင်ဒရုန်းအသင်းအား မှတ်ပုံတင်အမှတ်(၁/ပြည်တွင်း/၀၁၆၁)ဖြင့် ပြည်တွင်းအသင်းအဖွဲ့ မှတ်ပုံတင်လက်မှတ်ထုတ်ပေးခဲ့ပါသည်။ ရန်ကုန်မြို့၊ စာချုပ်စာတမ်းများမှတ်ပုံတင်ရုံး၌ အသင်းအမှတ်တံဆိပ် အမည်အမှတ်အသားကို အသင်း၏မူပိုင်အဖြစ်ပြုလုပ်သုံးစွဲရန်အတွက် မှတ်ပုံတင်သွင်းကြေညာခဲ့ရာ (၇-၅-၂၀၁၉)ရက်တွင် စာချုပ်အမှတ်(၁၉၇၀၇/၂၀၁၉)ဖြင့် မှတ်ပုံတင်ခွင့်ရရှိခဲ့ပြီးဖြစ်ပါသည်။

မြန်မာဒေါင်းဆင်ဒရုန်းအသင်း(Myanmar Down Syndrome Association)သည် အသင်း၏ ဖွံ့ဖြိုးတိုးတက်မှုများအတွက် မြန်မာနိုင်ငံ မသန်စွမ်းသူများအသင်းချုပ်၊ အခြားသော ဉာဏ်ရည်မသန်စွမ်းအသင်းအဖွဲ့များ၊ အထူးပညာရေးကျောင်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများအပြင် အခြားသောပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့်လည်း ချိတ်ဆက်ဆောင်ရွက်မှုများပြုလုပ်နေပါသည်။ Down Syndrome International နှင့် Asia Pacific Down Syndrome Federation တို့၏ အဖွဲ့ဝင်လည်းဖြစ်ပါသည်။

အသင်း၏ လှုပ်ရှားမှုပုံရိပ်များ၊ အသင်းသားများ၏စွမ်းဆောင်ရည်များအား အများပြည်သူများအချိန်နှင့်တစ်ပြေးညီ သိရှိလေ့လာနိုင်စေရန်အတွက် လူမှုကွန်ရက်ဆိုရှယ်မီဒီယာ(Facebook Page) Down Syndrome Myanmar Association ဟူသော အမည်ဖြင့် တစ်ခုတည်းသာ ထားရှိပြီးအခြားမည်သည့်အမည်နှင့်မျှ လူမှုကွန်ရက်ဆိုရှယ်မီဒီယာ (Facebook Page)ထောင်ထားခြင်းမရှိပါ။

သို့ဖြစ်ပါ၍ အီလက်ထရောနစ်ဆက်သွယ်ရေး နည်းပညာတစ်ခုခုကို အသုံးပြု၍လည်းကောင်း၊ အခြားခေတ်မီပေါ်ပေါက်လာသည့် နည်းပညာတစ်ခုခုကို အသုံးပြု၍လည်းကောင်း၊ အထက်ဖော်ပြပါ မြန်မာဒေါင်းဆင်ဒရုန်းအသင်း(Myanmar Down Syndrome Association)၏ အသင်းအမှတ်တံဆိပ်အမည်အမှတ်အသားဖြင့် အလှူငွေကောက်ခံခြင်း၊ အသင်း၏အမည်ကို ဆင်တူယိုးမှားထင်ယောင်ထင်မှားပြုလုပ်၍ ပြည်တွင်းပြည်ပအဖွဲ့အစည်းများဖြင့် ချိတ်ဆက်ဆောင်ရွက်ခြင်း၊ အသင်း၏ပုံရိပ်ကိုအသုံးပြု၍ ထင်ယောင်ထင်မှားဖြစ်စေမည့် သတင်းအချက်အလက်များ ဖြန့်ဖြူးဖော်ပြခြင်း၊ အသင်းအား ပြည်တွင်းပြည်ပမှ အလှူငွေများနှင့် အလှူပစ္စည်းများပေးအပ်လှူဒါန်းခြင်းအပေါ် အသင်း၏ပုံရိပ်ဟန်ဆောင်၍ မြန်မာဒေါင်းဆင်ဒရုန်းအသင်း(Myanmar Down Syndrome Association)ဟု ထင်မြင်စေရန်အကြံဖြင့် ပြုလုပ်ဆောင်ရွက်ခြင်းများကို မပြုလုပ်ကြရန်နှင့် အကယ်၍ လိုက်နာခဲ့ခြင်းမရှိပါက အသင်း၏အကျိုးစီးပွား၊ ဂုဏ်သိက္ခာထိခိုက်နစ်နာမှုအတွက် တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိရှိစေရန် အသိပေး ကြေညာအပ်ပါသည်။

**မြန်မာဒေါင်းဆင်ဒရုန်းအသင်းအမှုဆောင်အဖွဲ့**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ ဝရဇာ(၄)လမ်း၊ အမှတ်(၅၉၁)၊ (၂)ခန်းတွဲ RC(၆)ထပ်တိုက်၏ မြေညီထပ်(ထပ်ခိုးပါ) တိုက်ကိုမျက်နှာမူလျှင်လက်ဝဲဘက်ခန်း၊ ဧရိယာ-မြေညီထပ်ဧရိယာ(၁၀၂၆)စတုရန်းပေ+ ထပ်ခိုးဧရိယာ(၄၇၅) စတုရန်းပေရှိ တိုက်ခန်းနှင့်တကွ ရေမီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချ ပိုင်ခွင့်ရှိသည်ဟု ဝန်ခံသူဖြစ်သော ဒေါ်အေးအေးမူ [၁၃/တခလ(နိုင်)၀၀၁၅၆၂]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဒေါ်သီရိထက်ထက် [၆/တသရ(နိုင်)၀၇၆၂၇၅]က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ဤကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်သီရိထက်ထက်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သူဇာကျော် LL.B,D.B.L,D.I.P.L,WIPO(Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၅၂၆)**
**Ph-09-765602290,09-254508917**
**Level(5,6,7,8),တာဝါ(၂),HAGL Myanmar Center Towen အမှတ်(၁၉၂)၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ မင်းခေါင်လမ်း၊ အမှတ်(၄၂၄)၊ (၂)ခန်းတွဲ RC(8)ထပ်တိုက်၏ ပထမထပ် တိုက်ကိုမျက်နှာမူလျှင်လက်ဝဲ(ဘယ်ဘက်)အခန်း၊ ဧရိယာ(၁၀၂၆)စတုရန်းပေရှိ Mini Condo တိုက်ခန်းနှင့်တကွ ရေမီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံသူဖြစ်သော ဦးရန်နိုင် [၁၂/စခန(နိုင်)၀၀၆၃၈၆]ထံမှ ကျွန်ုပ်၏ မိတ်ဆွေများဖြစ်သော ဦးအောင်ပြည့်ဖြိုးဦး[၁၂/မဂတ(နိုင်)၀၈၁၂၆၉]၊ ဒေါ်ခင်ဖုန်းမိုမို [၁၂/မရက(နိုင်)၁၃၆၇၅၈]တို့က အပြီးအပိုင် ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ဤကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးအောင်ပြည့်ဖြိုးဦး၊ ဒေါ်ခင်ဖုန်းမိုမို တို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သူဇာကျော်**
**L.L.B,D.B.L,D.I.P.L,WIPO(Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၅၂၆)**
**Ph-09-765602290,09-254508917**
**Level(5,6,7,8),တာဝါ(၂),HAGL Myanmar Center Towen အမှတ်(၁၉၂)၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။**

## အများသိစေရန် ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဆ)ရပ်ကွက်၊ ခေမာသီ(၃)လမ်း၊ အမှတ်(၉၄)၊ (၂)ခန်းတွဲ RC(၆)ထပ် အဆောက်အဦ၏ (ဒုတိယထပ်)၊ (၃-လွှာ)၊ တိုက်ကိုမျက်နှာမူလျှင်(ဘယ်ဘက်အခန်း)၊ ဧရိယာ(၁၀၂၆)စတုရန်းပေရှိ တိုက်ခန်းနှင့် ၎င်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူဖြစ်သော ဦးနန္ဒထွန်း [၁၃/တခလ(နိုင်)၀၆၂၉၉၀]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဦးဖွဲကောင်းစံ[၁၂/ဥကမ(နိုင်)၂၀၃၈၉၂]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးဖွဲကောင်းစံ ၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝေဖြိုးအောင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၄၅၅)**
**Ph-09-421157856,09-798458627**
**Level(5,6,7,8),Tower(2),HAGL Myanmar Center Towen အမှတ်(၁၉၂)၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။**

## စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

မြောက်ဥက္ကလာပမြို့နယ်နေ ဦးစောရွှေမောင်- ဒေါ်ဝင်းညိုတို့၏သား

**ကိုစောနိုင်ဝင်း**

B.A (History)

Sale Manager (Steadfast Trading Co., Ltd)

**နှင့်**

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ရွှေဘုန်းပွင့်ဘုရားလမ်းနေ ဦးဘသိန်း(ဆောက်လုပ်ရေး-လျှပ်စစ်-ဦးစီး)(ငြိမ်း)- ဒေါ်ကျင်ဦး(ထ-၄၊ မင်္ဂလာတောင်ညွန့်)(ငြိမ်း) တို့၏တစ်ဦးတည်းသောသမီး

**မသင်းသင်းနိုင်**

B.B.A (Economic) L.C.C.I(UK), A.C.C.A (Part 1)

Senior Accountant (Myanmar Kowa International Co.,Ltd.)

တို့သည် ၁၂-၇-၂၀၂၀ ရက်တွင် နှစ်ဖက်မိဘများနှင့် ဂုဏ်သရေရှိလူကြီးများရှေ့တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပြီးဖြစ်ပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့် ကိုစောနိုင်ဝင်း- မသင်းသင်းနိုင်**

**သာလွန်ကျော်**
အိမ်၊ခြံ၊မြေရောင်းဝယ်ရေး
ဒဂုံမြို့သစ် အရှေ့ပိုင်း၊ မြောက်ပိုင်း၊ တောင်ပိုင်း၊ ဆိပ်ကမ်းလေးမြို့နယ်ရှိ မြေကွက်များ ဝယ်လိုသည်။
09-420780797
09-447755486

## ဖောင်းကြွပျောက်ဆုံးခြင်း

### လျှောက်ထားခြင်း

ယာဉ်အမှတ် 6E/7034၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယာဉ်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကုန်လမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန**
**ချင်းပြည်နယ်ရုံး(ဟားခါး)**

## ဖခင်အမည်မှန်

မိုးညိုမြို့နယ်၊ ညောင်လေးပင် အထက မဝေစန္ဒာထွန်း၏ ဖခင်အမည်မှန်မှာ ဦးအောင်မျိုးဝင်း [၇/မညန(နိုင်)၀၆၆၅၇၆] ဖြစ်ပါကြောင်း။ **ဦးအောင်မျိုးဝင်း**

## ဖခင်အမည်မှန်

နတ်တလင်းမြို့နယ်၊ ကျောက်ခွက် အထက(ခွဲ) ဒသမတန်းမှ မောင်ပြည့်စုံဖြိုးသူ၏ ဖခင်အမည်မှန်မှာ ဦးပြေ [၈/မထန(နိုင်)၀၆၅၉၆၂] ဖြစ်ပါကြောင်း။ **ဦးပြေ**

**ဒဂုံမြို့သစ်**
အရှေ့ပိုင်း၊ မြောက်ပိုင်း၊ တောင်ပိုင်း၊ ဆိပ်ကမ်း မြေကွက်များအထူး ဈေးကောင်းပေးဝယ်သည်။
09-5089354
09-5180139

**ဖိုး SEVEN စံ**
မြေကွက်များရောင်း/ဝယ်ရေး
ဒဂုံဆိပ်ကမ်း၊အရှေ့ပိုင်း၊ တောင်ပိုင်း၊ မြောက်ပိုင်း၊
(ရွှေပေါက်ကံမြို့သစ်)
အိမ်အရောက် ငွေပေးချေသည်။
"ပွဲခလုံးဝမယူပါ"။
09 - 33 333 511
09 - 33 333 514

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ (ကြီးပွားရေး)ရပ်ကွက်၊ သမိန်ဗရမ်း(၁)လမ်း၊ အမှတ်(၂၅၃/ခ)၊ RC (၅)ထပ်တိုက်အဆောက်အအုံ၏ (ဒုတိယထပ်)၊ (၃)လွှာ၊ ဧရိယာ(၉၅၄)စတုရန်းပေရှိ တိုက်ခန်းနှင့် ၎င်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူဖြစ်သော ဦးဝင်းရှိန် [၆/ပလန(နိုင်)၀၁၂၇၀၁] ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သော ဦးတင်ကိုကိုဝင်း[၁၂/ဥကတ(နိုင်)၁၆၄၂၃၂]၊ ဒေါ်လှဲ့ကေခိုင်[၁၂/ရကန(နိုင်)၀၇၃၉၀၃]တို့က အပြီးအပြတ်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်၍ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါရှိသည့် ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသော အထောက်အထားမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးတင်ကိုကိုဝင်း၊ ဒေါ်လှဲ့ကေခိုင် ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခိုင်နန္ဒာ**
**အထက်တန်းရှေ့နေ (စဉ်-၄၇၆၂၂)**
**Level (၅၊ ၆၊ ၇၊ ၈)၊ တာဝါ(၂)၊ HAGL Myanmar Center Tower,**
**အမှတ်(၁၉၂)၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။**

သွေးတိုးကျ သွေးတိုးကျ
**သန္တိသုခ**
ကြော်ငြာခွင့်ပြုချက်အမှတ်
တဆဝက (စာနယ်ဇင်း)
014/0819


တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်
TMR 012355 (0919)
သွေးတိုးကျ
အမြို့မြို့ဆိုင်တိုင်းတွင် ရနိုင်ပါသည်။
လပြည့်သစ္စာ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၄၄၈၀၃၄၄၇၇၊ ၀၉ ၂၆၁၉၉၃၆၅၃၊ ၀၉ ၄၂၂၄၄၃၈၄၅

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

